# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)


၁၃၈၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက် | ၂၀၂၂ ခုနှစ်၊ စက်တင်ဘာ ၁၁ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၁)၊ အမှတ် (၃၄၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Republic of Buryatia အစိုးရအဖွဲ့အကြီးအကဲနှင့် တွေ့ဆုံဆွေးနွေး

## ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Republic of Buryatia ပြည်နယ်အစိုးရအဖွဲ့အကြီးအကဲ Aleksey Sambuyevich Tsydenov နှင့် တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် စက်တင်ဘာ ၉ ရက် ညနေပိုင်းတွင် Republic of Buryatia ပြည်နယ်အစိုးရအဖွဲ့ အကြီးအကဲ Aleksey Sambuyevich Tsydenov နှင့် ခေတ္တတည်းခိုလျက်ရှိသည့် Ulan-Ude မြို့ Mergen Bator ဟိုတယ် Tengeri ညီလာခံခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❑




မြန်မာ့အလင်း

# ရှေးဦးပြုစုအတတ်ပညာ ဘဝတစ်သက်တာသင်ယူပါ

ဘေးအန္တရာယ်တစ်ခုခုကျရောက်မှုကြောင့် ထိခိုက်မှုဖြစ်ပေါ်လာသည့်အခါ အချိန်နှင့်တစ်ပြေးညီ ပြုစုစောင့်ရှောက်မှုပေးခြင်းဖြင့် အသက်မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးရမှုများကို လျော့နည်းစေသည်။ အရေးပေါ်အခြေအနေတစ်ရပ်တွင် လူနာကိုရှေးဦးသူနာပြုစုနည်းဖြင့် လူနာကို ရှင်သန်စေနိုင်သည့်အခွင့်အလမ်း များစေသည်။ ရှေးဦးသူနာပြုစုခြင်းသည် အရေးပေါ်ထိခိုက်ဒဏ်ရာရမှု ဖြစ်ပေါ်ခြင်းနှင့် အရေးပေါ်ကျန်းမာရေးဆိုင်ရာ ပြဿနာတစ်ခုခုတို့ ကြုံတွေ့ရသည့်အခါတွင် ဆေးကုသမှု မခံယူရသေးမီအချိန်အတွင်း ပိုမိုဆိုးရွားသည့် အခြေအနေသို့ ရောက်ရှိမသွားစေရေးနှင့် အမြန်ဆုံးပြန်လည်ကောင်းမွန်လာစေရေးအတွက် ရှေးဦးစွာပြုစုမှုပေးခြင်းဖြစ်သည်။

မိမိတို့နိုင်ငံသည် သဘာဝဘေးအန္တရာယ်ကျရောက်နိုင်သည့် အလားအလာမြင့်မားသော နိုင်ငံများထဲတွင်ပါဝင်ပြီး ရေကြီးရေလျှံခြင်း၊ တောင်ပြို မြေပြိုခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ မီးလောင်ခြင်း စသည့်သဘာဝဘေးအန္တရာယ်များ၊ ယာဉ်မတော်တဆဖြစ်ခြင်း၊ ဓာတ်လိုက်ခြင်း၊ အဆိပ်ရှိသတ္တဝါများကိုက်ခြင်း စသည့်မတော်တဆအန္တရာယ်များ ကြုံတွေ့ရလေ့ရှိသည့်အလျောက် ရှေးဦးပြုစုခြင်းအတတ်ပညာကို ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် နားလည်တတ်ကျွမ်းထားကြခြင်းအားဖြင့် အန္တရာယ်နှင့် ကြုံတွေ့လာရသည့်အခါတွင် ရှေးဦးပြုစုခြင်း အတတ်ပညာဖြင့် ဘေးဒုက္ခကျရောက်မှု လျော့ပါးသက်သာစေရန် ဆောင်ရွက်ပေးနိုင်ကြမည်ဖြစ်သည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် “တစ်အိမ်တစ်ယောက် ရှေးဦးပြုစုသူရှိစေရန်” ရည်မှန်းချက်ပန်းတိုင်ချမှတ်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ရှေးဦးပြုစုခြင်းနှင့် အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သင်တန်းများကို ပို့ချပေးလျက်ရှိသည်။ ရှေးဦးပြုစုခြင်းအတတ်ပညာကို ကြက်ခြေနီတပ်ဖွဲ့ဝင်များအတွက် သင်ကြားပို့ချပေးခြင်းမှသည် ပြည်သူလူထုသို့ပါ ဦးတည်၍ သင်တန်းများဖွင့်လှစ်ပို့ချပေးလျက်ရှိရာ တစ်အိမ်လျှင်တစ်ယောက် ရှေးဦးပြုစုအတတ်ပညာ တတ်မြောက်နိုင်ရေးအတွက် သင်ယူလေ့လာနိုင်ကြရန်လိုသည်။ လူတိုင်း ကျွမ်းကျင်တတ်မြောက်ထားအပ်သော အတတ်ပညာတစ်ခုအနေဖြင့်သင်ယူ၍ ကောင်းစွာလေ့ကျင့်ကာ ရပ်ရွာလူမှုအဖွဲ့အစည်းများ၊ စက်ရုံ အလုပ်ရုံများ၊ စာသင်ကျောင်းများ စသည်တို့တွင် အဖွဲ့အစည်းများအဖြစ် ကျယ်ကျယ်ပြန့်ပြန့် ဖွဲ့စည်းသွားနိုင်ရန်လည်း ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ရှေးဦးပြုစုခြင်း၊ မိုင်းအန္တရာယ်ကင်းရှင်းရေး၊ လူထုအခြေပြု ရှေးဦးပြုစုခြင်း၊ စိတ်ပိုင်းဆိုင်ရာ အားပေးကူညီခြင်းနှင့် ရေပြင်သက်ကယ်၊ အိမ်တွင်းမတော်တဆဖြစ်ပွားမှု ကာကွယ်ရေးနှင့် လမ်းအန္တရာယ် မတော်တဆဖြစ်ပွားမှုကာကွယ်ရေး စသည့် အန္တရာယ်ကင်းရှင်းရေးသင်တန်းများအပြင် ဝင်ငွေရ ရှေးဦးပြုစုခြင်းသင်တန်းများကိုလည်း ဖွင့်လှစ်ပေးလျက်ရှိကြောင်း သိရသည်။ နိုင်ငံတစ်ဝန်းတွင် သဘာဝဘေးအန္တရာယ်ဖြစ်ပွားချိန်၊ ပဋိပက္ခများ ဖြစ်ပွားချိန်များ၊ နေ့စဉ်ဘဝတွင် ကြုံတွေ့ရလေ့ရှိသည့် မတော်တဆအရေးပေါ်အခြေအနေများတွင် အကူအညီလိုအပ်နေသူများကို ထိရောက်သော အကူအညီပေးအပ်နိုင်ရန်နှင့် အသက်ဘေးအန္တရာယ်မကျရောက်စေရေး ရှေးဦးပြုစုအတတ်ပညာဖြင့် ပြုစုစောင့်ရှောက်ကယ်တင်နိုင်ရန်အတွက် ဘဝတစ်သက်တာ သင်ယူနိုင်ပါစေကြောင်း။ ။

# ကယားပြည်နယ်အစိုးရအဖွဲ့က လှိုင်ကော်နှင့် ဒီမော့ဆိုမြို့နယ်အတွင်းရှိ ခရစ်ယာန် ဘုရားရှိခိုးကျောင်းများအတွက် ဆန်၊ ဆီ ထောက်ပံ့လှူဒါန်းပေးအပ်




လှိုင်ကော် စက်တင်ဘာ ၁၀

ကယားပြည်နယ် အစိုးရအဖွဲ့မှ ကြီးမှူး၍ လှိုင်ကော်နှင့် ဒီမော့ဆိုမြို့နယ်အတွင်းရှိ ခရစ်ယာန်ဘုရားရှိခိုး ကျောင်းများအတွက် ဆန်နှင့် ဆီများ ထောက်ပံ့လှူဒါန်းပေးအပ်ခြင်းအခမ်းအနားကို ယမန်နေ့က လှိုင်ကော်မြို့ ခရစ်တော်ဘုရင် ဘုရားကျောင်း၌ ကျင်းပရာ ကယားဖူးနှစ်ခြင်း အသင်းတော်မှ ဆရာတော် ခူးရယ်ကျော်ထူးက အဖွင့်ဆုတောင်းမေတ္တာဖြင့် အခမ်းအနားစတင်သည်။

ထို့နောက် ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ပြည်နယ်အတွင်းတွင် နေထိုင်ကြသော တိုင်းရင်းသားများသည် ကိုးကွယ်သော ဘာသာများမတူညီကြသော်လည်း လူမျိုးဘာသာမခွဲခြားဘဲ ဘာသာတစ်ခု၏ ဘာသာရေး ယုံကြည်ချက်နှင့် ဓလေ့ထုံးတမ်းများကို အခြားဘာသာဝင်များက အပြန်အလှန်လေးစား၍ အေးချမ်းစွာ အတူယှဉ်တွဲ နေထိုင်လျက်ရှိကြောင်း၊ ပြည်နယ်အနေဖြင့် ပြည်နယ်အတွင်းရှိ ဘာသာအသီးသီး၏ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ကို အလေးထားကာ တတ်စွမ်းသမျှ ကူညီဆောင်ရွက်ပေးသည့်အနေဖြင့် ခရစ်ယာန်ဘုရားရှိခိုး ကျောင်းများအတွက် ဆန်၊ ဆီ ပေးအပ်လှူဒါန်းရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လှိုင်ကော်နှင့် ဒီမော့ဆိုမြို့နယ်အတွင်းရှိ ခရစ်ယာန်ဘုရားရှိခိုးကျောင်းများအတွက် ဆန်၊ ဆီများကို ပေးအပ်လှူဒါန်းရာ လှိုင်ကော်နှင့် ဒီမော့ဆိုမြို့နယ်အတွင်းရှိ ကက်သလစ်အသင်းတော်၊ လှိုင်ကော်နှစ်ခြင်းအသင်းတော်၊ ကယားဖူးနှစ်ခြင်းအသင်းတော်၊ သတ္တမနေ့ ဥပုသ်အသင်းတော်၊ ယေဟောဝါအသင်းတော်နှင့် အင်္ဂလီကန် အသင်းတော်တို့မှ တာဝန်ရှိသူတို့က လက်ခံရယူကြသည်။(အပေါ်ပုံ)

ယင်းနောက် ကက်သလစ်အသင်းတော်မှ ဖာရ်သာချဲဆိုဘရှေ့က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

ကယားပြည်နယ် အစိုးရအဖွဲ့က လှိုင်ကော်နှင့် ဒီမော့ဆိုမြို့နယ်အတွင်းရှိ ခရစ်ယာန်ဘုရားရှိခိုး ကျောင်းများအတွက် ဆန်နှင့်ဆီများ ပေးအပ်လှူဒါန်းရာတွင် ကျောင်းပေါင်း ၇၁ ကျောင်းအတွက် ဆန် ၇၃ အိတ်၊ ဆီ ၁၄၆ ပိဿာ စုစုပေါင်းတန်ဖိုး ငွေကျပ် ၅၁၁၁၀၀၀ လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

ကိုဇင်(လှိုင်ကော်)

# သန့်ရှင်းသာယာသော မြို့၊ ရွာများဖြစ်စေရေး ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များ ပူးပေါင်းမှုဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်များ၌ ဆောင်ရွက်

နေပြည်တော် စက်တာဘာ ၁၀

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများအားလုံးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့၊ ရွာဒေသများ သန့်ရှင်းသာယာ လှပရေးကို အားတက်သရော ဆောင်ရွက်လျက်ရှိသည်။

**ချုံနွယ်ရှင်း၊ ခြင်ဆေးဖျန်း**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အပါအဝင် မြို့နယ် ရှစ်မြို့နယ်တို့၌ လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် အပါအဝင် မြို့နယ် သုံးမြို့နယ်တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နှင့် မိုင်းရယ်မြို့တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယန်းမြို့အပါအဝင် မြို့နယ်လေးမြို့နယ်တို့၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့အပါအဝင် မြို့နယ် ၁၀ မြို့နယ်တို့၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးခရိုင်ရှိ မြို့နယ် တစ်မြို့နယ်၊ မှော်ဘီခရိုင်ရှိ မြို့နယ် နှစ်မြို့နယ်၊ လှည်းကူးခရိုင်ရှိ မြို့နယ် တစ်မြို့နယ်၊ မင်္ဂလာဒုံခရိုင်ရှိ မြို့နယ် နှစ်မြို့နယ်၊ အင်းစိန်ခရိုင်ရှိ မြို့နယ် သုံးမြို့နယ်၊ မရမ်းကုန်းခရိုင်ရှိ မြို့နယ် သုံးမြို့နယ်၊ အလုံခရိုင်ရှိ မြို့နယ် သုံးမြို့နယ်၊ ကျောက်တံတားခရိုင်ရှိ မြို့နယ် ငါးမြို့နယ်၊ ဒဂုံမြို့သစ်ခရိုင်ရှိ မြို့နယ် လေးမြို့နယ်၊ သဃ်္ဃန်းကျွန်း ခရိုင်ရှိ မြို့နယ် လေးမြို့နယ်၊ တွံတေးခရိုင်ရှိ မြို့နယ်ငါးမြို့နယ်၊ ဗိုလ်တထောင်ခရိုင်ရှိ မြို့နယ် ငါးမြို့နယ်၊ ကမာရွတ်ခရိုင်ရှိ မြို့နယ် နှစ်မြို့နယ်၊ သန်လျင်ခရိုင်ရှိ မြို့နယ် ငါးမြို့နယ်တို့၌ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့အပါအဝင် မြို့နယ် ကိုးမြို့နယ်တို့၌ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်၊ မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်နှင့် ချင်းပြည်နယ် မတူပီမြို့နယ်တို့၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်အပါအဝင် မြို့နယ် ၁၁ မြို့နယ်နှင့် မကွေးတိုင်းဒေသကြီး မကွေးမြို့တို့၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၈ မြို့နယ်နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့တို့၌ လည်းကောင်း ဘုရား၊ စေတီပုထိုးများ၊ ဌာနဆိုင်ရာ အဆောက်အဦများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်း၊ တံတားများ၌ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ပြည်သူ့ စစ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ချုံနွယ်၊ ပေါင်းမြက်များ ခုတ်ထွင် ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းနှင့် ခြင်ဆေးဖျန်းပေးခြင်းတို့ကို ဆောင်ရွက်ပေးသည်။



**ကြည့်ရှုအားပေး**

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု အားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် Republic of Buryatia ပြည်နယ်အစိုးရအဖွဲ့ အကြီးအကဲ Aleksey Sambuyevich Tsydenov တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Republic of Buryatia ပြည်နယ်အစိုးရအဖွဲ့ အကြီးအကဲ Aleksey Sambuyevich Tsydenov အား အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်စဉ်။

**❖ အဏုမြူနည်းပညာအသုံးပြု၍ ရောဂါရှာဖွေစမ်းသပ်နိုင်မှုနှင့် ရှာဖွေတွေ့ရှိလာသည့် ရောဂါများကို ခေတ်မီနည်းပညာများအသုံးပြု၍ ကုသမှုများ ဆောင်ရွက်ပေးနိုင်သည့် အခြေအနေများအပါအဝင် ကျန်းမာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဆေးပညာရှင်အချင်းချင်း၊ ဆေးရုံများအချင်းချင်း အပြန်အလှန်ဖလှယ်ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ သဘာဝသယံဇာတ တွင်းထွက်ပစ္စည်းများ တူးဖော်မှုဆိုင်ရာနည်းပညာရပ်များကို ရှာဖွေထုတ်လုပ်ရာတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများ အမြင်ချင်းဖလှယ်ဆွေးနွေး**

❐ *ရှေ့ဖုံးမှ*

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသည့် နိုင်ငံတော်အဆင့်၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး Republic of Buryatia အစိုးရအဖွဲ့အကြီးအကဲနှင့်အတူ ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ စီးပွားရေးဆိုင်ရာ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

### အမြင်ချင်းဖလှယ်ဆွေးနွေး

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် အဏုမြူနည်းပညာအသုံးပြု၍ ရောဂါရှာဖွေစမ်းသပ်နိုင်မှုနှင့် ရှာဖွေတွေ့ရှိလာသည့် ရောဂါများကို ခေတ်မီနည်းပညာများ အသုံးပြု၍ ကုသမှုများဆောင်ရွက်ပေးနိုင်သည့် အခြေအနေများ အပါအဝင် ကျန်းမာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဆေးပညာရှင်အချင်းချင်း၊ ဆေးရုံများအချင်းချင်း အပြန်အလှန်ဖလှယ်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ သဘာဝသယံဇာတ တွင်းထွက်ပစ္စည်းများ တူးဖော်မှုဆိုင်ရာ နည်းပညာရပ်များကို ရှာဖွေထုတ်လုပ်ရာတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများ၊ ရထားသယ်ယူပို့ဆောင်ရေးဆိုင်ရာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်စွမ်းအင်သုံးခေါင်းတွဲများ၊ ဒီဇယ်ခေါင်းတွဲများ၊ ဓာတ်ငွေ့သုံးခေါင်းတွဲများ၊ ကိုယ်ထည်တွဲများ ထုတ်လုပ်ခြင်းနည်းပညာဆိုင်ရာများ၊ မောင်းနှင်ခုတ်မောင်းမှုဆိုင်ရာ နည်းပညာများ၊ မီးရထားနှင့် ဆက်စပ်သည့် လုပ်ငန်းဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Republic of Buryatia အစိုးရအဖွဲ့ အကြီးအကဲက ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံပွဲတွင် သီဆိုကပြဖျော်ဖြေခဲ့ကြသည့် ရိုးရာအကအလှအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

အခြေအနေများနှင့် အခြားကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

### အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်

တွေ့ဆုံဆွေးနွေးမှုအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် Republic of Buryatia အစိုးရအဖွဲ့အကြီးအကဲတို့သည် ခင်မင်ရင်းနှီးစွာ အပြန်အလှန်နှုတ်ဆက်ကြပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထို့နောက် Republic of Buryatia အစိုးရအဖွဲ့အကြီးအကဲက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။ ညစာသုံးဆောင်နေစဉ်အတွင်း Buryatia ပြည်နယ်မှ နာမည်ကျော် အနုပညာရှင်များက ရိုးရာတေးသီချင်းများ၊ အကအလှများဖြင့် သီဆိုကပြ တီးမှုတ်ဖျော်ဖြေခဲ့ကြသည်။

ညစာသုံးဆောင်အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် Republic of Buryatia အစိုးရအဖွဲ့အကြီးအကဲတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြပြီး သီဆိုကပြဖျော်ဖြေခဲ့ကြသည့် ရိုးရာအကအလှအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Ulan-Ude မြို့ရှိ ရုရှားသိပ္ပံအကယ်ဒမီ၊ မွန်ဂို၊ တိဘက်နှင့် ဗုဒ္ဓဘာသာ လေ့လာရေးအင်စတီကျူ့ ဆိုက်ဘေးရီးယားဌာနခွဲ၊ နျူကလီးယားဆေးဘက်ဆိုင်ရာစင်တာ၊ ကင်ဆာဌာနနှင့် ရထားစက်ခေါင်း ပြင်ဆင်ရေးအလုပ်ရုံတို့သို့ သွားရောက်ကြည့်ရှုလေ့လာ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Ulan-Ude မြို့ ဆိုဗီယက်ရင်ပြင်ရှိ ဆိုဗီယက်ပြည်ထောင်စု၏ သမိုင်းဝင်အမျိုးသားခေါင်းဆောင်ကြီး လီနင်၏ ဦးခေါင်းပုံရုပ်တုအား ကြည့်ရှုလေ့လာစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များသည် Republic of Buryatia ပြည်နယ်အစိုးရအဖွဲ့အကြီးအကဲ Aleksey Sambuyevich Tsydenov နှင့် အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် Ulan-Ude မြို့ရှိ ရုရှားသိပ္ပံအကယ်ဒမီ၊ နျူကလီးယားဆေးဘက်ဆိုင်ရာစင်တာ၊ ကင်ဆာဌာနနှင့် ရထားစက်ခေါင်း ပြင်ဆင်ရေးအလုပ်ရုံတို့သို့ သွားရောက်ကြည့်ရှုလေ့လာသည်။

## မှတ်တမ်းဓာတ်ပုံရိုက်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Ulan-Ude မြို့ရှိ ဆိုဗီယက်ရင်ပြင်သို့ ရောက်ရှိလေ့လာကြရာ Buryatia ပြည်နယ်အစိုးရအဖွဲ့ အကြီးအကဲက ရှင်းလင်းပြောကြားခဲ့ပြီး ဆိုဗီယက်ပြည်ထောင်စု၏ သမိုင်းဝင်အမျိုးသားခေါင်းဆောင်ကြီး လီနင်၏ ဦးခေါင်းပုံရုပ်တုရှေ့တွင် မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

## ကြိုဆိုနှုတ်ဆက်

ထို့နောက် ရုရှားသိပ္ပံအကယ်ဒမီ၊ မွန်ဂို၊ တိဘက်နှင့် ဗုဒ္ဓဘာသာ လေ့လာရေးအင်စတီကျူ့ ဆိုက်ဘေးရီးယားဌာနခွဲသို့ ရောက်ရှိကြရာ အကယ်ဒမီမှ Director ဖြစ်သူ Mr.Bazarov Bois Vandanovich နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် အကယ်ဒမီအတွင်း လှည့်လည်၍ ရှေးဟောင်း ဘာသာစာပေယဉ်ကျေးမှုအနုပညာများ၊ ပန်းချီများ၊ တိဘက်လက်ရေးမူဖြင့် ရေးသားထားသည့် ဗုဒ္ဓမြတ်စွာဘုရား၏ ပိဋကတ်သုံးပုံတော်လာ အဆုံးအမ ကျမ်းစာများ၊ ရှေးဟောင်းနက္ခတ္တဗေဒဆိုင်ရာ ကျမ်းများ၊ *စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားသိပ္ပံအကယ်ဒမီ၊ မွန်ဂို၊ တိဘက်နှင့် ဗုဒ္ဓဘာသာ လေ့လာရေးအင်စတီကျူ့ ဆိုက်ဘေးရီးယားဌာနခွဲ၌ ရှေးဟောင်းဘာသာစာပေယဉ်ကျေးမှုအနုပညာများ၊ ဗုဒ္ဓမြတ်စွာဘုရား၏ ပိဋကတ်သုံးပုံတော်လာအဆုံးအမ ကျမ်းစာများ ကြည့်ရှုလေ့လာစဉ်။

**အကယ်ဒမီအတွင်း ရှေးဟောင်းဘာသာစာပေယဉ်ကျေးမှု အနုပညာများ၊ ပန်းချီများ၊ တိဘက်လက်ရေးမူဖြင့် ရေးသားထားသည့် ဗုဒ္ဓမြတ်စွာဘုရား၏ ပိဋကတ်သုံးပုံတော်လာ အဆုံးအမ ကျမ်းစာများ၊ ရှေးဟောင်းနက္ခတ္တဗေဒဆိုင်ရာ ကျမ်းများ၊ တိဘက်၊ မွန်ဂို ဘာသာစကားများ၏ အဆင့်ဆင့်ပြောင်းလဲမှုကို မှတ်တမ်းတင်ထားသည့် စာပေများ၊ မြန်မာနိုင်ငံမှ ရရှိထားသည့် ထန်းပုရပိုက် အပါအဝင် အခြားသော ရှေးဟောင်းပုရပိုက်စာပေများကို စနစ်တကျထိန်းသိမ်းထားရှိ**

*စာမျက်နှာ ၄ မှ*

တိဘက်၊ မွန်ဂိုဘာသာစကားများ၏ အဆင့်ဆင့်ပြောင်းလဲမှုကို မှတ်တမ်းတင်ထားသည့် စာပေများ၊ မြန်မာနိုင်ငံမှ ရရှိထားသည့် ထန်းပုရပိုက် အပါအဝင် အခြားသော ရှေးဟောင်းပုရပိုက်စာပေများကို စနစ်တကျ ထိန်းသိမ်းထားရှိမှုတို့အား လိုက်လံရှင်းလင်းပြသကြသည်။ ရှင်းလင်းပြသမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စိတ်ပါဝင်စားစွာဖြင့် လေ့လာခဲ့ပြီး သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့ပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် အမှတ်တရ လက်မှတ်ရေးထိုးကာ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှူကလီးယားဆေးဘက်ဆိုင်ရာစင်တာ၊ ကင်ဆာရောဂါကုသမှုဌာန၌ အဏုမြူရောင်ခြည်ဖြင့် ရောဂါရှာဖွေခြင်းနှင့် ဆေးကုသခြင်းဆောင်ရွက်နိုင်မှု အခြေအနေများ ကြည့်ရှုလေ့လာစဉ်။**



### ကြိုဆိုနှုတ်ဆက်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရှူကလီးယားဆေးဘက်ဆိုင်ရာစင်တာ၊ ကင်ဆာရောဂါ ကုသမှုဌာနသို့ ရောက်ရှိကြရာ Republic of Buryatia ပြည်နယ်အစိုးရအဖွဲ့မှ ကျန်းမာရေးဝန်ကြီး Ms. Ludupova Evgenya နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး အဏုမြူရောင်ခြည်ဖြင့် ရောဂါရှာဖွေခြင်းနှင့် ဆေးကုသခြင်းဆောင်ရွက်နိုင်မှု အခြေအနေများ၊ စက်ကိရိယာများ၏ အသုံးပြုနိုင်မှု စွမ်းဆောင်ရည်များကို လိုက်လံရှင်းလင်းပြသသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကျန်းမာရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် အခြားသိရှိလိုသည်များ ပြန်လည်မေးမြန်း ဆွေးနွေးခဲ့သည်။

### အမှတ်တရဓာတ်ပုံရိုက်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Ulan-Ude မြို့ ရထားပြင်ဆင်ရေးအလုပ်ရုံသို့ ရောက်ရှိကြရာ Republic of Buryatia ပြည်နယ်အစိုးရအဖွဲ့မှ ပို့ဆောင်ရေးဝန်ကြီး Mr. Olovyannikov Aleksei က အလုပ်ရုံအတွင်း၌ ဆောင်ရွက်လျက်ရှိသည့် မီးရထားခေါင်းတွဲအမျိုးအစား အမျိုးမျိုးကို ထုတ်လုပ်ပြင်ဆင်နိုင်မှုနှင့် စက်ခေါင်းများ၏ စွမ်းဆောင်နိုင်မှုများ၊ အင်ဂျင်ပိုင်းဆိုင်ရာ တပ်ဆင်ရေး လုပ်ဆောင်နေမှုများ၊ ဆက်စပ်ပစ္စည်းများ တပ်ဆင်ရေး ဆောင်ရွက်နေမှုများကို လိုက်လံရှင်းလင်းပြသသည်။ ရှင်းလင်းပြသမှုများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့ပြီး အလုပ်ရုံရှေ့တွင် အမှတ်တရဓာတ်ပုံရိုက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**ကြည့်ရှုလေ့လာ**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Ulan-Ude မြို့ ရထားစက်ခေါင်းပြင်ဆင်ရေး အလုပ်ရုံအတွင်း ကြည့်ရှုလေ့လာစဉ်။**



# ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေး လုပ်ငန်းများဆောင်ရွက်

နိုင်ငံတစ်ဝန်းရှိ မြို့နယ်များ၌ ကိုဗစ်-၁၉ အိုမီခရွန်မျိုးရိုးဗီဇပြောင်း BA.4၊ BA.5 ရောဂါပိုး ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် နှာခေါင်းစည်းများ ဖြန့်ဝေခြင်း၊ စားသောက်ဆိုင်များ၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ ရောင်းချမှု ရှိ၊ မရှိ စစ်ဆေးခြင်း၊ လူစည်ကားသည့် နေရာများ၌ နှာခေါင်းစည်းများ ဖြန့်ဝေပြီး အသိပညာပေးခြင်း ဆောင်ရွက်မှုများကို စုစည်းဖော်ပြလိုက်ရပါသည်။

စာတည်းအဖွဲ့




မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်။ ဇော်လင်းဦး(အောင်စံ)



မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်။ သန်းဝင်းထွန်း(ပြန်/ဆက်)



ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်။ ဇော်မင်းလွင်(ပြန်/ဆက်)



ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ္မတူမြို့နယ်။ လူမော်(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်။ ခရိုင်(ပြန်/ဆက်)



ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယုမြို့။ အာချာ



ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်။ အိရွှေစင်(ပြန်/ဆက်)



"ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့နယ်။ ဇင်ဇင်(ပြန်/ဆက်)



ချင်းပြည်နယ် ဖလမ်းမြို့နယ်။ ကိုရှိန်း



မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်။ ရဲဝင်းနိုင်(ညောင်ဦး)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ပန်းတနော်မြို့ လူထုအခြေပြုဗဟိုဌာန ပန္နက်တင်အခမ်းအနားတက်ရောက်



**နေပြည်တော် စက်တင်ဘာ ၁၀**

လူထုအခြေပြုဗဟိုဌာန (Community Centre) ပန္နက်တင်မင်္ဂလာ အခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် မြို့ကွက်သစ်ရပ်ကွက် အကွက်အမှတ် (၁)၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်အောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**အမွှေးနံ့သာရည်ပက်ဖျန်း**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် အောင်အောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် မင်္ဂလာအချိန်တွင် သတ်မှတ်နေရာများ၌ မင်္ဂလာပန္နက်တိုင်များ စိုက်ထူ၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြပြီး လူထုအခြေပြုဗဟိုဌာန (Community Centre) ဆောက်လုပ်ရေးကုမ္ပဏီ တာဝန်ခံက လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က တိုင်းဒေသကြီး အကျိုး သယ်ပိုးနိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုမွေးထုတ်ပေးနိုင်မည့် လူထုအခြေပြုဗဟိုဌာနကို တိုင်းဒေသကြီးတွင် တည်ဆောက်နိုင်ရေး ကြိုးပမ်း ဆောင်ရွက်ခဲ့ကြောင်း၊ လူထုအခြေပြုဗဟိုဌာနဆိုသည်မှာ ပြည်သူလူထုက စိတ်ဝင်စားသော၊ အကူအညီတောင်းခံနိုင်သော၊ ပေါင်းစပ်လုပ်ကိုင်ဆောင်ရွက်ပေးနိုင်သော၊ အသိပညာဗဟုသုတများ ဆည်းပူးဖလှယ်နိုင်သော၊ ဒေသအတွက် အကျိုးရှိရာရှိကြောင်း ဆွေးနွေးနိုင်ရန် သတင်းအချက်အလက်များ ရယူနိုင်သော အသိပညာဗဟုသုတများ တည်ရှိရာနေရာဖြစ်ပါကြောင်း။

လူထုအခြေပြုဗဟိုဌာနတွင် စာကြည့်တိုက်၊ အစည်းအဝေးခန်းမ၊ သင်တန်းခန်းမ၊ ကလေးစာဖတ်ခန်း၊ အားကစားခန်း စသည့် ကဏ္ဍစုံပါဝင်ပါသဖြင့် ဒေသခံပြည်သူများအတွက် များစွာ အကျိုးရှိပါကြောင်း၊ လူထုအခြေပြုဗဟိုဌာန သတ်မှတ်အရည်အသွေးများ ပြည့်မီစေရေး၊ ရေရှည်တည်တံ့ခိုင်မြဲစေရေးနှင့် ပိုမိုတိုးတက်ဖွံ့ဖြိုးစေရေး အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများအားလုံး ဝိုင်းဝန်းကူညီ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်းနှင့် လူထုအခြေပြုဗဟိုဌာန (Community Centre) တည်ဆောက်နိုင်ရေး အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးကြသူများကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

**ဂုဏ်ပြုငွေများချီးမြှင့်**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မိမိတို့တိုင်းဒေသကြီးသည် ကျေးလက်ဒေသကို အခြေခံပြီး စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများဖြင့် နိုင်ငံတော် တာဝန်များ သယ်ပိုးဆောင်ရွက်ပေးနေသည့် တိုင်းဒေသကြီးဖြစ်ပါကြောင်း၊ ယနေ့ပြုလုပ်သည့် လူထုအခြေပြုဗဟိုဌာန (Community Centre) တည်ဆောက်ပြီးစီးပါက ဒေသအတွက် စိုက်ပျိုးမွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်အသိပညာဗဟုသုတများကို ရှာဖွေလေ့လာနိုင်ကာ ဆွေးနွေးဖလှယ်နိုင်မည် ဖြစ်ပါကြောင်း ပြောကြားပြီး ဖျော်ဖြေရေးအဖွဲ့များ၏ ကပြမှုများကို ကြည့်ရှုအားပေးကြကာ ဂုဏ်ပြုငွေများချီးမြှင့်ခဲ့သည်။

**ရင်းရင်းနှီးနှီးတွေ့ဆုံ**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းတို့သည် ဓနုဖြူမြို့နယ် နန်းတော်ကုန်းကျေးရွာ ဘက်စုံအဆင့်မြင့် နည်းပညာသုံး စံပြကျေးရွာ၊ ဧက ၁၀၀ စံပြကွက်သို့ သွားရောက်၍ စိုက်ပျိုးရေးဦးစီးဌာနမှ အဆင့်မြင့် နည်းပညာသုံးစံပြကျေးရွာ၊ ဧက ၁၀၀ စံပြကွက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးခဲ့ပြီး တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူးနှင့် ဗဟိုဒေသသုတေသနဗဟို (မြောင်းမြ) တာဝန်ခံတို့က မျိုးသန့်မျိုးစပါး ထုတ်လုပ်မှု၊ စိုက်ပျိုးရေးနည်းစနစ်များ အသုံးပြု၍ စမ်းသပ်ယှဉ်ပြိုင်ကွက်များ ဆောင်ရွက်ထားရှိမှုနှင့် သုတေသနပြု လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြရာ မျိုး၊ မြေ၊ ရေ၊ နည်း မှန်ကန်စွာအသုံးပြုစေရေး၊ သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) ထည့်သွင်းအသုံးပြုမှုများ ပိုမိုဆောင်ရွက်စေရေး၊ တောင်သူ အသိပညာပေး လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်စေရေးနှင့် သုတေသနပြုလုပ်ငန်းများ ပိုမိုကောင်းမွန်အောင်ဆောင်ရွက်၍ တောင်သူများထံ ချပြဆွေးနွေးစေရေး မှာကြားခဲ့ကာ တောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

**လှည့်လည်ကြည့်ရှု**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် အဖွဲ့တို့သည် ပန်းတနော်မြို့နယ်ရှိ စူပရင်းဘိုင်အိုတတ်(Supreme BioTech) ဇီဝမြေဩဇာစက်ရုံ အမှတ် (၁) ပသွယ်သို့ သွားရောက်ရာ ကုမ္ပဏီ ဥက္ကဋ္ဌ ဒေါက်တာစိန်မြင့်နှင့် Dy. CEO ဦးထူးထူးအောင်တို့က စူပရင်းဘိုင်အိုတတ် (Supreme BioTech) ၏ ဦးတည်ချက်များ၊ ဘိုင်အိုစူပရင်း ဇီဝမြေဩဇာ အကြောင်းအရာ အချက်အလက်များ၊ ဇီဝမြေဩဇာထုတ်လုပ်မှု အဆင့်ဆင့်နှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

**ထုတ်လုပ်ဖြန့်ဖြူး**

အဆိုပါ စူပရင်းဘိုင်အိုတတ် (Supreme BioTech) ဇီဝမြေဩဇာစက်ရုံအမှတ်(၁) ပသွယ်မှ လစဉ်ဇီဝမြေဩဇာ ၅၀ ကီလိုဂရမ် အိတ်(၂၀၀၀၀) (မက်ထရစ်တန် ၁၀၀၀) ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချ

**နေပြည်တော် စက်တင်ဘာ ၁၀**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ကာလအတွင်း ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေး၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စားသောက်ရေး အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ တိုင်းစစ်ဌာနချုပ် နယ်မြေများရှိ မြို့နယ်အသီးသီး၌ နယ်မြေခံ တပ်မတော်သားများက တန်ဖိုးသင့် ထမင်းဟင်းများ၊ ဟင်းသီးဟင်းရွက်များနှင့် တပ်မတော်စက်ရုံထုတ်အသား၊ ငါးဘူးများနှင့် စားသောက်ကုန်ပစ္စည်းများကို ရောင်းချပေးလျက်ရှိသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

ထိုသို့ ရောင်းချပေးလျက်ရှိရာ ယနေ့တွင် မွန်ပြည်နယ် မော်လမြိုင်မြို့နှင့် ကျိုက်ထိုမြို့တို့၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊



မော်လမြိုင်မြို့၌ ဟင်းသီးဟင်းရွက်များ ရောင်းချနေမှုကို တွေ့ရစဉ်။

ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများအား သက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးခဲ့ပြီး ထိုသို့ရောင်းချနေမှုများကို ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းနှင့် တာဝန်ရှိသူများကသွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**ကြည့်ရှုအားပေး**

ထို့အတူ ချင်းပြည်နယ် ဟားခါးမြို့ ဈေးသစ်ရပ်ကွက်ရှိ စုပေါင်းရုံးရှေ့၌ ချင်းပြည်နယ် အစိုးရအဖွဲ့၏ စီမံဦးဆောင်မှုဖြင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ စသည့် အခြေခံစားကုန်များကိုလည်းကောင်း၊ ဟားခါးတပ်နယ်မှ တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများမှ ထွက်ရှိသော အသား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များအပြင် ဆန်၊ ဆီ၊ စားသောက်ကုန်များ၊ ဟင်းသီးဟင်းရွက်များ၊ အခြေခံစားသောက်ကုန်များကို ဒေသပေါက်ဈေးထက် ၂၀ ရာခိုင်နှုန်းလျှော့၍လည်းကောင်း ရောင်းချပေးခဲ့သည်။ ထိုသို့ ဈေးနှုန်းသက်သာစွာ ရောင်းချပေးနေမှုများကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ဝုန်ဆွန်းထန်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် မျိုးထွဋ်လှိုင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့သည်။

အလားတူ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွတ်ခိုင်မြို့၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းခတ်မြို့၊ မိုင်းတုံမြို့၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၊ ထားဝယ်မြို့၊ တနင်္သာရီမြို့၊ ကော့သောင်းမြို့၊ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၄၄ မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၊ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်၊ မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့တို့၌ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်ရှိ နယ်မြေခံ တပ်မတော်သားများ၊ ဆန်နှင့်ဆီလုပ်ငန်းရှင်များ အသင်းနှင့် တာဝန်ရှိသူများက ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ ရွှေဖီဦး လက်ဖက်ရည်ထုပ်၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကစ်နှင့် စည်သွတ်ဘူးများ စသည့် စားသောက်ကုန် ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာ့ပြက္ခဒိန်ပညာရပ်ဆိုင်ရာ ဘွဲ့လွန်ဒီပလိုမာသင်တန်းကို တစ်နှစ်ဖွင့်လှစ်ရာမှ တစ်နှစ်ခွဲ တိုးချဲ့သတ်မှတ်နိုင်ရေး ဆွေးနွေး



ပြည်ထောင်စုဝန်ကြီး ဦးကိုကို မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးစဉ်။

**ရန်ကုန် စက်တင်ဘာ ၁၀**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးကိုကိုသည် မြန်မာနိုင်ငံ ပြက္ခဒိန် အကြံပေးအဖွဲ့ဝင်များအား ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ အနုပညာအထက်တန်းကျောင်း(ရန်ကုန်) ၌ တွေ့ဆုံသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးကိုကို က မတ်လတွင် ပြုလုပ်ခဲ့သော မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့၏ အကြိမ် (၇၀)မြောက် မျက်နှာစုံညီအစည်းအဝေးတွင် မြန်မာ့ပြက္ခဒိန် ပညာရပ်ဆိုင်ရာ ဘွဲ့လွန်ဒီပလိုမာသင်တန်းဖွင့်လှစ်ရေးကို ဆုံးဖြတ်ချက် ချမှတ်ခဲ့ပါကြောင်း၊ အဆိုပါသင်တန်းကို တစ်နှစ် ဖွင့်လှစ်ရာမှ တစ်နှစ်ခွဲ တိုးချဲ့သတ်မှတ်နိုင်ရေး၊ နက်နဲသည့် ပညာရပ်ဖြစ်သည့်အတွက် ရေးဖြေနှုတ်ဖြေအပါအဝင် ဝင်ခွင့်အရည်အချင်း သတ်မှတ်နိုင်ရေး၊ အရည်အသွေးပြည့်ဝပြီး အာမခံချက်ပေးနိုင်သည့် သင်ရိုးညွှန်းတမ်းများ ရေးဆွဲပြဋ္ဌာန်းနိုင်ရေး၊ ဘွဲ့ယူစာတမ်းများ ရေးသားပြုစု၍ စစ်ဆေးနိုင်ရေး အစရှိသည်တို့ကို ဆွေးနွေးဆောင်ရွက်ရန်အတွက် ယနေ့အစည်းအဝေးကို ခေါ်ယူရခြင်း ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သင်တန်းဖွင့်လှစ်ရေးဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ်က ဘာသာရပ်အလိုက် သင်ရိုးညွှန်းတမ်းနှင့် ပြဋ္ဌာန်းစာအုပ်များ ခွဲဝေခြင်းဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ မြန်မာနိုင်ငံပြက္ခဒိန် အကြံပေးအဖွဲ့ အဖွဲ့ဝင် သဒ္ဓမ္မဇောတိကဓဇ ဦးရန်နိုင်သိန်းက နှစ်အလိုက် သင်ကြားမည့် ဘာသာရပ်ဆိုင်ရာ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းဆွေးနွေးကြရာ တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးခဲ့ကြပြီး မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဦးပညိန္ဒက လိုအပ်သည်များကို မိန့်ကြားခဲ့ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် ကမ္ဘာအေးကုန်းမြေရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရန်ကုန်ရုံးခွဲအစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး(ဗဟို) နာယကကြီးများ ပါဝင်သော အမှုဆောင်အဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး (ဗဟို) အမှုဆောင် သက်တမ်းကုန်ဆုံးပြီးဖြစ်၍ ကိုဗစ်-၁၉ ရောဂါ ကန့်သတ်ချက်အရ သင်းလုံးကျွတ်ညီလာခံခေါ်ယူရန် အခက်အခဲရှိသောကြောင့် မျက်နှာစုံညီအစည်းအဝေးကျင်းပ၍ အမှုဆောင်အသစ် ပြန်လည်ရွေးချယ်ရန် လိုအပ်ပါကြောင်း၊ အမှုဆောင်ပြန်လည်ရွေးချယ်ရာတွင် ဝါရင့်၊ သမ္ဘာရင့် နာယကကြီးများ၏ အကြံဉာဏ်ကိုရယူလိုပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည်များကို တတ်နိုင်သမျှ ကူညီပံ့ပိုးသွားမည်ဖြစ်ပြီး အမှုဆောင်အဖွဲ့ ပြန်လည်ရွေးချယ်ရန် ယနေ့အစည်းအဝေးကို ခေါ်ယူရခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး(ဗဟို) နာယကကြီးများ၊ ယာယီဥက္ကဋ္ဌ /နိုင်ငံတကာ ဆက်ဆံရေးမှူး ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံ ပန်းချီပန်းပု အစည်းအရုံး(ဗဟို)၏ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေအရ မှတ်ပုံတင် လက်မှတ်လဲလှယ်ခြင်း/သက်တမ်းတိုး လျှောက်ထားခြင်း၊ ပန်းချီပန်းပုအစည်းအရုံး တိုးတက်စေရေးအတွက် ပြပွဲကျင်းပခြင်း၊ ပန်းချီပန်းပု ပညာရှင်များ သာမက ပန်း (၁၀) မျိုးပညာရှင်များ ပါဝင်သော အလွှာစုံရွေးချယ် ဖွဲ့စည်းခြင်းနှင့် ပန်းချီပန်းပု အစည်းအရုံး(ဗဟို) နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုယ်တိုင် စိုက်ပျိုးမွေးမြူထုတ်လုပ်သူများ၊ လက်လီလက်ကားအခွန်လွတ်ဈေး နေပြည်တော်မြို့မဈေးတွင် ဖွင့်လှစ်ရောင်းဝယ်သူများဖြင့် စည်ကား

**နေပြည်တော် စက်တင်ဘာ ၁၀**

ကိုယ်တိုင် စိုက်ပျိုးမွေးမြူ ထုတ်လုပ်သူများ၊ လက်လီလက်လား အခွန်လွတ်ဈေးကို စက်တင်ဘာ ၁၀ ရက် စနေနေ့နံနက်ပိုင်းမှ စတင်၍ နေပြည်တော် မြို့မဈေးတွင် ဖွင့်လှစ်ထားပြီးဖြစ်ရာ မွေးမြူရေး လုပ်ငန်းအဖွဲ့ချုပ်မှ အသားနှင့် ကြက်ဥအရောင်းဆိုင်ခန်းများ၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်ရောင်းချသူများ၏ အရောင်းဆိုင်ခန်းများ၊ အိမ်နောက်ဖေး ဈေးဆိုင်တည်လိုသူများအတွက် မျိုးစေ့ပျိုးပင် အရောင်းဆိုင်များတွင် ဝယ်ယူကြသူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

အဆိုပါ အခွန်လွတ်ဈေးကို နေ့စဉ် နံနက် ၆ နာရီမှ ၉ နာရီအထိ ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ မြို့မဈေးနှင့် အ.ထ.က (၅)လမ်းဆုံထောင့်ရှိ အအေးခန်းစက်ရုံတွင် နွားနို့၊ ငါးခြောက်၊ ပုစွန်ခြောက်နှင့် ကြက်သွန်၊ ငရုတ်သီးခြောက်၊ အာလူးစသည့် ကုန်ခြောက်များကို ညနေပိုင်းအထိ ရောင်းချပေးလျက်ရှိကြောင်း၊ စားသုံးသူများ၏ လိုအပ်ချက်ပေါ်မူတည်၍ ဝန်ထမ်းအိမ်ရာများနှင့် ရုံးဌာနများတွင် ရွေ့လျားဈေးရောင်းစနစ်ဖြင့် ရောင်းချပေးနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုများကို ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး နှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေး အားပေးကြသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အောက်ရှိ သုတေသနခြံများ၊ နည်းပညာပေးလုပ်ငန်းအတွက် စံနမူနာပြ စိုက်ခင်းများမှ ထွက်ရှိသော ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကို ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိပြီး ကိုယ်တိုင်စီးပွားဖြစ် စိုက်ပျိုးမွေးမြူ ထုတ်လုပ်နေသူများ လက်လီလက်ကား ရောင်းချနိုင်ရေး စီမံဆောင်ရွက်ပေးခြင်းဖြင့် စားသောက်ကုန်များ ထုတ်လုပ်သူမှ စားသုံးသူလက်ဝယ်သို့ လတ်ဆတ်စွာဖြင့် တိုက်ရိုက်ရောက်ရှိရေး၊ နိုင်ငံ့ဝန်ထမ်းများ သက်သာချောင်ချိရေး၊ အစားအစာ ဘေးကင်းလုံခြုံမှုရှိပြီး အာဟာရပြည့်ဝလတ်ဆတ်သော သား၊ ငါး၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကို မိသားစုတိုင်း ဖူလုံစွာ စားသုံးနိုင်ရေးအတွက် စီစဉ် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုလုပ်ငန်း၏ အတွေ့အကြုံများဖြင့် အခြားတိုင်းဒေသကြီး၊ ပြည်နယ်များတွင် တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



အလားတူ နေပြည်တော် ကောင်စီနယ်မြေကို Green City, Clean City, Smart City အဖြစ် အကောင်အထည်ဖော်ရေး လုပ်ငန်းတွင် အပါအဝင်ဖြစ်သည့် အရည်အသွေးပြည့်ဝပြီး ဘေးဥပဒ်ကင်းရှင်းသော စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်လုပ်ငန်းများ ဈေးကွက်ရရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ အဆင့်မြင့် သိုလှောင်ခြင်း၊ ပြုပြင်ထုပ်ပိုး ရောင်းချခြင်းများ ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးရေးထွက်ကုန်ဈေးကွက်ဗဟိုဌာန အအေးခန်း သိုလှောင်ရုံကို နေပြည်တော် ပုဗ္ဗသီရိဈေးအနီးတွင် တည်ထောင် ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများကို ၂၀၂၃ ခုနှစ်တွင် စတင်နိုင်မည်ဖြစ်ရာ ဒေသခံ စိုက်ပျိုးမွေးမြူ ထုတ်လုပ်သူများ သာမက စားသုံးသူများအတွက်ပါ အကျိုးရှိစေမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## အင်္ဂပူမြို့သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေးပြုလုပ်

**အင်္ဂပူ စက်တင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် အင်္ဂပူမြို့တွင် မြို့သန့်ရှင်းသာယာလှပရေး အတွက် ယနေ့နံနက် ၇ နာရီက စုပေါင်းသန့်ရှင်းရေး ပြုလုပ်သည်။

စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေမျိုးလင်း ဦးဆောင်သော ဝန်ထမ်းများ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ စုစုပေါင်းအင်အား ၁၀၀ ခန့်မှ အင်္ဂပူမြို့ မြို့ဝင်ဆိုင်းဘုတ်မှ အလက(ခွဲ) မြို့မ(တောင်)ကျောင်းရှေ့အထိ လမ်းဘေး(ဝဲ၊ ယာ) တစ်လျှောက် ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ မြက်ဖြတ်ခြင်း၊ ပန်းအလှပင်များ ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ အဖွဲ့ဝင် (၁) ဗိုလ်မှူးကျော်လှိုင်တို့က ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**

## မိုးအသင့်အတင့် ထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၁၀**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် မနက်ဖြန် မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာ နှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိမည်။

**မိုး/ဇလ**

# ဒလသင်္ဘောကျင်းရှိ စက်ရုံ၊ အလုပ်ရုံများ၊ လက်ရှိအခြေအနေထက် ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက် ဒဂုံဆိပ်ကမ်းသင်္ဘောကျင်း စီးပွားရေးအရ တွက်ခြေကိုက်သည့် သင်္ဘောကျင်းအဖြစ် ရပ်တည်နိုင်ရေးကြိုးပမ်း





**နေပြည်တော် စက်တင်ဘာ ၁၀**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ယနေ့တွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ဒလ သင်္ဘောကျင်းနှင့် ဒဂုံဆိပ်ကမ်းသင်္ဘောကျင်းတို့ထံ သွားရောက်၍ လုပ်ငန်းဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)

ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ဒလသင်္ဘောကျင်းသို့ ရောက်ရှိပြီး ဒလသင်္ဘောကျင်း အစည်းအဝေးခန်းမ၌ ဒလသင်္ဘောကျင်း အင်ဂျင်နီယာမှူးကြီးက ရေယာဉ်များ လွှန်းတင်ပြင်ဆင်နေမှု၊ ဒလသင်္ဘောကျင်းရှိ သက်တမ်းကြာမြင့်နေပြီး ဖျက်သိမ်းသင့်သည့် သံရည်ကျိုအလုပ်ရုံ၊ ပန်းပဲအလုပ်ရုံ၊ ကျောက်မီးသွေးဂိုဒေါင်တို့ကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဖျက်သိမ်းရေးဆောင်ရွက်ထားရှိမှု၊ ဒလသင်္ဘောကျင်းရှေးဟောင်းအဆောက်အဦ(ဒီဇယ်ရုံ)၏ အမိုးများပြင်ဆင်ပြီးစီးမှုနှင့် ဆေးသုတ်ပြုပြင်ထားမှု၊ သင်္ဘောကျင်းဝင်းအတွင်း ရေစီးရေလာကောင်းမွန်စေရေး၊ ရေနုတ်မြောင်းများ ပြုပြင်ခြင်းနှင့် သန့်ရှင်းရေးဆောင်ရွက်ထားမှုအခြေအနေကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဒလသင်္ဘောကျင်းရှိ စက်ရုံ၊ အလုပ်ရုံများ၊ သင်္ဘောကျင်းဝင်းအတွင်း ပတ်လမ်းများ၊ လွှန်းလမ်းများ အစဉ်သန့်ရှင်း သပ်ရပ်မှုရှိအောင် ဆောင်ရွက်ထားရန်၊ ပုံမှန်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီး လက်ရှိအခြေအနေထက် ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ထားရန် မှာကြားပြီး လုပ်ငန်းဆောင်ရွက်ထားမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သိမ်ဖြူလမ်းရှိ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသို့ရောက်ရှိပြီး ရေကြောင်းပို့ဆောင်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ ရေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဌာနရှိ အရာထမ်း/ အမှုထမ်းများအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် မိမိတို့ ကျင့်သုံးလိုက်နာရသော ဥပဒေ၊ နည်းဥပဒေနှင့် သက်ဆိုင်ရာ ဘာသာရပ်များကို ကျွမ်းကျွမ်းကျင်ကျင်နှင့် ကိုင်တွယ်ဆောင်ရွက်နိုင်သူများဖြစ်အောင် အစဉ်လေ့လာဆည်းပူးနေကြရန်၊ ဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်၊ လုပ်ငန်းတာဝန်များ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တက်ညီလက်ညီဖြင့် စည်းလုံးညီညွတ်စွာ ဆောင်ရွက်ကြရန်၊ လုပ်ငန်းဆောင်ရွက်မှုအပိုင်းတွင် အဆင့်အတန်းအားလုံး ပွင့်လင်းမြင်သာမှုရှိအောင် ဆောင်ရွက်ကြရန်၊ ဝန်ထမ်းဆန္ဒဖော်ထုတ်ပွဲ(ဒါဘာ)များ ပုံမှန်ဆောင်ရွက်ကြရန်၊ ဝန်ထမ်းများ၏ ကျန်းမာရေးနှင့်ပတ်သက်၍ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ်ထားသော SOP များနှင့်အညီ ရုံးဌာနများတွင် လိုက်နာကျင့်သုံးရေးအဆင့်အလိုက် ကြပ်မတ်ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ဒဂုံဆိပ်ကမ်းသင်္ဘောကျင်းသို့ ရောက်ရှိပြီး သင်္ဘောကျင်းစက်ရုံအလုပ်ရုံများ၊ ရေယာဉ်များ လွှန်းတင်ပြင်ဆင်နေမှု၊ အသစ်တည်ဆောက်ပြီးစီးသော Liquid Oxygen စက်ရုံ၏ အောက်ဆီဂျင်ထုတ်လုပ်ဖြန့်ဖြူးမှု၊ ဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ထားမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက သင်္ဘောလွှန်းကျင်း စံချိန်စံညွှန်း (Yard Standard) နှင့်အညီ တည်ဆောက်ပြုပြင်ကြရန်နှင့် စီးပွားရေးအရ တွက်ခြေကိုက်သည့် သင်္ဘောကျင်းအဖြစ် ရပ်တည်နိုင်ရေးကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၁-၉-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၃၆၅ | ၂၄၁၅ | ၂၄၀၅ | ၂၃၇၅ | ၂၄၁၀ | ၂၄၃၅ | ၂၄၂၀ | ၂၄၀၀ | ၂၄၉၀ | ၂၅၀၅ | ၂၄၀၅ | ၂၄၁၅ | ၂၄၅၀ | ၂၄၅၀ | ၂၄၅၀ | ၂၆၇၀ | ၃၁၆၀ |
| 95 Ron | ၂၄၇၀ | ၂၅၂၀ | ၂၅၁၅ | ၂၄၈၀ | ၂၅၁၅ | ၂၅၄၀ | ၂၅၂၅ | ၂၅၀၀ | ၂၅၉၅ | ၂၆၁၀ | ၂၅၁၀ | ၂၅၂၅ | ၂၅၅၀ | ၂၅၅၀ | ၂၅၅၅ | ၂၇၇၅ | ၃၂၂၅ |
| HSD (500 ppm) | ၂၉၉၀ | ၃၀၃၅ | ၃၀၃၀ | ၂၉၉၅ | ၃၀၃၅ | ၃၀၅၅ | ၃၀၅၀ | ၃၀၂၀ | ၃၁၃၅ | ၃၁၃၀ | ၃၀၂၅ | ၃၀၃၅ | ၃၀၇၀ | ၃၀၇၀ | ၃၀၇၀ | ၃၂၉၀ | ၃၈၉၅ |
| HSD (50 ppm) | ၃၀၇၅ | ၃၁၂၀ | ၃၁၁၅ | ၃၀၈၀ | ၃၁၂၀ | ၃၁၄၀ | ၃၁၃၅ | ၃၁၀၅ | ၃၂၂၀ | ၃၂၁၅ | ၃၁၀၀ | ၃၁၂၀ | ၃၁၅၅ | ၃၁၅၅ | ၃၁၅၅ | ၃၃၇၅ | ၃၉၃၀ |
| HSD (10 ppm) | ၃၀၇၅ | ၃၁၂၀ | ၃၁၁၅ | ၃၀၈၀ | ၃၁၂၀ | ၃၁၄၀ | ၃၁၃၅ | ၃၁၀၅ | ၃၂၂၀ | ၃၂၁၅ | ၃၁၀၀ | ၃၁၂၀ | ၃၁၅၅ | ၃၁၅၅ | ၃၁၅၅ | ၃၃၇၅ | ၃၉၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၂၅၇ | ၂၃၃၆ |
| 95 Ron | ၂၃၅၈ | ၂၄၃၉ |
| HSD (500 ppm) | ၂၈၆၃ | ၂၉၅၀ |
| HSD (50 ppm) | ၂၉၄၃ | ၃၀၃၁ |
| HSD (10 ppm) | ၂၉၄၃ | ၃၀၃၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ကျင်းပသော (၁၆)ကြိမ်မြောက် ဟိုချီမင်း နိုင်ငံတကာခရီးသွားပြပွဲနှင့် အဆင့်မြင့်ဖိုရမ်သို့ တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၁၀**
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသည် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဈေးကွက်မြှင့်တင်ရေးအတွက် နိုင်ငံတကာနှင့် ဒေသတွင်းအဆင့် ပူးပေါင်းဆောင်ရွက်မှုများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခြင်း၊ နိုင်ငံတကာခရီးသွား ပြပွဲများတွင်ပါဝင်၍ မြန်မာနိုင်ငံ၏ ပုံရိပ်နှင့်ခရီးစဉ်ဒေသများ မြှင့်တင်ကြော်ငြာခြင်းလုပ်ငန်းများကို အစဉ်တစိုက် ဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ စက်တင်ဘာ ၈ ရက်မှ ၁၀ ရက် အထိ ကျင်းပသော (၁၆) ကြိမ်မြောက် ဟိုချီမင်းနိုင်ငံတကာ ခရီးသွားပြပွဲနှင့် အဆင့်မြင့်ဖိုရမ်သို့ တက်ရောက်သည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် (၁၆)ကြိမ်မြောက် ဟိုချီမင်း နိုင်ငံတကာခရီးသွားပြပွဲနှင့် အဆင့်မြင့်ဖိုရမ်သို့ တက်ရောက်လာကြသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

အဆိုပါ ခရီးသွားပြပွဲကို "Growth Forward Together" ခေါင်းစဉ်နှင့်အတူ ခရီးသွားလုပ်ငန်းဆိုင်ရာ အဆင့်မြင့်ဖိုရမ်ကို ပူးတွဲကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံမှ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စိုးဝင်း၊ ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးအသင်းတို့မှ ကိုယ်စားလှယ်များ တက်ရောက်သည်။

ပြည်ထောင်စုဝန်ကြီးသည် စက်တင်ဘာ ၇ ရက် မွန်းလွဲပိုင်းတွင် ကိုဗစ်-၁၉ ကာလအတွင်း "စီးပွားရေး - အပန်းဖြေခရီးသွားလုပ်ငန်း အလားအလာများကို ဟိုချီးမင်းမြို့နှင့် ဗီယက်နမ်နိုင်ငံတွင် မြှင့်တင်ဖော်ထုတ်ခြင်း" အခမ်းအနားသို့ ပါဝင်တက်ရောက်သည်။ "စီးပွားရေး-အပန်းဖြေခရီးသွားလုပ်ငန်း" သည် အပန်းဖြေခရီးသွားစဉ်အတွင်း ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ပူးတွဲဆောင်ရွက်ခြင်းဖြစ်ပြီး ထိုကဲ့သို့ ဆောင်ရွက်ခြင်းဖြင့် အချိန်နှင့် ကုန်ကျစရိတ်များကို ချွေတာနိုင်ပြီး လုပ်ငန်းခွင်နှင့် နေ့စဉ် လူမှုဘဝမျှတနိုင်စေသဖြင့် ကိုဗစ်-၁၉ ကာလအတွင်း အဆိုပါ ခရီးသွားလာမှုပုံစံသစ်များ ဖွံ့ဖြိုးတိုးတက်လာခြင်းဖြစ်ပါကြောင်း၊ အဆိုပါခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှု၊ သဘာဝအရင်းအမြစ်၊ ဆန်းသစ်သော လူနေမှုအတွေ့အကြုံများသည် အထောက်အကူဖြစ်စေပါကြောင်း၊ ထို့အပြင် တည်းခိုနေထိုင်ရေးကဏ္ဍတွင်လည်း အရည်အသွေးပြည့်ဝသော ဝန်ဆောင်မှုများ ပေးစွမ်းနိုင်ခြင်းသည်လည်း အဆိုပါခရီးသွားလုပ်ငန်းအတွက် များစွာအရေးကြီးသော သွင်းအားစုတစ်ခုဖြစ်ပါကြောင်း၊ လေဆိပ်များနှင့် လေကြောင်းသယ်ယူပို့ဆောင်ရေး ကဏ္ဍများမှလည်း ခရီးသွားဧည့်သည်များတွက် ဘေးကင်းလုံခြုံပြီး လျင်မြန်ချောမွေ့သော ခရီးစဉ်များကို ဖန်တီးပေးနိုင်ရန်လည်းလိုအပ်ပါကြောင်း၊ ၂၀၂၅ ခုနှစ်တွင် ဟိုချီးမင်းမြို့နှင့် ဗီယက်နမ်နိုင်ငံတွင် စီးပွားရေး-အပန်းဖြေ ခရီးသွားဧည့်သည် (၁ ဒသမ ၇) သန်း ရရှိရေးမျှော်မှန်းချက်အရ ဟိုတယ်၊ ခရီးသွားကဏ္ဍနှင့် လေကြောင်းကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နေမှုကို သက်ဆိုင်ရာ အစိုးရ-ပုဂ္ဂလိက ကိုယ်စားလှယ်များက ဆွေးနွေးပြောကြားသည်။

ထို့နောက် ဗီယက်နမ်နိုင်ငံတွင် စီးပွားရေး-အပန်းဖြေခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေမည့် အိမ်ရာစီမံကိန်းရေးဆွဲဖော်ဆောင်နေမှုကို လေ့လာကြည့်ရှုပြီး သက်ဆိုင်ရာ စီမံကိန်းတာဝန်ခံများက ရှင်းလင်းတင်ပြချက်များအပေါ် သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ ညနေပိုင်းတွင် တက်ရောက်လာသည့် ခရီးသွားလုပ်ငန်းဝန်ကြီးများ၊ အဆင့်မြင့် အရာရှိကြီးများ၊ ပြည်တွင်းပြည်ပ ခရီးစဉ် ဝယ်ယူသူများအတွက် ဗီယက်နမ်နိုင်ငံက တည်ခင်းဧည့်ခံသည့် "ဗီယက်နမ်ည" ညစာစားပွဲ အခမ်းအနားကို ဟိုချီမင်းမြို့ရှိ GEM စင်တာတွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး တက်ရောက်သည်။ အဆိုပါ အခမ်းအနားသို့ တက်ရောက်လာသည့် လာအို၊ ကမ္ဘောဒီးယား၊ မြန်မာနှင့် ဗီယက်နမ် ခရီးသွားလုပ်ငန်းဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် ခရီးစဉ်ဝယ်ယူသူများကို ဟိုချီးမင်း ပြည်သူ့ကော်မတီ ဥက္ကဋ္ဌ မစ္စတာ ဖန်မိုင်က ကြိုဆိုအဖွင့်အမှာစကား ပြောကြားပြီး ညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာသည့် ဧည့်သည်တော်များကို ဗီယက်နမ်နိုင်ငံက နိုင်ငံဖြစ်တည်လာမှုသမိုင်းကြောင်းများနှင့် ရိုးရာယဉ်ကျေးမှုများကို သရုပ်ဖော်ကပြဖျော်ဖြေတင်ဆက်ခဲ့သည်။

စက်တင်ဘာ ၈ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဟိုချီမင်းမြို့ရှိ ဆိုင်းဂုံပြခန်းနှင့် ကွန်ဗင်းရှင်းစင်တာတွင် (၁၆) ကြိမ်မြောက် ဟိုချီးမင်းနိုင်ငံတကာ ခရီးသွားပြပွဲ ဖွင့်ပွဲအခမ်းအနားနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ပြည်တွင်း ပြည်ပပြခန်းများ ပါဝင်ပြသနေမှုကို လိုက်လံကြည့်ရှုသည်။ ထို့နောက် ဖိုရမ်သို့ တက်ရောက်လာသည့် ခရီးသွားလုပ်ငန်းဝန်ကြီးများနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ စီးပွားရေးလုပ်ငန်းများမှ "နိုင်ငံတကာခရီးသွားလုပ်ငန်းများ ပြန်လည်ထူထောင်မှု အဖြေရှာရေးနှင့် ရေရှည်တည်တံ့ဖွံ့ဖြိုးရေး" အဆင့်မြင့်ဖိုရမ်ကို ဆက်လက်ကျင်းပသည်။ အဆိုပါဖိုရမ်တွင် ကိုဗစ်-၁၉ ကာလအတွင်း ခရီးသွားလုပ်ငန်းများ ပြန်လည်ထူထောင်ရေးနှင့် စပ်လျဉ်း၍ တက်ရောက်လာသည့် ခရီးသွားလုပ်ငန်းဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် ပုဂ္ဂလိက ကဏ္ဍ ကိုယ်စားလှယ်များက သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုးပမ်းဆောင်ရွက်ခဲ့မှုနှင့် မိုက်(စ်) ခရီးသွားလုပ်ငန်းဖြစ်သည့် Meeting၊ Incentive၊ Convention၊ Exhibition များဖြင့် ခရီးသွားလုပ်ငန်းများ ပိုမိုကောင်းမွန်လာစေရေး အထူးပြုဆောင် ရွက်ရန် လိုအပ်သည်များကို မျှဝေခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အဆိုပါခရီးသွားပြပွဲတွင် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဈေးကွက် မြှင့်တင်ရေးအသင်းမှ မြန်မာနိုင်ငံကိုယ်စားပြု ခရီးသွားပြခန်း ခင်းကျင်းပြသနေမှုများနှင့် ပြည်တွင်း ပြည်ပမှ စိတ်ပါဝင်စားသူများ မြန်မာပြခန်းသို့ လာရောက်လေ့လာကြည့်ရှုနေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် စက်တင်ဘာ ၈ ရက် မွန်းလွဲပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံနှင့် နှစ်နိုင်ငံခရီးသွားလုပ်ငန်းများ မြှင့်တင်ရေးအတွက် ခရီးသွားလုပ်ငန်းဝန်ကြီး ဒေါက်တာ သွန်ခွန်းနှင့် ကိုယ်စားလှယ်အဖွဲ့ကို ဟိုချီးမင်းမြို့ရှိ ရိနေဆန်းဟိုတယ်တွင် လက်ခံတွေ့ဆုံသည်။ တွေ့ဆုံစဉ် ကမ္ဘောဒီးယား-မြန်မာ နှစ်နိုင်ငံ အပြန်အလှန် လေ့လာရေးအဖွဲ့(FAM Trip)များ စေလွှတ်ခြင်း၊ နှစ်နိုင်ငံ ခရီးသွား မြှင့်တင်ရေး အမှတ်တံဆိပ် ဖော်ဆောင်ခြင်းနှင့် ၂၀၂၃ ခုနှစ် မတ်လတွင် ဂျာမနီနိုင်ငံ၌ ကျင်းပမည့် ITB Berlin ခရီးသွားပြပွဲတွင် မြန်မာ-ကမ္ဘောဒီးယား နှစ်နိုင်ငံပူးပေါင်းကာ နှစ်နိုင်ငံ ခရီးစဉ်ဒေသ တစ်ခုအဖြစ် ခရီးသွားပြခန်းဖွင့်လှစ် ပြသရေးကိစ္စတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ထို့နောက် ညနေပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံမှ ခရီးသွားပြပွဲသို့ တက်ရောက်လာသော ကိုယ်စားလှယ်များအတွက် တည်ခင်းဧည့်ခံသော "ကမ္ဘောဒီးယားည" အခမ်းအနားကို ဟိုချီးမင်းမြို့ရှိ ရက်(စ်)ဟိုတယ်တွင် ကျင်းပရာ အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့တို့မှ တက်ရောက်ခဲ့သည်။

အဆိုပါ (၁၆) ကြိမ်မြောက် ဟိုချီမင်းနိုင်ငံတကာခရီးသွားပြပွဲနှင့် အဆင့်မြင့်ဝန်ကြီးများဖိုရမ်သို့ နိုင်ငံပေါင်း ၂၅ နိုင်ငံမှ ပြည်တွင်းပြည်ပ ပြခန်း ၂၆၀ ပါဝင်ပြသခဲ့ပြီး အစိုးရ-ပုဂ္ဂလိက ခရီးသွားလုပ်ငန်းဆိုင်ရာ ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိများ၊ ကိုယ်စားလှယ်များ၊ ခရီးသွားလုပ်ငန်းဆိုင်ရာထုတ်ကုန်နှင့် ခရီးစဉ်ရောင်းချသူ/ ဝယ်ယူသူများ၊ သတင်းမီဒီယာများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကနီမြို့၌ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေဆောင်ရွက်

**ကနီ စက်တင်ဘာ ၁၀**
ကိုဗစ်-၁၉ ရောဂါ ပြန်လည်ဖြစ်ပွားလာ၍ ကြိုတင်ကာကွယ်နိုင်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့၌ စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းက မြို့မဈေးနှင့် အခြေခံပညာအထက်တန်းကျောင်းတို့တွင် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဝေစိုးနှင့် အဖွဲ့သည် မြို့မဈေးရှိ ဈေးသူဈေးသားများ၊ ဈေးဝယ်လာသော ပြည်သူများကို ကနီမြို့ အခြေခံပညာ အထက်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများကို ကျန်းမာရေး အသိပညာ ပေးခြင်းများနှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးသည်။



ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များက အခြေခံပညာ အထက်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာယာစွာ ပညာသင်ကြား နေမှုများကို လှည့်လည်ကြည့်ရှု အားပေးပြီး ကိုဗစ်-၁၉ ရောဂါပြန်လည်ဖြစ်ပွားလာ၍ ကိုဗစ် -၁၉ စည်းကမ်းချက်များနှင့်အညီ ပညာသင်ကြားနိုင်ရန် အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းအုပ်ဆရာကြီး၊ တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## လားရှိုးမြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို စားသောက်ဖွယ်ရာများ ပေးအပ်

**နေပြည်တော် စက်တင်ဘာ ၁၀**
ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ရှိ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် မိသားစုဝင်များအား စားသောက်ဖွယ်ရာများ ပေးအပ်ခြင်းကို ယနေ့ နံနက်ပိုင်းတွင် အဆင့်မြင့်စစ်မှုထမ်းဟောင်း အိမ်ရာ (လားရှိုး)၌ ပြုလုပ်ရာ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် နိုင်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ စစ်မှု ထမ်းဟောင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။



ဦးစွာ တိုင်းမှူးက အမှာစကား ပြောကြား၍ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၏ တင်ပြချက်များ အပေါ် လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးပြီး ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အဆင့်မြင့်စစ်မှုထမ်းဟောင်း အိမ်ရာများအား လိုက်လံကြည့်ရှုပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့်မိသားစုဝင်များအားရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# စစ်ကိုင်းမြို့ မင်းကွန်းတောင်ရိုးရှိ ဘုန်းတော်ကြီးကျောင်းတိုက်များသို့ ဆွမ်းဆန်၊ ဆီ ဆက်ကပ်လှူဒါန်း မဟာနီလာ နှစ်ဘီး၊ သုံးဘီးဆိုင်ကယ်နှင့် ဆက်စပ်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ ဝန်ကြီးချုပ် တက်ရောက်ဖွင့်လှစ်

**မုံရွာ စက်တင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ မင်းကွန်းတောင်ရိုးရှိ ဘုန်းတော်ကြီး ကျောင်းတိုက်များသို့ ဆွမ်းဆန်၊ ဆီ ဆက်ကပ်လှူဒါန်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်း မင်းကွန်းတောင်ရိုး တိပိဋကဓမ္မနာဒ ပရိယတ္တိစာသင်တိုက်ကြီးတွင် ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်/မြို့နယ် အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြပြီး စစ်ကိုင်းမြို့ မင်းကွန်းတောင်ရိုး သီရိဓဇကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် နိုင်ငံတော်သြဝါဒါစရိယ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တအဂ္ဂဓမ္မ ဆရာတော်ကြီးထံမှ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စစ်ကိုင်းမြို့ မင်းကွန်းတောင်ရိုးရှိ ဘုန်းတော်ကြီးကျောင်းတိုက် ၁၅ ကျောင်းသို့ ဆွမ်းဆန် ၁၅ အိတ်၊ ဆီ ငါးပိဿာဝင် ၁၅ ပုံးတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မင်းကွန်းတောင်ရိုး တိပိဋကနိကာယကျောင်းတိုက် ဓမ္မာရုံတော်တွင် ကျင်းပသော မင်းကွန်းဒေသခရီးစဉ် လှည့်လည်ပြသရေးဆိုင်ရာ ဧည့်လမ်းညွှန် မွမ်းမံသင်တန်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ မင်းကွန်းဒေသခရီးစဉ် လှည့်လည်ပြသရေးဆိုင်ရာ ဧည့်လမ်းညွှန် မွမ်းမံသင်တန်းသို့ ဒေသခံသင်တန်းသား သင်တန်းသူ ၃၄ ဦး တက်ရောက်ကြပြီး သင်တန်းကို စက်တင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်သည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ စစ်ကိုင်းစက်မှုဇုန်အတွင်း မဟာနီလာ နှစ်ဘီး၊ သုံးဘီး ဆိုင်ကယ်နှင့် ဆက်စပ်ပစ္စည်း ထုတ်လုပ်ရေး စက်ရုံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရာ စက်ရုံအုပ်ချုပ်မှု ဒါရိုက်တာ ဒေါ်နီလာအေးက စက်ရုံတည်ဆောက်ခြင်းနှင့် ထုတ်လုပ်ခြင်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က စက်ရုံဖွင့်လှစ်ခြင်း အထိမ်းအမှတ် ဂုဏ်ပြုအမှာစကား ပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ စစ်ကိုင်းစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ဦးကိုကိုမြင့်၊ ကုမ္ပဏီအုပ်ချုပ်မှု ဒါရိုက်တာ ဒေါ်နီလာအေးတို့က စက်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။



ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မဟာနီလာ နှစ်ဘီး၊ သုံးဘီး ဆိုင်ကယ်နှင့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်နေမှု၊ တပ်ဆင်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မကွေးမြို့၌ ဌာနဆိုင်ရာများစုပေါင်း၍ တိုင်းဒေသကြီးပြည်သူ့ဆေးရုံကြီး သန့်ရှင်းမှုရှိစေရေး စုပေါင်းသန့်ရှင်း

**မကွေး စက်တင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး၌ သန့်ရှင်းသာယာလှပရေးအတွက် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/ မြို့နယ်များတွင် မြို့ပတ်ဝန်းကျင်များ သန့်ရှင်းသာယာလှပရေး အပတ်စဉ် (စနေနေ့တိုင်း)စုပေါင်း သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းက မကွေးမြို့ တိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း သန့်ရှင်းသပ်ရပ်မှုရှိစေရေး ဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေး လုပ်ဆောင်နေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ မကွေးလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ် ဝင်းမောင်သိန်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ သွားရောက်၍ ကြည့်ရှုအားပေးသည်။



ထိုသို့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် မကွေးတပ်နယ်မှ တပ်မတော်သားများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပရဟိတလူမှုအဖွဲ့အစည်းများ စုပေါင်း၍ မကွေးမြို့ တိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း သန့်ရှင်းသပ်ရပ်မှုရှိစေရေး မြက်ပင်များ၊ ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေမြောင်းများအတွင်းရှိ အမှိုက်များကို အမှိုက်ကားဖြင့် စနစ်တကျစွန့်ပစ်ခြင်း စသည့်သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မိမိတို့မကွေးမြို့သည် တိုင်းဒေသကြီး၏ မြို့တော်ဖြစ်သည်နှင့်အညီ မြို့အင်္ဂါရပ်နှင့် လျော်ညီစွာ သန့်ရှင်းသာယာလှပရေးသည် အရေးကြီးကြောင်း၊ ကျောင်းများတွင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စိတ်ချမ်းမြေ့စွာ ပညာသင်ကြားနိုင်ရေးအတွက် သာမက ကျောင်းသား ကျောင်းသူများ အားလပ်ချိန်၌ အားကစားများပြုလုပ်ရာတွင် ပျော်ရွှင်စွာ ကစားနိုင်ရေးအတွက်လည်း အပတ်စဉ် စနေနေ့တိုင်း ဆောင်ရွက်ပေးသင့်ကြောင်း၊ တိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီးတွင်လည်း သန့်ရှင်းသပ်ရပ်မှုရှိစေရေး အထူးလိုအပ်သလို အဆောက်အအုံများ ဥပဓိရုပ်ကောင်းမွန်ရေးအတွက်လည်း ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။ အဆိုပါ ကျောင်းဝင်းစုပေါင်းသန့်ရှင်းရေးကို စုစုပေါင်း အင်အား ၂၃၀ ခန့်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မောင်ညီညာ**

# အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ နှစ် (၅၀) ပြည့် ရွှေရတုတိုင်းနှစ်ပတ်လည်နေ့ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၀**

အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ နှစ်(၅၀)ပြည့် ရွှေရတုတိုင်းနှစ်ပတ်လည်နေ့ကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်ရှိ အမ်းတောင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ ပညာသင်နှစ်အလိုက် ထူးချွန်ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ စစ်မှုထမ်းဟောင်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။




ဦးစွာ တိုင်းမှူးက တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ် မိန့်ခွန်း ပြောကြားသည်။ ထို့နောက် နှစ် (၅၀) ပြည့် ရွှေရတု တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဆုချီးမြှင့်ခြင်းကို ဆက်လက်ပြုလုပ်ရာ ၂၀၂၁-၂၀၂၂ ခုနှစ်အတွင်း သင်တန်းများတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် စစ်သည်များ၊ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ၊ ဂုဏ်ထူး ရရှိအောင် သင်ကြားပြသပေးသည့် ဆရာ ဆရာမများ၊ အိမ်ထောင်သည်လိုင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သန့်ရှင်းရေး အကောင်းဆုံးဆုရရှိကြသူများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ဗလာမပါ ကံစမ်းမဲများ ဖောက်ပေးကြသည်။

ထို့ပြင် ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကျွေးမွေးပြီး အနုပညာရှင်များမှ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ညောင်ရွှေမြို့၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု ကာကွယ်ရေး အသိပညာပေးဆောင်ရွက်

**ညောင်ရွှေ စက်တင်ဘာ ၁၀**

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက ညောင်ရွှေမြို့မ မင်္ဂလာဈေးအတွင်းနှင့် မြို့မဈေးမီးပွိုင့်လမ်းဆုံနေရာတို့တွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဈေးအတွင်းရှိ ဈေးရောင်းချသူများနှင့် ဈေးဝယ်သူများ၊ လမ်းသွား၊ လမ်းလာပြည်သူများကို ပါးစပ်နှင့်နှာခေါင်းစည်း ၁၀၀၀ ကို အခမဲ့ဖြန့်ဝေပေး၍ စနစ်တကျတပ်ဆင်စေခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို မြို့နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီး ဌာနမှူး ဒေါက်တာသစ်လွင်သိမ်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စည်ပင်သာယာရေးဌာနနှင့် ကျန်းမာရေးဌာနတို့မှ ဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**နေမျိုးသူရိန်**

# ချူကလီးယား ဥပဒေသစ်တစ်ရပ် အတည်ပြုလိုက်ခြင်းအပေါ် စိုးရိမ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဂူတာရက်စ်ပြောကြား

**နယူးယောက် စက်တင်ဘာ ၁၀**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်သည် မြောက်ကိုရီးယားနိုင်ငံက ချူကလီးယား ဥပဒေသစ်တစ်ရပ် အတည်ပြုလိုက်ခြင်းနှင့်ပတ်သက်ပြီး စိုးရိမ်ပူပန်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

မြောက်ကိုရီးယားနိုင်ငံ၏ အဆိုပါ ချူကလီးယား ဥပဒေသစ်တစ်ရပ်ကို စက်တင်ဘာ ၈ ရက်တွင် လွှတ်တော်က အတည်ပြုဆုံးဖြတ်ခဲ့ခြင်းဖြစ်ပြီး ခေါင်းဆောင် ကင်ဂျုံအန်းက မြောက်ကိုရီးယားနိုင်ငံသည် ချူကလီးယား လက်နက်ပိုင်ဆိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး နောက်ပြန်လှည့်၍ မရကြောင်း ၎င်း၏ မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

လုံခြုံရေးအယူဝါဒများတွင် ချူကလီးယားလက်နက်များ၏ အခန်းကဏ္ဍနှင့် အရေးပါမှုမြင့်တက်လာခြင်းသည် နိုင်ငံတကာအသိုင်းအဝိုင်းက ချူကလီးယားအန္တရာယ်လျှော့ချရေးနှင့် ကင်းစင်ရေး၏ ဆယ်စုနှစ်ကြာ ကြိုးပမ်းအားထုတ်မှုများကို သွေဖည်နေသည်ဟု ဂူတာရက်စ်က ဆိုသည်။

ထို့အပြင် ဂူတာရက်စ်က ကိုရီးယားကျွန်းဆွယ်တွင် ချူကလီးယားကင်းစင်ရေး ရည်မှန်းချက်အတွက် အဓိက ပါတီများနှင့် တွေ့ဆုံဆွေးနွေးမှု ပြန်လည်ပြုလုပ်ရန်အတွက် မြောက်ကိုရီးယားနိုင်ငံကို တောင်းဆိုလိုက်ကြောင်း ပြောသည်။

**အင်န်အိတ်ချ်ကေ**



ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်

# ကိုလံဘီယာ-ဗင်နီဇွဲလား နယ်စပ် စက်တင်ဘာ ၂၆ ရက်တွင် ပြန်လည်ဖွင့်လှစ်မည်

**ကာရာကက်စ် စက်တင်ဘာ ၁၀**

ဗင်နီဇွဲလားနိုင်ငံနှင့် အိမ်နီးချင်း ကိုလံဘီယာနိုင်ငံကြား နယ်စပ်ကို စက်တင်ဘာ ၂၆ ရက်တွင် ပူးတွဲပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း ဗင်နီဇွဲလားသမ္မတ နီကိုလပ်စ်မာဒူရိုက စက်တင်ဘာ ၉ ရက်က ကြေညာခဲ့သည်။

မြို့တော် ကာရာကက်စ်နှင့် မြောက်ပိုင်း ဗလင်စီယာမြို့မှ ကိုလံဘီယာ၏ မြို့တော်ဘိုဂိုတာသို့ လေကြောင်းခရီးစဉ်များကိုလည်း ပြန်လည်စတင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

မိမိတို့ပြည်သူများအကြား ဖလှယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု ကောင်းမွန်သော အစပြုခြင်းတစ်ခုကို ရောက်ရှိနေပြီဖြစ်ကြောင်း ကိုလံဘီယာနိုင်ငံ စီးပွားရေး၊ စက်မှုနှင့် ခရီးသွားလာရေးဝန်ကြီး ဒါရီယို အူမာနာမန်ဒိုဇာ နှင့် စက်တင်ဘာ ၈ ရက်က အစိုးရရုံးချုပ်၌ လက်ခံတွေ့ဆုံစဉ် ဗင်နီဇွဲလားသမ္မတ မာဒူရိုက ပြောကြားသည်။

ပထမအဆင့်အနေဖြင့် မိမိတို့နိုင်ငံများကြား လေကြောင်းဆက်သွယ်မှုနှင့် ကုန်စည်သယ်ယူ ပို့ဆောင်မှုများကို ပြန်လည်စတင်မည်ဖြစ်၍ နယ်စပ် ပြန်လည်ဖွင့်လှစ်ခြင်းကို အတည်ပြုခဲ့ကြောင်း ကိုလံဘီယာသမ္မတ ဂူစတာ ဗိုပက်ထရိုက စက်တင်ဘာ ၉ ရက်က အတည်ပြုပြောကြားသည်။

ကိုလံဘီယာသမ္မတ ပက်ထရိုသည် သမ္မတတာဝန်ထမ်းဆောင်ချိန်မှ စကာ ၂၀၁၉ ခုနှစ်တွင် ၎င်း၏ရှေ့၌ သမ္မတဟောင်း အိုင်ဗန်ဒူကီက ကာရာကက်စ်နှင့် ဘိုဂိုတာမြို့တို့ကို ဖြတ်တောက်ထားသည့် ဆက်ဆံရေးကို ပုံမှန်ဖြစ်အောင် တိုးမြှင့်ခဲ့သည်။

**ဆင်ဟွာ**



ဗင်နီဇွဲလားနိုင်ငံဆိုင်ရာ ကိုလံဘီယာသံအမတ်သစ် အာမန်ဒိုဘနီဒက်တီ နှင့် ဗင်နီဇွဲလားသမ္မတ နီကိုလပ်စ်မာဒူရိုတို့ ဗင်နီဇွဲလားနိုင်ငံ ကာရာကက်စ်မြို့၌ တွေ့ဆုံစဉ်။

# တရုတ်နိုင်ငံ၌ ဆယ်စုနှစ်အတွင်း အချိန်ပြည့် ဆရာ ဆရာမဦးရေ တိုးလာ

**ပေကျင်း စက်တင်ဘာ ၁၀**

တရုတ်နိုင်ငံ၌ အချိန်ပြည့် ဆရာ ဆရာမဦးရေသည် ဆယ်စုနှစ် အတွင်း ၃ ဒသမ ၈ သန်းနီးပါး တိုးလာကြောင်း ပညာရေးဝန်ကြီးဌာနက ထုတ်ပြန်သော ကိန်းဂဏန်း အချက်အလက်အရ သိရသည်။

အဆိုပါ ထုတ်ပြန်ချက်တွင် တိုးလာသော ဆရာ ဆရာမအရေအတွက်သည် ၂၀၁၂ ခုနှစ်တွင် ၁၄ ဒသမ ၆၃ သန်းရှိရာမှ ၂၀၂၁ ခုနှစ်တွင် ၁၈ ဒသမ ၅၅ သန်း ဖြစ်ကြောင်း ဖော်ပြထားသည်။ ထို့အပြင် ဆရာ ဆရာမများ၏ လစာနှင့် လူမှုအဆင့်အတန်းသည် လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း တိုးတက်မှုရှိခဲ့ကြောင်းနှင့် မူလတန်းနှင့် အလယ်တန်းပြ ဆရာ ဆရာမများ ပျမ်းမျှလစာသည် ဒေသဆိုင်ရာ ဝန်ထမ်းများ၏ လစာထက် မနိမ့်ကြောင်း သိရသည်။

ထို့အပြင် လွန်ခဲ့သော ဆယ်စုနှစ်အတွင်း မာစတာဘွဲ့အတွက် ဝင်ရောက်ဖြေဆိုသော ကျောင်းကြီးကြပ်ရေးမှူး အရေအတွက်သည် ၂၂၉၀၀၀ ရှိရာမှ ၄၂၄၀၀၀ သို့ မြင့်တက်လာပြီး ဆရာဝန်ဘွဲ့အတွက် ဝင်ရောက်ဖြေဆိုသော ကျောင်းကြီးကြပ်ရေးမှူး အရေအတွက်သည် ၆၉၀၀၀ ရှိရာမှ ၁၃၂၀၀၀ သို့ မြင့်တက်လာကြောင်း သိရသည်။

ကျေးလက် ဆရာ ဆရာမ ၁ ဒသမ ၃ သန်းကျော်သည် ၎င်းတို့ အပိုနေထိုင်မှု စရိတ်များအတွက် ထောက်ပံ့ပေးအပ်သည့် အထူးထောက်ပံ့ကြေး အစီအစဉ်မှ အကျိုးခံစားခွင့်များရရှိကြောင်း အဆိုပါ ဝန်ကြီးဌာနက ပြောသည်။

**ဆင်ဟွာ**




# လက်ဘနွန်နိုင်ငံ ဖုန်းဆိုင်တစ်ခု၌ ဓားပြတိုက်မှုဖြစ်ပွား၊ လေးဦးသေဆုံး

**ဘေရွတ် စက်တင်ဘာ ၁၀** – လက်ဘနွန်နိုင်ငံ မြောက်ပိုင်း ထရီပိုလီမြို့၌ စက်တင်ဘာ ၉ ရက်ညနေပိုင်းက မိုဘိုင်းဖုန်းဆိုင်တစ်ခုတွင် သေနတ်သမားအုပ်စုက ဓားပြတိုက်မှုဖြစ်ပွားပြီး ဆိုင်ပိုင်ရှင်နှင့် အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားရာ လေးဦးသေဆုံးကြောင်း အယ်လ်ဂျေဒိုရပ်သံလိုင်း၌ ဖော်ပြထားကြောင်း သိရသည်။

ထရီပိုလီမြို့ရှိ ဖုန်းဆိုင်တစ်ခု၌ ဓားပြတိုက်မှုအတွင်း သေနတ်သမားတစ်ဦး၊ ဆိုင်ပိုင်ရှင်အပါအဝင် ၎င်း၏ သူငယ်ချင်းနှစ်ဦး သေဆုံးသွားကြောင်း၊ စက်သေနတ်များနှင့် လက်ပစ်ဗုံးများ သယ်ဆောင်လာသည့် သေနတ်သမားများသည် အခင်းဖြစ်ပွားရာနေရာမှ ထွက်ပြေးသွားခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ လက်ဘနွန်နိုင်ငံသည် ဘဏ္ဍာရေးအကျပ်အတည်းများနှင့် ရင်ဆိုင်ခဲ့ရပြီး နိုင်ငံလူဦးရေ၏ ၈၀ ရာခိုင်နှုန်းကျော်မှာ ဆင်းရဲတွင်းသို့ ကျရောက်ခဲ့ရကြောင်း ကုလသမဂ္ဂ၏ ထုတ်ပြန်ချက်အရ သိရသည်။

**ဆင်ဟွာ**

# ပါကစ္စတန်၌ ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ ၁၃၉၆ ဦးခန့် ရှိလာ

**အစ္စလာမ္မာဘတ်  စက်တင်ဘာ ၁၀** – ပါကစ္စတန်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း မုတ်သုံမိုးသည်းထန်စွာရွာပြီး ရုတ်တရက် ရေကြီးရေလျှံမှုကြောင့် ငါးဦး ထက်မနည်းသေဆုံးကာ ခြောက်ဦးထိခိုက်ဒဏ်ရာရရှိကြောင်း အမျိုးသားဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့ (အင်န်ဒီအမ်အေ) က ပြောသည်။

စက်တင်ဘာ ၉ ရက်ညပိုင်း၌ အင်န်ဒီအမ်အေက ထုတ်ပြန်သော နောက်ဆုံးအချက်အလက်အရ ရေကြီးရေလျှံမှုနှင့်ဆက်စပ်သော မတော်တဆဖြစ်စဉ်များကြောင့် သေဆုံးသူများထဲတွင် ကလေးငယ်သုံးဦးနှင့် အမျိုးသမီးတစ်ဦးပါဝင်ကြောင်း သိရသည်။ နိုင်ငံအနောက်တောင်ပိုင်း ဘာလိုချီစတန်ပြည်နယ်သည် သေဆုံးသူ လေးဦးရှိသောကြောင့် ရေဘေးဒဏ်အသင့်ဆုံးဒေသဖြစ်ပြီး တောင်ပိုင်း ဆင်းဒ်ပြည်နယ်၌ တစ်ဦးသေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထို့အပြင် ပါကစ္စတန်နိုင်ငံတစ်ဝန်း ရေကြီးရေလျှံမှုကြောင့် အိုးအိမ် ၄၁၇၉ လုံး ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့သလို မွေးမြူရေးတိရစ္ဆာန် ၇၃၁ ကောင် သေဆုံးခဲ့ကြောင်း သိရသည်။ ပါကစ္စတန်နိုင်ငံသည် ဇွန်လလယ်မှစတင်ကာ မုတ်သုံမိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် သေဆုံးသူစုစုပေါင်း ၁၃၉၆ ဦးခန့်အထိ ရှိလာပြီဖြစ်သည်။ ထိခိုက်ဒဏ်ရာရရှိသူ အရေအတွက်သည်လည်း ၁၂၇၂၈ ဦးအထိ ရှိလာပြီဖြစ်ကြောင်း အင်န်ဒီအမ်အေက ပြောသည်။

**ဆင်ဟွာ**

# စင်ကာပူနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၈၂၄ ဦး ထပ်မံတွေ့ရှိ

**စင်ကာပူ စက်တင်ဘာ ၁၀** – စင်ကာပူနိုင်ငံ၌ စက်တင်ဘာ ၁၀ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၁၈၂၄ ဦးစစ်ဆေးတွေ့ရှိကြောင်း သိရသည်။ အဆိုပါကူးစက်ခံရသူများအနက် ၁၈၅ ဦးသည် ပီစီအာနည်းဖြင့် စစ်ဆေးတွေ့ရှိခြင်းဖြစ်ပြီး ၁၆၃၉ ဦးသည် အေအာတီနည်းဖြင့် စစ်ဆေးတွေ့ရှိခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့်စာရင်းအချက်အလက်များအရ သိရသည်။

လက်ရှိတွင် စင်ကာပူနိုင်ငံ၌ ဆေးရုံတက်ရောက် ကုသမှုခံယူနေသူ ၂၂၅ ဦးရှိရာ ရောဂါပြင်းထန်ပြီး အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူနေသူ ကိုးဦးရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# ကမ္ဘာကြီးရဲ့ ကူညီမှုကို မျှော်လင့်နေတဲ့ သဘာဝကပ်ဘေးအဆုံးမသတ်သေးတဲ့ ပါကစ္စတန်

**ထွန်းကျော်**



ပါကစ္စတန်နိုင်ငံ၌ ရေလွှမ်းမိုးနစ်မြုပ်မှုကြောင့် စက်လှေတစ်စင်းဖြင့် ပြောင်းရွှေ့မှုတွေလုပ်ဆောင်နေသောဒေသခံများကို တွေ့ရစဉ်။

ပါကစ္စတန်နိုင်ငံမှာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြို့တွေအားလုံးနီးပါး ရေလွှမ်းမိုးနစ်မြုပ်ခဲ့ပြီး အရေးကြီးတဲ့ သယ်ယူပို့ဆောင် ရေးကွန်ရက်တွေလည်း ပြတ်တောက်ကုန်ပါတယ်။ ရှိရင်းစွဲ ရေဘေးအန္တရာယ် ရင်ဆိုင်နေရတဲ့ ပါကစ္စတန်နိုင်ငံဟာ ဆောင်းရာသီ ဝင်ရောက်တော့မယ့်အချိန်မှာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဒုက္ခအကျပ်အတည်းတွေနဲ့လည်း ထပ်မံရင်ဆိုင်ရနိုင်တယ်လို့ အကူအညီပေးရေးအဖွဲ့တစ်ဖွဲ့က သတိပေးလိုက်ပါတယ်။

**မမျှော်မှန်းနိုင်တဲ့ သဘာဝဘေး**

ဇွန်လလယ်လောက်ကတည်းက စပြီးအဆက်မပြတ်ရွာသွန်းခဲ့တဲ့မိုးဟာ ပါကစ္စတန်နိုင်ငံကိုကပ်ဘေးကြီးအသွင် ဖြစ်ပေါ်စေခဲ့ပါတယ်။ ဩဂုတ်လမိုးရေချိန်ဟာ တစ်နှစ်ပျမ်းမျှမိုးရေချိန်ထက် သုံးဆနီးပါးရှိပါတယ်။ ပါကစ္စတန်နိုင်ငံတစ်ဝန်း ရေကြီးမှုနဲ့ တခြားဆက်စပ်ဘေးအန္တရာယ်များကြောင့် စက်တင်ဘာ ၅ ရက်အထိ သေဆုံးသူအရေအတွက်ဟာ ၁၃၀၀ ထက်မနည်းရှိခဲ့ပါတယ်။ အကြမ်းဖျင်းအားဖြင့် သေဆုံးသူ သုံးပုံ တစ်ပုံလောက်ဟာ ကလေးတွေ ဖြစ်ကြပါတယ်။

ရေဘေးကြောင့် အိမ်ပေါင်း ၁ ဒသမ ၇ သန်းနီးပါး ပျက်စီးခဲ့ပါတယ်။ အဲဒီထဲက သုံးပုံတစ်ပုံဟာ အပြည့်အဝကို ပျက်စီးခဲ့တာဖြစ်ပါတယ်။ ဩဂုတ် ၃၀ ရက်အထိ ပါကစ္စတန်နိုင်ငံကုန်းမြေဧရိယာ သုံးပုံတစ်ပုံလောက်ဟာ ရေလွှမ်းမိုး နစ်မြုပ်ကုန်ကြပါတယ်။ လူပေါင်း ၃၃ သန်းကျော် ရေဘေးသင့်ခဲ့ပါ တယ်။

**ရေဘေးသင့် ပါကစ္စတန်မြောက်ပိုင်း ဆွတ်ဒေသ**

ရေဘေးဒုက္ခကတော့ နိုင်ငံတစ်ဝန်းဖြစ်ပွားခဲ့တာပဲ။ Miracles Trust လို့ခေါ်တဲ့ အကူအညီပေးရေး အဖွဲ့ခေါင်းဆောင် ဇီနက်ဘ် အက်ဒ်နန်က ကူညီကယ်ဆယ်ရေးအဖွဲ့တွေဟာ ပါကစ္စတန်မြောက်ပိုင်း ဆွတ်ဒေသမှာ ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေကို အားသွန်ခွန်စိုက် လုပ်ဆောင်လျက်ရှိပါတယ်။

ဆွတ်ဒေသရဲ့ လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်ဟာ စိုက်ပျိုးရေးကို အဓိက မှီခိုနေကြရပါတယ်။ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သူတို့ရဲ့ လယ်ယာမြေတွေလည်း ပျက်စီးကုန်ပါတယ်။ တောင်သူလယ်သမားတွေလည်း နောက်ထပ် သီးနှံတွေကို ထပ်မစိုက်နိုင်တော့ပါဘူး။ စိုက်ပျိုးရေးခြံတွေလည်း ပျက်စီးကုန်ပါတယ်။ ဒါဟာသူတို့ရဲ့ စားဝတ်နေရေးပဲဖြစ်ပါတယ်။

တံတားအစင်းပေါင်းများစွာနဲ့ လမ်းတွေလည်း ပျက်စီးကုန်တဲ့အတွက် အရေးကြီးတဲ့ အကူအညီထောက်ပံ့ပို့ဆောင်မှုကို အခက်အခဲတွေဖြစ်စေခဲ့ပါတယ်။

**ဆောင်းရာသီနဲ့ ဒုက္ခအကျပ်အတည်း**

ဆွတ်ဒေသမှာ အခြေအနေတွေဆိုးလာသလို ဘယ်လိုမျိုးနောက်ထပ် စိုးရိမ်ဖွယ်အခြေအနေတွေ ထပ်ဖြစ်လာဦးမလဲဆိုတာ စိတ်ပူနေကြပါတယ်။ အောက်တိုဘာလမှာ နိုင်ငံမြောက်ပိုင်းဟာ စတင်အေးလာတော့မှာ ဖြစ်ပါတယ်။ ဆီးနှင်းတွေဟာလည်း နိုဝင်ဘာလကတည်းက စတင်ကျဆင်းတော့မှာဖြစ်ပါတယ်။

ဧပြီလအထိ ဆီးနှင်းများ ဆက်လက်ကျဆင်းနေဦးမှာဖြစ်ပါတယ်။ တချို့နေရာတွေမှာ ဆီးနှင်းတွေဟာ ထူထပ်စွာကျဆင်းမှာဖြစ်ပါတယ်။ ဒါကြောင့် အဲဒီလိုအခြေအနေတွေကို အရေးပေါ်ကူညီဖို့ လိုအပ်ပါတယ်။

**သယ်ယူပို့ဆောင်ရေးပြဿနာများ**

ဒ့ါအပြင် သယ်ယူပို့ဆောင်ရေးပြဿနာများကို ဖြေရှင်းဖို့ နိုင်ငံတကာအကူအညီများကိုလည်း တောင်းဆိုထားပါတယ်။ ပါကစ္စတန် အင်ဂျင်နီယာတပ်တွေဟာ တံတားတွေကို ကြိုးတွေ၊ သစ်သားတွေနဲ့လက်ဖြစ်တည်ဆောက်နေကြပါတယ်။ သို့သော်လည်း ဒါဟာ စားနပ်ရိက္ခာတွေနဲ့ ဒုက္ခသည်ကယ်ဆယ်ရေး ပစ္စည်းပစ္စယတွေကို သယ်ယူဖို့ မလုံလောက်သေးပါဘူး။ စတီးတံတားတွေလည်း အများကြီးလိုအပ်ပါတယ်။

**ထောက်ပံ့မှုအချိန်အတော်ကြာလိုအပ်နေမယ့် ပါကစ္စတန်**

ပါကစ္စတန်နိုင်ငံဟာ ကမ္ဘာကြီးရဲ့ အာရုံစိုက်မှုနဲ့ ထောက်ပံ့မှုကို အချိန်အတော်ကြာလိုအပ်နေဦးမှာဖြစ်ပါတယ်။ တခြားနိုင်ငံတွေဟာ သဘာဝဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်မှုကို အစောပိုင်းလုပ်ဆောင်လျက်ရှိပါတယ်။

ကုလသမဂ္ဂက အမေရိကန်ဒေါ်လာသန်း ၁၆၀ ကိုကူညီဖို့မျှော်လင့်ထားပါတယ်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီအဖြစ် ဥရောပသမဂ္ဂကလည်း ယူရို ၂ ဒသမ ၁ သန်းကျော် ခွဲဝေချထားပေးပါတယ်။ ဒါဟာ အမေရိကန်ဒေါ်လာ နှစ်သန်းကျော်နဲ့ ညီမျှပါတယ်။

သို့သော်လည်း ပါကစ္စတန်ဝန်ကြီးချုပ်က အကူအညီတွေကို လျင်လျင်မြန်မြန် တိုးတက်အောင်လုပ်ဆောင်ရမယ်လို့ ပြောပါတယ်။ အက်နန်ကဘဏ္ဍာရေးအခြေအနေကို ဖော်ပြခဲ့သလို ပါကစ္စတန်နိုင်ငံဟာ သူ့ဘာသာသူ ဒီကပ်ဆိုးကြီးကို ကိုင်တွယ်နိုင်မှာမဟုတ်ပါဘူး။

နောက်ထပ် အကူအညီတွေ များများရဖို့အရေး တောင်းဆိုရမှာဖြစ်သလို နည်းပညာဆိုင်ရာ ပြောင်းလဲကျင့်သုံးမှုတွေလည်း လိုအပ်လျက်ရှိပါတယ်။ ဒီအခြေအနေအရပ်ရပ်ကို ကိုင်တွယ်နိုင်ဖို့ဆိုရင် မိမိတို့ကိုကူညီကြပါလို့ တောင်းဆိုထားပါတယ်။ လမ်းတွေပြန်လည်တည်ဆောက်မှုဟာ လချီကြာနိုင်တာမဟုတ်ပါဘူး။ နှစ်ချီတောင်ကြာသွားနိုင်ပါတယ်။ ဒါကြောင့် ကမ္ဘာကြီးအနေဖြင့် ပါကစ္စတန်နိုင်ငံကို မျက်ကွယ်မပြုဘဲ အာရုံစိုက်ပေးကြဖို့ တောင်းဆိုလိုက်ပါတယ်။

**ကိုးကား-အင်န်အိတ်ချ်ကေ**

- ပါကစ္စတန်နိုင်ငံဟာ ကမ္ဘာကြီးရဲ့ အာရုံစိုက်မှုနဲ့ ထောက်ပံ့မှုကို အချိန်အတော်ကြာလို အပ်နေဦးမှာဖြစ်ပါတယ်။ တခြားနိုင်ငံတွေဟာ သဘာဝဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်မှုကို အစောပိုင်းလုပ်ဆောင်လျက်ရှိပါတယ်။
- ကုလသမဂ္ဂက အမေရိကန်ဒေါ်လာသန်း ၁၆၀ ကိုကူညီဖို့မျှော်လင့်ထားပါတယ်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီအဖြစ် ဥရောပသမဂ္ဂကလည်း ယူရို ၂ ဒသမ ၁ သန်းကျော် ခွဲဝေချထားပေးပါတယ်။ ဒါဟာ အမေရိကန်ဒေါ်လာ နှစ်သန်းကျော်နဲ့ ညီမျှပါတယ်။

# နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ရေးအရှိန်မြှင့်တင်ဆောင်ရွက်

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကူးစက်ပြန့်ပွားမှုသည် ပြည်တွင်းကူးစက်မှုများ ပိုမိုများပြားလာလျက်ရှိရာ အမြို့မြို့အနယ်နယ်၌ ကြိုတင်ကာကွယ်ရေးအစီအမံများ အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး ပြည်သူတစ်ရပ်လုံးအနေဖြင့်လည်း ရောဂါကူးစက်မှု မဖြစ်ပွားရေးအတွက် ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်လျက်ရှိပါသည်။

## အောက်ဆီဂျင်စက်ရုံများအတွက် လိုအပ်သည်များ ပံ့ပိုးကူညီနိုင်ရေးဆွေးနွေး

**ကျောက်ပန်းတောင်း စက်တင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ လူမှုကူညီရေးပရဟိတအဖွဲ့များက ဆောင်ရွက်လျက်ရှိသည့် အောက်ဆီဂျင်စက်ရုံများ လည်ပတ်ဆောင်ရွက်နေမှုများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းလွင်နှင့် အဖွဲ့ဝင်များက စက်တင်ဘာ ၉ ရက်က သွားရောက်ကြည့်ရှုခဲ့ကြပြီး လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်မည့်အခြေအနေများကို ဆွေးနွေးခဲ့သည်။

မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များသည် ကျောက်ပန်းတောင်းမြို့ သုဂတိရှင် နာမှုကူညီရေးအသင်းက ဆောင်ရွက်လျက်ရှိသည့် အောက်ဆီဂျင်ထုတ်စက်ရုံနှင့် အောင်မင်္ဂလာရပ်ကွက် စိတ္တပါလဂူကျောင်းအနီးရှိ အောက်ဆီဂျင်ထုတ်စက်ရုံများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ နေ့စဉ်ထုတ်လုပ်နိုင်မှု အခြေအနေနှင့် ရေရှည်လည်ပတ်နိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှု၊ အောက်ဆီဂျင်လိုအပ်ချက်ရှိသူများကို အောက်ဆီဂျင်အိုးများ ငှားရမ်းဆောင်ရွက်နေမှုများကို မေးမြန်း၍ ရေရှည်ရပ်တည်နိုင်ရေး လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်သွားနိုင်ရန် အခြေအနေများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။



ကျောက်ပန်းတောင်းမြို့နယ်၌ ပရဟိတအဖွဲ့များက မြို့မိမြို့ဖများ၏ ထောက်ပံ့လှူဒါန်းမှုဖြင့် အောက်ဆီဂျင်ထုတ် စက်ရုံနှစ်ရုံ တည်ဆောက်ထားရှိရာ လျှပ်စစ်မီး ပုံမှန်ရရှိမည်ဆိုပါက သုဂတိရှင် နာမှုကူညီရေးအသင်းရုံး၌ ဆောင်ရွက်နေသည့် စက်ရုံမှ တစ်နေ့လျှင် အောက်ဆီဂျင်လီတာ ၄၀ ဆံ့ အိုး ၈၀ (လီတာ ၃၂၀၀)ထုတ်လုပ်ပေးနိုင်ကာ စိတ္တပါလ ဂူကျောင်းအနီးရှိ စက်ရုံမှ တစ်နေ့လျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ၉၀ (လီတာ ၃၆၀၀) ထုတ်လုပ်ပေးနိုင်ကြောင်းနှင့် အောက်ဆီဂျင်လိုအပ်သူများအတွက် အိုးငယ်များကို အလှူငွေထည့်ဝင်စေ၍ ကူညီဆောင်ရွက်ပေးနေကြောင်း သိရသည်။

**နေအောင် (ပြန်/ဆက်)**

## တနိုင်းမြို့နယ်၌ ပြည်သူများ နှာခေါင်းစည်း တပ်ဆင်သွားလာရေး အသိပညာပေး

**တနိုင်း စက်တင်ဘာ ၁၀**

ကချင်ပြည်နယ် တနိုင်းမြို့နယ်၌ ကိုဗစ် - ၁၉ မျိုးရိုးဗီဇပြောင်း အိုမီခရွန်ရောဂါ ကူးစက်ခံရမှုမရှိစေရန် ကြိုတင်ကာကွယ်နိုင်ရေး



အတွက် ပြည်သူများ နေအိမ်ပြင်ပထွက်ခွာတိုင်း နှာခေါင်းစည်း တပ်ဆင်သွားလာသည့် အလေ့အကျင့်များ လိုက်နာကျင့်သုံးစေရန် အသိပညာပေး Mask Campaign ကို စက်တင်ဘာ ၉ ရက်က တနိုင်းမြို့ လူစည်ကားသည့် လမ်းဆုံနေရာ၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်စိုး ဦးဆောင်ပြီး ဌာနဆိုင်ရာများ ပူးပေါင်း၍ ပြည်သူများအား ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ် - ၁၉ ရောဂါ စည်းကမ်းချက်များကို ဆက်လက်လိုက်နာကျင့်သုံးကြရန်၊ လူထူထပ်သောနေရာများသို့ သွားလာပါက နှာခေါင်းစည်းစနစ်တကျ တပ်ဆင်သွားလာကြရန် အသိပညာပေးပြီး နှာခေါင်းစည်းခုရေ ၁၀၀၀ ကို အခမဲ့ဖြန့်ဝေပေးသည်။

**မနော်မြေ(တနိုင်း)**

## ပြည်ကြီးတံခွန်မြို့နယ်၌ ကိုဗစ်- ၁၉ ကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံ

**မန္တလေး စက်တင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက တံခွန်တိုင်ရပ်ကွက် ဗုဒ္ဓသာဝိကာသီလရှင်စာသင်တိုက်၌ စက်တင်ဘာ ၉ ရက်က ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ကာကွယ်ဆေးထိုးနှံရာတွင် ကိုယ်ပူချိန်တိုင်းပေးခြင်း၊ သွေးပေါင်ချိန် တိုင်းပေးခြင်း၊ ကျန်းမာရေး စစ်ဆေးခြင်းများ ဆောင်ရွက်ပေးပြီး စနစ်တကျ ထိုးနှံပေးခဲ့ရာ ဗုဒ္ဓသာဝိကာသီလရှင်စာသင်တိုက်ရှိ သီလရှင်အပါး ၁၇၀ အား ထိုးနှံပေးနိုင်ခဲ့ကြောင်း သိရသည်။

**ခရိုင်**
**(ပြန်/ဆက်)**



## ရွှေပြည်သာမြို့နယ်၌ Mask Campaign ပြုလုပ်

**ရွှေပြည်သာ စက်တင်ဘာ ၁၀**

ကိုဗစ်ရောဂါကြိုတင်ကာကွယ်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၌ ပိုးသတ်ဆေးဖျန်းခြင်းနှင့် Mask Campaign ပြုလုပ်ခြင်းကို အမှတ် (၅) ရပ်ကွက်ရှိ သီရိမာလာဈေး အမှတ်(၄)လမ်းမကြီးနှင့် အမှတ်( ၁၀) ရပ်ကွက်ရှိ အမှတ်( ၁၂) အခြေခံပညာအထက်တန်းကျောင်းတို့၌ စက်တင်ဘာ ၉ ရက်က ဆောင်ရွက်ခဲ့သည်။

ကိုဗစ်- ၁၉ ရောဂါ တားဆီးကာကွယ်ရေးအတွက် ပြည်သူများ နေအိမ်မှ ပြင်ပသို့ ထွက်ခွာသည့်အခါတိုင်း နှာခေါင်းစည်း စနစ်တကျ တပ်ဆင်ကြရန်နှင့် ကိုဗစ်ရောဂါ ကူးစက်ပျံ့နှံ့မှု မရှိစေရေး အသိပညာပေးခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်းတို့ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတအသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ညောင်ရွှေမြို့နယ်အတွင်း ကိုဗစ်- ၁၉ ထပ်ဆောင်းကာကွယ်ဆေး ဆက်လက်ထိုးနှံပေး

**ညောင်ရွှေ စက်တင်ဘာ ၁၀**

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ်အတွင်း ပြည်သူများ ကိုဗစ်- ၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု တားဆီးကာကွယ်ရေးအတွက် ကိုဗစ်- ၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး(Boster dose)များ ထိုးနှံပေးခြင်းကို စက်တင်ဘာ ၈ ရက်က မြို့နယ်ခန်းမ၌ ဆက်လက်ဆောင်ရွက်ပေးသည်။

ညောင်ရွှေမြို့၌ မြို့နယ်ကျန်းမာရေးဌာနမှ ဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ ပူးပေါင်း၍ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးခြင်းကို အပတ်စဉ် တနင်္လာနေ့နှင့် ကြာသပတေးနေ့များတွင် ဆောင်ရွက်ပေးလျက်ရှိကာ စက်တင်ဘာ ၈ ရက်အထိ လူဦးရေ ၉၃၁၈ ဦး အား ထိုးပေးပြီးဖြစ်ကြောင်း ကျန်းမာရေးဌာနမှ သိရသည်။

**စိုင်းအယ်ဘဲ**



## ဘူးသီးတောင်မြို့နယ်၌ Mask Campaign ပြုလုပ်

**ဘူးသီးတောင် စက်တင်ဘာ ၁၀**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်၌ ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်း အိုမီခရွန် ကူးစက်မှုမရှိစေရန်နှင့် ကာကွယ်ထိန်းချုပ်နိုင်ရန် မြို့နယ် ကိုဗစ်- ၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများပူးပေါင်းအဖွဲ့က ပြည်သူများအား နှာခေါင်းစည်း တပ်ဆင်ရန် အသိပညာပေးသည့် Mask Campaign ကို စက်တင်ဘာ ၉ ရက်က ဘူးသီးတောင်မြို့မှ မောင်တောမြို့သို့ သွားရာ မြို့ဝင်/ ထွက်ဂိတ်၌ ဆောင်ရွက်သည်။

ကိုဗစ်-၁၉ အိုမီခရွန်မျိုးရိုးဗီဇပြောင်း ရောဂါပိုး ဘီအေ- ၅ အမျိုးအစားသည် ရန်ကုန်မြို့အပါအဝင် အခြားမြို့ကြီးများ၌ စတင် ပျံ့နှံ့လျက်ရှိပြီး ရောဂါကူးစက်မှုများလည်း စတင်များပြားလာသည့်အတွက် ကာကွယ်ထိန်းချုပ်နိုင်ရန် ပြည်သူများ အိမ်အပြင်ထွက်ပါက မဖြစ်မနေ နှာခေါင်းစည်း တပ်ဆင်သွားလာရန်နှင့် ကိုဗစ်- ၁၉ ထပ်ဆောင်း ကာကွယ် ဆေးထိုးနှံကြရန် အသိပေးခြင်းများကို မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးကျန်အေးနှင့် ဌာနဆိုင်ရာများက ဆောင်ရွက်၍ ပြည်သူများအား နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**လှကျော်( ပြန်/ဆက်)**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၆၂ ဦး အနက် ၂၄၃ ဦးမှာ ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများဖြစ်

## ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၂ ဒသမ ၄၃ ရာခိုင်နှုန်းရှိ

**(၁၀-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၉-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၀-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၀,၈၀၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၆၂) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၂.၄၃) ရာခိုင်နှုန်း ရှိပါသည်။ ယနေ့တွေ့ရှိသော ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၆၂) ဦးအနက် (၁၉) ဦး၊ (၇.၃) ရာခိုင်နှုန်းမှာ ပြည်ပမှဝင်ရောက်လာသူများအား ဓာတ်ခွဲစစ်ဆေးရာမှ တွေ့ရှိခြင်းဖြစ်ပြီး (၂၄၃) ဦး၊ (၉၂.၇) ရာခိုင်နှုန်းမှာ ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများဖြစ်ပါသည်။

**ဓာတ်ခွဲအတည်ပြုလူနာသစ် တွေ့ရှိမှုအခြေအနေ**
**(၁၀-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲအတည်ပြုလူနာသစ်တွေ့ရှိမှု | လူနာသစ် (ဦးရေ) | ရာခိုင်နှုန်း |
|---|---|---|
| ပြည်ပမှဝင်ရောက်လာသူများ | (၁၉) ဦး | (၇.၃) % |
| ပြည်တွင်းတွင်ကူးစက်ဖြစ်ပွားသူများ | (၂၄၃) ဦး | (၉၂.၇) % |
| **စုစုပေါင်း** | **(၂၆၂) ဦး** | **(၁၀၀) %** |

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၈၃၄,၈၈၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၆,၆၆၃) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၉၅) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၄,၂၂၃) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၄၂) ဦး ရှိပါသည်။

ကိုဗစ်–၁၉ ရောဂါသည် နိုင်ငံတကာနှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ဖြစ်ပွားမှု များပြားလျက်ရှိပါသည်။ မိမိတို့နိုင်ငံတွင် ကိုဗစ်–၁၉ မျိုးရိုးဗီဇပြောင်း အိုမီခရွန်ရောဂါပိုးများကို ပြည်ပမှ ဝင်ရောက်လာသူများနှင့် ပြည်တွင်းကူးစက်ခံရသူများတွင် တွေ့ရှိနေရပြီး ယခုရက်ပိုင်းအတွင်း ကိုဗစ်–၁၉ ရောဂါ ပြည်တွင်းအစုလိုက် ကူးစက်မှုများဖြစ်ပွားလျက်ရှိသည်ကို တွေ့ရပါသည်။

ရောဂါကူးစက်ပြန့်ပွားမှုများအား လျော့ကျစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများဖြစ်သည့် –

(က) ပါးစပ်နှင့်နှာခေါင်းစည်း (Mask) တပ်ဆင်ခြင်းကို အခန်းတွင်း၌ လူတစ်ဦးနှင့်တစ်ဦး နီးကပ်စွာရှိနေခြင်း၊ အများပြည်သူအသုံးပြုသောယာဉ်များဖြင့် ခရီးသွားလာခြင်း၊ အများပြည်သူ ဝင်/ထွက် သွားလာအသုံးပြုသော ဆေးရုံ/ကျန်းမာရေးဌာနများ၊ ရုံးများ၊ သင်တန်းများ၊ ကျောင်းများ၊ ဈေးများ၊ ဈေးဝယ်စင်တာများ၊ ဘိုးဘွားရိပ်သာအစရှိသော လူစုလူဝေးရှိရာနေရာများတွင် မဖြစ်မနေတပ်ဆင်ရန်၊

(ခ) ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ နှာစေးခြင်း၊ လည်ချောင်းနာခြင်းစသည့် ကိုဗစ်–၁၉ ရောဂါ သံသယ လက္ခဏာတစ်ခုခုရှိပါက နီးစပ်ရာကျန်းမာရေးဌာနသို့ သတင်းပို့ရန်လိုအပ်ပြီး ပါးစပ်နှင့်နှာခေါင်းစည်း (Mask) တပ်ဆင်ခြင်းကို မဖြစ်မနေဆောင်ရွက်ရန်၊

(ဂ) ရုံးဌာနများသို့ ဖြန့်ဝေထားပြီးဖြစ်သည့် ရုံးဌာနများ၊ လုပ်ငန်းခွင်များအတွက် ထုတ်ပြန်ထားသည့် ကိုဗစ်–၁၉ ရောဂါကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာရန်၊

(ဃ) ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်းအားဖြင့် ရောဂါကူးစက်ဖြစ်ပွားမှု၊ ရောဂါပြင်းထန်မှုနှင့် သေဆုံးမှုတို့ကို လျှော့ချပေးနိုင်သည်ဖြစ်ရာ အသက် ၅ နှစ်နှင့် အထက်ရှိသူအားလုံးသည် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သည့်အပြင် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးထိုးနှံပြီးစီးမှုကာလ ခြောက်လရှိနေသော ပြည်သူများသည်လည်း ထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ ထပ်မံထိုးနှံရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ မိဘပြည်သူများအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို စနစ်တကျတပ်ဆင်ခြင်းနှင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို မပျက်မကွက်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် စက်တင်ဘာ ၁၀**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ နာတာရှည် ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက်ငါးနှစ်မှ ၁၂ နှစ်အထက် အခြေခံပညာ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများသတ်မှတ်၍တပ်မတော်မှဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကိုဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၈၁၈၅ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ်သုံးမြို့နယ်၌ ဒေသခံပြည်သူ ၂၀၂၆ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခု၌ ဒေသခံပြည်သူ ၅၄၀၄ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်းကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၂၃၅၄ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် သုံးမြို့နယ်၌ ကျောင်းသား ကျောင်းသူ ၁၈၅၃ ဦးနှင့် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင် ခုနစ်ခု၌ ကျောင်းသား ကျောင်းသူ ၆၃၈ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



လက်တွင် ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို
ပျက်စီးစေရန်အတွက် လက်ကို
ဆပ်ပြာနှင့်ရေအသုံးပြု၍ အနည်းဆုံး စက္ကန့်(၂၀) ကြာဆေးကြောပါ။



# နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနား ဇမ္ဗူသီရိမြို့နယ်၌ကျင်းပ

**ဇမ္ဗူသီရိ စက်တင်ဘာ ၁၀**

နေပြည်တော်ပညာရေးမှူးရုံးက ကြီးမှူး၍ ၂၀၂၂ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားကို ဇမ္ဗူသီရိမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ စက်တင်ဘာ ၈ ရက်က ကျင်းပရာ နေပြည်တော်ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဦးဖေယျာလင်း၊ ဦးမြင့်စိုးနှင့် ဦးကျော်သိန်းဆိုင်၊ နေပြည်တော်ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးအောင်ဆွေဦးနှင့် တာဝန်ရှိသူများ၊ ခရိုင်ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများ၊ မြို့နယ်ကျန်းမာရေးဦးစီး ဌာနမှူးနှင့် ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများ၊ ကျောင်းသား/သူများ တက်ရောက်သည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးဖေယျာလင်းက ကမ္ဘာ့နိုင်ငံအများစုတွင် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ကို ကျင်းပခဲ့သည်မှာ ၂၀၂၂ ယခုနှစ်တွင် ၅၆ နှစ်ပြည့်ပြီဖြစ်ကြောင်း၊ ယခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ ဆောင်ပုဒ်မှာ "သင်ယူမှုဝန်းကျင်များ ချဲ့ထွင်သင်ယူကြပါစို့ (Trans-forming Literacy Learning Places) ဖြစ်ကြောင်း၊ ယနေ့နိုင်ငံတော်တွင် ကျင့်သုံးနေသည့် ကျောင်းနေအရွယ် ကလေးတိုင်းကျောင်းနေနိုင်ရေးသည် စာမတတ်သူပပျောက်ရေးကို ဦးတည်ခြင်းဖြစ်ကြောင်း အမှာစကား ပြောကြားသည်။

ထို့နောက် ပညာရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်စပယ်လွင်က ၂၀၂၂ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ ယူနက်စကိုညွှန်ကြားရေးမှူးချုပ်၏သဝဏ်လွှာကို ဖတ်ကြားပြီး ဇမ္ဗူသီရိမြို့နယ် အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက "စာတတ်မြောက်ရေး ဝိုင်းကူပေး" သီချင်းဖြင့် သီဆိုဂုဏ်ပြု ဖျော်ဖြေခဲ့ကြသည်။

မြို့နယ် (ပြန်/ဆက်)

## ညောင်ဦးမြို့နယ်၌ အဘိုးအဘွားများအား လူမှုရေးပင်စင်ထောက်ပံ့

**ညောင်ဦး စက်တင်ဘာ ၁၀**

ညောင်ဦးမြို့နယ်ရှိ အသက် ၈၅နှစ်နှင့်အထက် အဘိုးအဘွားများအား လူမှုရေးပင်စင် ထောက်ပံ့ခြင်းကို စက်တင်ဘာ ၈ ရက်က ညောင်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် ညောင်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနန်းတင့်က အမှာစကားပြောကြားပြီး ညောင်ဦးခရိုင် လူမှုဝန်ထမ်းရုံး ခရိုင်ဦးစီးမှူး ဒေါ်မိုးမိုးစန်းက လူမှုရေးပင်စင် ထောက်ပံ့ရခြင်း ရှင်းလင်းပြောကြားသည်။ ၂၀၂၂-၂၀၂၃ ခုနှစ် ဘဏ္ဍာနှစ် ဒုတိယသုံးလပတ်အတွက် ညောင်ဦးမြို့ရှိ အသက် ၈၅ နှစ်နှင့်အထက် အဘိုးအဘွားများ (ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာ) လများအတွက် အဘိုးအဘွား ၁၂၉၉ ဦးအတွက် ငွေကျပ် ၃၈၉၇၀၀၀၀ ကို မြို့နယ်အတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် အဘိုးအဘွားများအား လူမှုရေးပင်စင်ထောက်ပံ့ရာ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် အဘိုးအဘွားများ လက်ဝယ်အရောက် ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

ဝင်းထိန်(ပြန်/ဆက်)

# ရွှေမော်ဓောစေတီတော်ကြီး၌ စက်လှေကား တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိ



ပဲခူး စက်တင်ဘာ ၁၀

**ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့၏ ကျက်သရေဆောင် ရေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး၌ ရွှေ့လျားလျှပ်စစ် စက်လှေကား နှစ်စင်းတပ်ဆင်ခြင်းလုပ်ငန်းများကို စက်တင်ဘာ ၆ ရက်မှစ၍ ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။**

အဆိုပါ စက်လှေကားနှစ်စင်းကို စေတီတော်မြတ်ကြီး၏ အနောက်ဘက်မုခ်၊ အနောက်ဘက်စောင်းတန်းတွင် တပ်ဆင်နေခြင်းဖြစ်ပြီး အနယ်နယ်အရပ်ရပ်မှ ဘုရားဖူး လာရောက်ကြသည့် ရဟန်းရှင်လူ ပြည်သူများ သက်သောင့်သက်သာ တက်ရောက်ဘုရားဖူးနိုင်ရန် တပ်ဆင်ခြင်းဖြစ်သည်။

"ရွှေ့လျား စက်လှေကား တပ်ဆင်ခြင်းကို စက်တင်ဘာ ၆ ရက်က စတင်လုပ်ဆောင်တာပါ။ တပ်ဆင်ပြီးစီးချိန်က ၂၁ ရက်လောက် အချိန်ကြာပါမယ်။ အားလုံး တပ်ဆင်ပြီးစီးသွားရင် စမ်းသပ် မောင်းတာပါနဲ့ဆို စက်တင်ဘာလကုန်ဆို စတင်အသုံးပြုနိုင်မှာပါ" ဟု စက်လှေကားတပ်ဆင်မှု လုပ်ငန်းကို တာဝန်ယူ ဆောင်ရွက်သည့် ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စေတီတော်မြတ်ကြီးတွင် စက်လှေကား တပ်ဆင်နိုင်ရေးအတွက် ဩဝါဒဆရာတော်ကြီးများ၏ ဩဝါဒကို ခံယူကာ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ဂေါပကအဖွဲ့က ဆောင်ရွက်ခြင်းဖြစ်ပြီး ကျပ်သိန်းပေါင်း ၃၅၀၀ ခန့် ကုန်ကျမည်ဖြစ်သည်။

"ဘုရားကို လာရောက်ဖူးမြော်ကြည်ညိုကြတဲ့ စေတနာရှင် ပြည်သူတွေရဲ့ ထည့်ဝင်လှူဒါန်းခဲ့ကြတဲ့ အလှူငွေတွေနဲ့ ရွှေ့လျား စက်လှေကား နှစ်စင်းကို တပ်ဆင်တာပါ။ ခုလက်ရှိမှာ ကျပ် ၅၇ သိန်းကို စေတနာရှင် ဘုရားဖူးပြည်သူတွေက လှူဒါန်းထားပါတယ်။ လှူဒါန်းလိုသူတွေ အနေနဲ့လည်း ဂေါပကအဖွဲ့ထံ ဆက်သွယ် လှူဒါန်းနိုင်ပါတယ်" ဟု အလှည့်ကျ ဂေါပကအဖွဲ့ ဥက္ကဋ္ဌက ပြောသည်။

စက်လှေကား နှစ်စင်း တပ်ဆင်မှုလုပ်ငန်းတွင် ပါဝင်လှူဒါန်းလိုပါက ဂေါပကအဖွဲ့ရုံး၊ ဖုန်း ၀၉-၇၆၆၄၃၅၇၀၉၊ ၀၅၂ ၂၂၄၂၅၅၊ ၀၅၂ ၂၂၁၀၆၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ပဲခူးမြို့ရှိ ရွှေမော်ဓောစေတီတော်မြတ်ကြီးသည် မြန်မာနိုင်ငံတစ်ဝန်းရှိ ဉာဏ်တော်အမြင့်ဆုံးသော စေတီတော်များတွင် တစ်ဆူ အပါအဝင်ဖြစ်ကာ ၃၇၃ ပေနှင့် ကိုးလက်မမြင့်၍ စေတီတော်ကြီး၏ သက်တမ်းသည် နှစ်ပေါင်း ၂၀၀၀ ကျော်ရှိပြီဖြစ်သည်။

ရွှေမော်ဓောစေတီတော်မြတ်ကြီးတွင် တပ်ဆင်သည့် ရွှေ့လျားလျှပ်စစ်စက်လှေကားသည် ပဲခူးမြို့၌ ဒုတိယမြောက်ဖြစ်ပြီး ပထမဆုံး စက်လှေကားတပ်သည့် ဘုရားမှာ ဟသ်ာကုန်းစေတီတော်ကြီးဖြစ်သည်။

မောင်ယဉ်ဦး

# သီတင်းကျွတ်မီးထွန်းပွဲတော်အတွက် မြန်မာ့ရိုးရာမီးပုံးများ မန္တလေးဈေးကွက်၌ စတင်ပြုလုပ်ရောင်းချ

**မန္တလေး စက်တင်ဘာ ၁၀**

သီတင်းကျွတ်မီးထွန်းပွဲတော်အတွက် မြန်မာ့ရိုးရာမီးပုံးများနှင့် ဆက်စပ်ထုတ်ကုန်များ မန္တလေးဈေးကွက်၌ စတင်ပြုလုပ်ရောင်းချနေပြီဖြစ်ပြီး ယမန်နှစ်ထက် ဈေးအနည်းငယ်သာ မြင့်တက်မှုရှိကြောင်း မီးပုံးများပြုလုပ်၍ ရောင်းချနေသူ ဦးမြင့်ထွေးက ပြောသည်။

"ကျွန်တော်တို့က ဘိုးစဉ်ဘောင်ဆက် မီးပုံးတွေလုပ်ပြီး ဖောက်သည်ပေးတယ်။ ဝယ်သူတွေ ဈေးမများအောင် အတတ်နိုင်ဆုံး ဈေးလျှော့ရောင်းပါတယ်။ ဒီနှစ်မှာ ကြာဖူးပုံလေးနဲ့ မီးပုံးကို ဒီဇိုင်းအသစ်ထုတ်ထားတယ်။ မီးပုံးကတော့ သီတင်းကျွတ်လပြည့်နားနီးမှ အများကြီး ထုတ်ပါတယ်။ အမှာကလည်း အဲဒီကျမှ အများကြီးလာတာပါ။ ခုချိန်မှာ ကား၊ သင်္ဘော၊ တိရစ္ဆာန်ရုပ်တွေကို ကြိုလုပ်ထားတယ်။ ကုန်ကြမ်းဈေးတက်ပေမယ့် မီးပုံးတွေကတော့ မနှစ်ကထက် ဈေးအနည်းငယ်ပဲ တက်ပါတယ်"ဟု ၎င်းက ပြောသည်။

ထိုသို့ထုတ်လုပ်ရာတွင် မီးပုံးများသာမက ကလေးများနှစ်သက်သည့် လေယာဉ်ပျံ၊ မော်တော်ကား၊ သင်္ဘောနှင့် တိရစ္ဆာန်ရုပ်များ စသဖြင့် အရုပ်အမျိုးအစား ၁၂ မျိုးကျော်ကို ဖယောင်းတိုင် မီးထွန်းလျှင် အလင်းရောင်ရရှိစေရန် တရုတ်ပြည်မှဝယ်ယူရသော မှန်စက္ကူနှင့် ဆီစိမ်စက္ကူများဖြင့် ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ဈေးနှုန်းမှာလည်း အရွယ်အစား၊ ဒီဇိုင်းပုံစံပေါ်မူတည်၍အနည်းဆုံး ငွေကျပ် ၅၀၀ မှ သောင်းဂဏန်းအထိရှိကြောင်း သိရသည်။

"ရာသီစာဆိုတော့ သီတင်းကျွတ်မတိုင်မီ တော်သလင်းလကနေ စလုပ်ပြီး နယ်တွေအတွက် အော်ဒါပို့ပေးရတယ်။ ကျွန်တော်တို့ ရောင်းဈေးနဲ့ လက်လီတစ်ခုချင်း ရောင်းဈေးက ကွာတာပေါ့။ လေယာဉ်ပျံဆို ငွေကျပ်၂၀၀၀ နဲ့ဖောက်သည်ပေးရင် လက်လီမှာ ငွေကျပ် ၂၅၀၀-၃၀၀၀ လောက်ဖြစ်သွားတယ်။ လက်လီရောင်းတဲ့အခါ အမျိုးအစားအလိုက် ဈေးတင်ရောင်းကြတာပေါ့" ဟု ဆက်လက် ပြောသည်။



အဆိုပါ သီတင်းကျွတ်မီးထွန်းပွဲတော်ရာသီကုန်များကို မြန်မာနိုင်ငံအနှံ့အပြား တင်ပို့ရောင်းချနေရပြီး မှန်ရောင်စက္ကူနှင့် ဆီစိမ်စက္ကူအသုံးပြုကာ တင်းဝါးများဖြင့် ပုံစံမျိုးစုံပုံဖော်ပြုလုပ်သည့် မြန်မာ့လက်မှုပညာဖြစ်ကာ သီတင်းကျွတ်လ၏ မြန်မာ့ဓလေ့တစ်ခုလည်း ဖြစ်ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)


## ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆ ထိခိုက်မှုအန္တရာယ်ကြောင့် ပြည်သူတို့၏ အသက်နှင့် လူမှုစီးပွားဘဝဆုံးရှုံးမှုများ၊ ဒဏ်ရာရမှုများ လျော့နည်းကျဆင်းစေရေးအတွက် အမျိုးသား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ (NRSC) ၏ အချိန်တိုအတွင်း ထိရောက်မြန်ဆန်စွာ အကောင်အထည်ဖော်ရေး Quick Win လုပ်ငန်းအစီအမံ (၅) ရပ်နှင့်အညီ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မော်တော်ယာဉ် မောင်းနှင်အသုံးပြုရာတွင် မော်တော်ယာဉ်မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူများ အသက်ကယ်ထိုင်ခုံခါးပတ် ဝတ်ဆင်အသုံးပြုရန်၊

( ခ ) မော်တော်ဆိုင်ကယ် မောင်းနှင်စီးနင်းသူများ၊ နောက်မှလိုက်ပါစီးနင်းသူများအနေဖြင့် အရည်အသွေးပြည့်မီသော ဆိုင်ကယ်စီးဦးထုပ်များ ဝတ်ဆင်အသုံးပြုရန်နှင့် မေးသိုင်းကြိုး မြဲမြံစွာတပ်ဆင်အသုံးပြုရန်၊

( ဂ ) အရက်သေစာမူးယစ်သောက်စား၍ မော်တော်ယာဉ်ကို မောင်းနှင်ခြင်း မပြုရန်၊

(ဃ) မော်တော်ယာဉ်မောင်းနှင်နေစဉ် လက်ကိုင်ဖုန်း အသုံး မပြုရန်၊

( င ) မော်တော်ယာဉ်မောင်းနှင်ရာတွင် သတ်မှတ်ထားသည့် အမြန်နှုန်းထက်ပို၍ မောင်းနှင်ခြင်း မပြုရန်။

အမျိုးသားယာဉ်အန္တရာယ်၊
လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၁၀**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄- ကနှင့် ပုဒ်မ ၅၀၅- က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် အမှတ် (၁၆) ရပ်ကွက်နေ လဲ့လဲ့ဝင်းသည် ၎င်းအသုံးပြုသည့် “Lae Lae Win” Facebook အကောင့်၊ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်နေ မင်းဇင်ဗိုလ်သော်သည် ၎င်းအသုံးပြုသည့် “Min Zin Bo Thaw” Facebook အကောင့်၊ ကရင်ပြည်နယ် မြဝတီမြို့နယ် အမှတ်(၄)ရပ်ကွက်နေ မျိုးဖြူစင်မောင်သည် ၎င်းအသုံးပြုသည့် “Myo Phyu Sin Maung” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ရာဇသင်္ကြန်ရပ်ကွက်နေ အောင်ညီညီချစ်(ခ)မူနီးအာမတ်သည် ၎င်းအသုံးပြုသည့် “Aung Nyi Nyi Chit” Facebookအကောင့်တို့သည်အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## တရားမဝင်သစ်မျိုးစုံ၊ အိမ်တွင်းအလှဆင်ပစ္စည်း၊ မိုဘိုင်းလ်ဖုန်းအပိုပစ္စည်း၊ မော်တော်ကားအပိုပစ္စည်းနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၀**





ပဲခူးတိုင်းဒေသကြီး၌ တရားမဝင်သစ် ဖမ်းဆီးရမိမှု။

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်ကုန်လှောင်ရုံ၌ တာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ ID နှင့် ကိုက်ညီမှုမရှိသော မော်တော်ကားအပိုပစ္စည်းများနှင့် မိုဘိုင်းလ်ဖုန်း အပိုပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၃၇၇၅၀၀၀) ကိုသိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ စက်တင်ဘာ ၉ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် မလစ်အနောက်ကျေးရွာ၌ တိုင်းဒေသကြီး သစ်တောဦးစီးဌာနဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားမဝင်ကျွန်းပါကေး အကြမ်းတုံးများ ၁ ဒသမ ၄၅၇၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၁၇၅၂) နှင့် အဆိုပါသစ်များ တင်ဆောင်လာသော မော်တော်ယာဉ် **(အပေါ်ပုံ)** နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၀၀၀၀၀၀)၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၉၆၁၇၅၂) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စက်တင်ဘာ ၁၀ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ် (တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ ID တွင် ကြေညာထားခြင်းမရှိသော အကောက်ခွန်မဲ့ ကြမ်းခင်းဖယောင်းပုဆိုးများ ၅၅ လိပ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၅၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် စက်တင်ဘာ ၁၀ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင် ကျောက်တံခါးမြို့နယ် ဘိုင်းဒါးကြိုးဝိုင်းအတွင်း တရားမဝင်ကျွန်းသစ်၊ ပျဉ်းကတိုးသစ်၊ တောင်ပိန်းသစ်၊ သပြေသစ်၊ ပျဉ်းမသစ်နှင့် ထောက်ကြံ့သစ် ၅ ဒသမ ၈၁၉၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၈၂၉၁၂) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ စက်တင်ဘာ ၆ ရက်၊ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ (၇) မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၈၉၆၉၆၄) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## ဖားကန့်မြို့နယ်၊ မိုးညှင်းမြို့နယ်နှင့် စစ်တွေမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၀**

ဖားကန့်မြို့နယ်၊ မိုးညှင်းမြို့နယ်နှင့် စစ်တွေမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၉ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ဖားကန့်မြို့နယ် အေးမြသာယာကျေးရွာအုပ်စု အေးမြသာယာကျေးရွာအနီးတွင် ဇော်ဒန် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၂၅၀ ကိုလည်းကောင်း၊ စက်တင်ဘာ ၈ ရက် ညနေ ၃ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် မိုးညှင်းမြို့နယ် ပင်လုံကျေးရွာအုပ်စု နန့်စီးအောင်ကျေးရွာရှိ ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ဇော်ကိုမြင့် မောင်းနှင်ပြီး မျိုးသီဟလိုက်ပါလာသည့် Mitsubishi Canter အမျိုးအစားမော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၄ ဒသမ ၁၈ ကီလိုနှင့် ဘိန်းစိမ်း ၉ ကီလိုတို့ကိုလည်းကောင်း၊ စက်တင်ဘာ ၉ ရက် နံနက် ၈ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စစ်တွေမြို့နယ် ဘုမေကျေးရွာအုပ်စု မှန်ဇီကျေးရွာအနီးရှိ မင်းဂံ-သင်္ကေပြင် ကျေးရွာသွားကားလမ်းဆုံတွင် မောင်ဝင်းမြင့် မောင်းနှင်ပြီး အေးထွန်းလိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၈၈၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်းသိရသည်။

သတင်းစဉ်




မျိုးသီဟနှင့် ဇော်ကိုမြင့်တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၁-၉-၂၀၂၂ တနင်္ဂနွေနေ့

**MRTV HD**

**၀၆:၀၀** ပေဋကသုတ်၊ ရတနသုတ်၊ မေတ္တာသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၀** တရုတ်ကာတွန်း "ပန်းနုဂါးမိုးလေတံတား" (အပိုင်း-၈)
**၀၉:၁၀** သတင်းသမားပြောတဲ့သတင်းစကား
**၀၉:၄၀** စိန်ရတုလွတ်လပ်ရေးနေ့ ဝဏ္ဏပြသီချင်းဆိုပြိုင်ပွဲ 'တူယှဉ်နွဲပျော်ဂီတပွဲတော် Season-2' တေးသီချင်းဆိုပြိုင်ပွဲထုတ်လွှင့်မှု အစီအစဉ် (အုပ်စု-က) (ပွဲစဉ်-၂)
**၁၂:၃၀** This Week's Special Interest
**၁၃:၀၀** အသိပညာနှင့်အမှန်တရား
**၁၃:၁၀** MRTV National News
**၁၃:၃၅** မြန်မာဂန္တဝင်ရုပ်ရှင် "ချစ်ရေစင်"
**၁၆:၃၅** Sports Diary
**၁၇:၁၀** ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
**၁၇:၃၅** ရာဇဝင်ထဲကသမိုင်းအနုပညာ
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သုတဝေဖြာသီရိဂေဟာ
**၁၉:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ **'အတိတ်ဒါးဒါးအချစ်ချိုချို'** (အပိုင်း-၇)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** ဘဝနှင့်အနုပညာ
**၂၁:၃၀** ဆေးရောင်စုံရုပ်ရှင် **'ချစ်ချစ် ချစ်တဲ့ကိုကို'**

**mitv**

**07:02** Evergreen Classic: Myitta (Kyawt Kay Khaing)
**07:08** The Hills OfPhowintaung And Shwebataung
**07:28** Mote Khwe Late from Intaing Village
**07:38** Myanmar Tradition of Lotus Flower
**08:01** News
**08:27** Lucrative Myanma Rattan Industry
**08:46** SarpayBeikman Diamond Jubilee
**09:01** Chef Life: Shaul Ben-Aderet (Israel)
**09:22** Today Myanmar
**09:33** Myanmar Traditional Instruments (MYANMA OBOE)
**10:01** News
**10:27** Global Partnership for Brighter Future: Hungary Pavilion at Expo 2020 Dubai

**MRTV NRC**

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၁၃)
**ချင်း (လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)**
နာနတ်သီးနှင့်ကျန်းမာရေး
**ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)**
'ဝ' ဥစိုက်ပျိုးခြင်း
**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
မြန်မာ့မြေမှုစိုက်ပျိုးစီးပွားလူမှုဘဝများ (တောင်ဖလုရွာက ငှက်သိုက်လုပ်ငန်းနှင့်ရွာလွတ်ဆေးတံလုပ်ငန်း)
**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
လခြမ်းမြေမှ ရိုးရာအလှ (အပိုင်း-၂)
**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
ရိုးရာခေါက်စီး (ခေါ်) ရှမ်းထမင်းသုပ်
**ဝ (၁၅:၀၀ မှ ၁၇:၀၀)**
ကျိုင်းတုံ 'ဝ' ဆန်ပြုတ်ချက်နည်း
**ကချင် (၁၇:၀၀ မှ ၁၉:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၅)
**ကယား (၁၉:၀၀ မှ ၂၁:၀၀)**
ကယားရိုးရာကြက်သားဟင်းထုပ်
**ဝကော်ကရင် (၂၁:၀၀ မှ ၂၂:၀၀)**
တစ်ပိုင်တစ်နိုင် စိုက်ပျိုးနိုင်တဲ့ ငွေနှင်းမှို
**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
သဘာဝရဲ့အလှတရားများနဲ့ကျောက်ပုထိုးစေတီတော်

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၄၅** News Desk
**၀၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၆:၀၀** သတင်းမှန်ကဏ္ဍ (LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'လင်နဲ့မယား လျှာနဲ့သွားဆိုပေမယ့်'**
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၃)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဆွစ်ဇာလန်နိုင်ငံ)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၃)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၅၅** အာဟာရကြွယ်ဝရောင်းပန်းလှ ကျန်းမာလုပ ဝင်ငွေရမြန်မာ့လိမ္မော်ရောက်မျိုးများရဲ့အလှ
**၀၇:၀၀** 'စိုက်ပျိုးရေးရာအဖြေရှာ' မြန်မာ့ရှင်မတောင်သနပ်ခါး
**၀၈:၁၅** ချိုမြိန်သောဘဝများရဲ့နှင်းဆီ
**၀၉:၂၀** လယ်ဝေးမြို့နယ်ရှိကျေးရွာများ၏စိန်စီသော နေ့ရက်များ
**၀၉:၄၀** ကောက်စိုက်စက်ဖြင့်စိုက်ပျိုးခြင်း

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀) နာရီမှ တစ်ကြိမ်လျှင် (၄) နာရီ (၆) ကြိမ်နှုန်း (၂၄) နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သင်တန်းသားများ နေပြည်တော် MRTV ၌ ကြည့်ရှုလေ့လာ

**နေပြည်တော် စက်တင်ဘာ ၁၀**



ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဖွင့်လှစ်လျက်ရှိသော ဓာတ်ပုံရိုက်ကူး တည်းဖြတ်နည်း သင်တန်းမှ သင်တန်းသား ၂၀ သည် ယနေ့နံနက်ပိုင်းက နေပြည်တော် တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ရုပ်သံထုတ်လွှင့်မှု ဆိုင်ရာများနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက်၌ ကြည့်ရှုလေ့လာကြသည်။(ယာပုံ)

အဆိုပါ လေ့လာရေးအဖွဲ့သည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စိန်ရတုပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ခေတ်အဆက်ဆက် ရုပ်သံထုတ်လွှင့်မှုများတွင် အသုံးပြုခဲ့သည့် စက်ပစ္စည်းများ၊ တိုက်ရိုက်ထုတ်လွှင့်ရေး မော်တော်ယာဉ်များ၊ သတင်းတင်ဆက်မှု ပုံစံငယ်များ၊ ခေတ်အဆက်ဆက် ထုတ်လွှင့်တင်ဆက်ခဲ့သည့် အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ခဲ့သူများ၏ မှတ်တမ်းဓာတ်ပုံများ၊ တူရိယာပစ္စည်းများ၊ သတင်းစတူဒီယိုခန်းများ၊ ရေဒီယိုအစီအစဉ်တွင် အသုံးပြုခဲ့သည့် ခေတ်ဟောင်း ဓာတ်ပြားများနှင့် အခြားအသုံးအဆောင်ပစ္စည်းများ စသည့် စုစုပေါင်း ပြခန်း ၄၀ တွင် ခင်းကျင်း ပြသထားမှုများအပြင် ပင်မ အဆောက်အအုံအတွင်း ရုပ်သံထုတ်လွှင့်မှု လုပ်ငန်းများကို လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စက်တင်ဘာ ၆ ရက်မှ ၁၆ ရက်အထိ ဖွင့်လှစ်လျက်ရှိသော ဓာတ်ပုံရိုက်ကူး တည်းဖြတ်နည်း သင်တန်း (၁/၂၀၂၂) သို့ သင်တန်းသား ၂၀ တက်ရောက်လျက်ရှိပြီး သက်ဆိုင်ရာ ဒေသအသီးသီးသို့ ပြန်လည်မထွက်ခွာမီ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ လာရောက်လေ့လာခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၀ - ၉ - ၂၀၂၂

**ရွှေ**

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် ၂၀၁၃၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် ၂၀၁၉၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၇၂၀ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၇၂၆ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၉၈၅ ကျပ် | ၃၀၃၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၃၀၇၀ ကျပ် | ၃၁၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၃၁၀ ကျပ် | ၂၃၅၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၄၁၀ ကျပ် | ၂၄၆၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၂၁၁၉ . ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၅၀၃ . ၇ |
| ထိုင်း | တစ်ဘတ် | ကျပ် ၅၇ . ၈၄၃ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၄၈၀ . ၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၆၆ . ၈၇ |
| တရုတ် | တစ်ယွမ် | ကျပ် ၃၀၃ . ၃၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၆ . ၃၉၈ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၅၀၀ | ၁၀၅၀၀ | ၃၂၄၀ | ၃၃၈၀၇၀၀၀ |
| MTSH | ၃၇၅၀ | ၃၅၀၀ | ၆၂၄၅ | ၂၂၂၈၁၄၅၀ |
| MCB | ၈၀၀၀ | ၇၉၀၀ | ၁၉၅ | ၁၅၄၁၅၀၀ |
| FPB | ၂၃၅၀၀ | ၂၂၀၀၀ | ၁၀၆၉ | ၂၃၉၃၃၀၀၀ |
| TMH | ၂၇၅၀ | ၂၈၀၀ | ၆၄၅ | ၁၈၀၃၇၅၀ |
| EFR | ၂၈၀၀ | ၂၇၀၀ | ၁၄၁၀ | ၃၉၄၇၂၀၀ |
| AHP | ၅၄၀၀ | ၅၄၀၀ | ၂၅၃ | ၁၃၆၆၂၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# တောင်သူနှင့် ကုမ္ပဏီအကျိုးဖြစ်ထွန်းစေမည့် အကျိုးတူ ကန်ထရိုက်လယ်ယာလုပ်ငန်း ဖော်ဆောင်ပေးလျက်ရှိ

**ရန်ကုန်  စက်တင်ဘာ ၁၀**

၂၀၂၂-၂၀၂၃ နွေစပါးရာသီတွင် တောင်သူနှင့် ကုမ္ပဏီ အကျိုးဖြစ်ထွန်းစေမည့် အကျိုးတူ ကန်ထရိုက် လယ်ယာလုပ်ငန်းကို Supply chain financing အစီအစဉ်ဖြင့် အကောင်အထည်ဖော်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

အဆိုပါအစီအစဉ်သည် တောင်သူများ၏ နွေစပါး တစ်ဧကအထွက်နှုန်း တိုးတက်စေရန် မျိုးစေ့၊ မြေဩဇာနှင့် သွင်းအားစုများ ပံ့ပိုးပေးမည့်အစီအစဉ် ဖြစ်ပြီး သက်ဆိုင်ရာ မြို့နယ်အလိုက် နွေစပါး တောင်သူများစုဖွဲ့၍လည်းကောင်း၊ ဆန်စက်များနှင့် ဆန်စပါး ကုမ္ပဏီများစုဖွဲ့၍လည်းကောင်း စိုက်ပျိုး ထုတ်လုပ်၊ ဝယ်ယူ၊ ကြိတ်ခွဲ တင်ပို့ရောင်းချသော Supply chain financing စနစ်ဖြစ်ကြောင်း သိရသည်။

လာမည့်နွေစပါးရာသီတွင် နိုင်ငံတစ်ဝန်းစပါး စိုက်ဧက ၈ ဒသမ ၅ သိန်းစိုက်ပျိုးမည်ဖြစ်ပြီး အကျိုးတူလယ်ယာစနစ်တွင် တောင်သူတို့ကို ငွေသားမပေးဘဲ မျိုး၊ မြေဩဇာ၊ ဒီဇယ်စသော သွင်းအားစုများအတွက် တစ်ဧကလျှင် ငွေကျပ်နှစ်သိန်းနှုန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနက ကြီးကြပ်ကာ ဖွံ့ဖြိုးရေးရန်ပုံငွေမှ ပံ့ပိုးပေးမည်ဖြစ်သည်။

"မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က နွေစပါးအတွက် အကျိုးတူကန်ထရိုက် လယ်ယာစနစ် ဖိတ်ခေါ်ထားတာရှိပါတယ်။ ဆီထွက်သီးနှံဆိုရင် အကျိုးတူလုပ်ဆောင်ဖို့ ဆောင်ရွက်နေပြီဖြစ်ပါတယ်။ စပါးဆိုရင် ငွေကျပ်နှစ်သိန်းနဲ့ ညီမျှတဲ့ သွင်းအားစု၊ ပဲတီစိမ်းဆိုရင် ငွေကျပ် ၁၂၀၀၀၀ နဲ့ ညီမျှတဲ့ သွင်းအားစုတွေကို ပံ့ပိုးသွားဖို့ ရှိပါတယ်။ စပါးနဲ့ပဲကို အမျိုးအစားပေါ်မူတည်ပြီး ကုမ္ပဏီက ဈေးနှုန်းတစ်ခု သတ်မှတ်ပြီးဝယ်တယ်။ ပိုတဲ့စပါးနဲ့ပဲကို ပေါက်ဈေးအတိုင်း ဈေးပေးဝယ်တယ်။ တောင်သူအနေနဲ့ ပိုတာကို အခြားသူကို ရောင်းလည်းရတယ်။ ကန်ထရိုက်လယ်ယာစနစ် ပူးပေါင်းဆောင်ရွက်တဲ့အတွက် တောင်သူနဲ့ ကုမ္ပဏီ အကျိုးစီးပွားဖြစ်ထွန်းစေပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးက ပြောသည်။

၂၀၂၂-၂၀၂၃ ခုနှစ် နွေစပါးရာသီတွင် ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် နိုဝင်ဘာလတွင် နွေစပါးဧက ၄၀၀၀၀ နှင့် ပဲတီစိမ်းအတွက် အောက်တိုဘာလကုန်တွင် ဧက ၂၀၀၀၀၀ စိုက်ပျိုးမည်ဖြစ်သည်။ ဆည်ရေရရှိမှု အပေါ်မူတည်၍ နွေစပါးကို တိုက်ကြီး၊ မှော်ဘီ၊ လှည်းကူးနှင့် ထန်းတပင်မြို့နယ်တို့၌လည်းကောင်း၊ ပဲတီစိမ်းကို မှော်ဘီ၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွမြို့နယ်တို့၌လည်းကောင်း အများဆုံး


တိုက်ကြီးမြို့နယ်၌ ပြီးခဲ့သော နွေစပါးရာသီက စပါးပျိုးကြဲစိုက်ပျိုးမှုကို တွေ့ရစဉ်။

စိုက်ပျိုးရန် စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည်။

နွေစပါးစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် အကျိုးတူပူးပေါင်းဆောင်ရွက်လိုသည့် ဆန်စက်များ၊ ဆန်စပါးကုမ္ပဏီများအနေဖြင့် အကျိုးတူကန်ထရိုက် လယ်ယာစနစ်တွင် ပူးပေါင်းပါဝင်ရန်၊ ဆောင်ရွက်လိုသော မြို့နယ်ဒေသနှင့် စိုက်ဧကများကို စက်တင်ဘာ ၉ ရက် နောက်ဆုံးထား၍ ဆက်သွယ်အဆိုပြုရန် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က ဖိတ်ခေါ်ခဲ့ပြီး ကုမ္ပဏီနှင့်တောင်သူများ လိုက်နာရမည့် အချက်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ စိုက်ပျိုးရေး ဦးစီးဌာနက ဖော်ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ညီမ်းသူ(သတင်းစဉ်)**

# ကြက်သွန်နီတစ်ပိဿာလျှင် ကျပ် ၄၀၀၀ ဝန်းကျင်အထိ ဈေးနှုန်းများ မြင့်တက်နေ

**ရန်ကုန် စက်တင်ဘာ ၁၀**

ကြက်သွန်နီဈေးနှုန်းများ အဆမတန် မြင့်တက်နေပြီး လက်လီဈေးကွက်အတွင်း ကြက်သွန်နီ တစ်ပိဿာလျှင် ကျပ် ၄၀၀၀ ဝန်းကျင်အထိ မြင့်တက်နေကြောင်း စားဖိုဆောင်ဈေးကွက်တွင်းမှ သိရသည်။

"ကြက်သွန်နီက ဇူလိုင်လကုန်ပြီးကတည်းက တက်မယ်လို့ပြောနေတာ။ ပြီးခဲ့တဲ့ အပတ်ကတောင် ကြက်သွန်နီ တစ်ပိဿာကို ငွေကျပ် ၂၈၀၀ နဲ့ ဝယ်ခဲ့သေးတယ်။ အခု ရက်ပိုင်းမှာပဲ ဈေးက ပိုထိုးတက်သွားတယ်။ တစ်ပိဿာငွေကျပ် ၃၅၀၀ ကျော်အထိ ဖြစ်သွားပြီ။ ဒါတောင် အလုံးမကြီးဘူး။ အရည်အသွေး သိပ်ကောင်းတာမျိုး မဟုတ်ပါဘူး"ဟု ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပ မြို့နယ်မှ အိမ်ရှင်မတစ်ဦးဖြစ်သူ ဒေါ်ခိုင်ခိုင်လင်းက စက်တင်ဘာ ၉ ရက်က ပြောသည်။



ကြက်သွန်နီဈေးနှုန်းများမှာ ယခင်နှစ် ကြက်သွန်နီရာသီချိန်များကထက် အဆများစွာ မြင့်တက်နေခြင်းဖြစ်ပြီး ဈေးနှုန်း ကျဆင်းမည့်အနေအထားလည်း မတွေ့ရကြောင်း ကြက်သွန်နီလက်ကားဒိုင်များထံမှ သိရသည်။

"အခုလို ဈေးတွေတက်လာတော့ တောင်သူတွေအတွက်တော့ အရင် နှစ်နှစ်အတွင်း ရှုံးခဲ့သမျှကို ကာမိသွားတာမျိုးတော့ ရှိနိုင်ပါတယ်။ ဈေးကျမယ့်အနေအထားတော့ မမြင်ပါဘူး။ စက်တင်ဘာလထဲမှာ ပိုတောင် ဈေးတက်ဖို့ ရှိတယ်လို့ ကြားနေရပါတယ်"ဟု ကြက်သွန်နီ စီးပွားဖြစ် စိုက်ပျိုးသူ ဦးနေမျိုးက ပြောသည်။

၂၀၁၉ ခုနှစ် ကြက်သွန်နီရာသီချိန်ကလည်း ယခုကဲ့သို့ ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး အမြင့်ဆုံးဈေး တစ်ပိဿာလျှင် ကျပ် ၃၇၀၀ အထိ မြင့်တက်ခဲ့ဖူးကြောင်း သိရသည်။

**နန်းထက်ထက်ချစ်**



# ဆိပ်ဖြူမြို့နယ်၌ ဆီထွက်သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**ဆိပ်ဖြူ  စက်တင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ ၂၀၂၂ ခုနှစ် မိုးရာသီတွင် ဆီထွက်သီးနှံစိုက်ခင်းများအောင်မြင်ဖြစ်ထွန်း၍ လျာထားချက်ပြည့်မီစွာ စိုက်ပျိုးနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆိပ်ဖြူမြို့နယ်၌ ၂၀၂၂ ခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် ဆီထွက်သီးနှံ စိုက်ဧက ၁၄၈၆၈ ဧက စိုက်ပျိုးဆောင်ရွက်နိုင်ရန် လျာထားဆောင်ရွက်စိုက်ပျိုးလျက်ရှိရာ လက်ရှိအချိန်အထိ ဆီထွက်သီးနှံ ၁၀၇၂၅ ဧက စိုက်ပျိုး ဆောင်ရွက်ပြီးစီးခဲ့ပြီး စက်တင်ဘာလအတွင်း မိုးရွာသွန်းခြင်းအပေါ်မူတည်၍ တောင်သူများက လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနကလည်း သီးနှံမျိုးစုံ စံပြစိုက်ကွက်များ ဖော်ဆောင်၍ တောင်သူများအား မျိုးကောင်းမျိုးသန့်ရရှိရေး သွင်းအားစုမြေဩဇာများကို ထောက်ပံ့ပေးလျက်ရှိကြောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက စိုက်ပျိုးရေးနည်းပညာများကို စိုက်ကွင်းတာဝန်ခံများထားရှိ၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသခံပြည်သူများ စားသုံးဆီဖူလုံမှုရှိစေရန် ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုအတွက်လည်း ဆီထွက်သီးနှံနေကြာမျိုးများနှင့် မြေဩဇာများကို အခမဲ့ ထောက်ပံ့ပေးနေကြောင်း၊ ဆိပ်ဖြူမြို့နယ်၌ ၂၀၂၂ ခုနှစ် မိုးရာသီကဆီထွက်သီးနှံစိုက်ဧက ၁၄၈၆၈ ဧက လျာထားဆောင်ရွက်ခဲ့ရာ မိုးမြေပဲ ၉၃၆၉ ဧက၊ မိုးနှမ်း ၄၆၄ ဧက၊ မိုးနေကြာ ၈၉၂ ဧက စုစုပေါင်း ဆီထွက်သီးနှံ ၁၀၇၂၅ ဧက စိုက်ပျိုးပြီးစီးခဲ့ပြီး လျာထားချက် ပြည့်မီရေးဆောင်ရွက်လျက်ရှိသကဲ့သို့ စိုက်ပျိုးပြီး ဆီထွက်သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကိုဇွဲ(အညာမြေ)**

# ချောင်းဆုံမြို့နယ်၌ ၂၀၂၂ ခုနှစ် မိုးစပါး လျာထားစိုက်ဧကထက် ကျော်လွန်စိုက်ပျိုးနိုင်

**ချောင်းဆုံ  စက်တင်ဘာ ၁၀**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ရှိ တောင်သူများ စားနပ်ရိက္ခာဖူလုံ၍ ဝင်ငွေတိုးပွားလာစေရန်အတွက် စိုက်ပျိုးထုတ်လုပ်မှု အရည်အသွေးကောင်းမွန်ပြီး ပြည်တွင်း ပြည်ပ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ကုန်ကြမ်းသီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေး မျှော်မှန်း၍ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဩဂုတ်လကုန်အထိ မြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးနိုင်မှုမှာ ၆၅၂၄၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ချောင်းဆုံမြို့နယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာအုပ်စု ၄၇ စု၌ နှစ်စဉ် မိုးစပါးစိုက်ပျိုးလျက်ရှိပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ၂၀၂၂ ခုနှစ်အတွင်း မိုးစပါးဧက ၆၅၁၀၅ ဧက စိုက်ပျိုးနိုင်ရန် လျာထားပြီး လက်ရှိအချိန်အထိ မိုးစပါးစိုက်ပျိုးပြီးစီးမှုမှာ ၆၅၂၄၂ ဧက စိုက်ပျိုးထားပြီး ဖြစ်သည့်အတွက် ယခုနှစ် လျာထားဧကထက် ၁၃၇ ဧကပို၍ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသည့် စပါးမျိုးများမှာ ဘန်ကောက် ၁၃၉၃၇ ဧက၊ ကျွန်းရွှေဝါ ၇၇၀၂ ဧက၊ ရွှေတဆုတ် ၁၁၉၁၄ ဧက၊ ပေါ်ဆန်းရင် ၂၀၀၀၉ ဧက၊ မီးဒုံး ၁၁၂၆၆ ဧကနှင့် ကောက်ညှင်း ၄၁၄ ဧက စုစုပေါင်း ၆၅၂၄၂ ဧက ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

**သူဇာ(ချောင်းဆုံ)**



## ဒေါ်လာဈေးနှုန်းများ မြင့်လာသည်နှင့်အမျှ ပဲဈေးကွက် ဈေးအမြင့်ပိုင်းသို့ ရောက်ရှိနေ

**ရန်ကုန် စက်တင်ဘာ ၁၀**

ဒေါ်လာဈေးနှုန်းများ မြင့်လာသည်နှင့်အမျှ ပဲဈေးကွက် ဈေးအမြင့်ပိုင်းသို့ ရောက်ရှိနေကြောင်း ဈေးကွက်ကျွမ်းကျင်သူများထံမှ သိရသည်။

"ဒေါ်လာဈေးကျတဲ့ ရက်တွေကဆိုရင် မတ်ပဲဈေးလည်း ၂၁ သိန်းအောက် ကျသွားသေးတယ်။ အခုတော့ အမေရိကန်ဒေါ်လာဈေးမြင့်တက်လာရင် မြင့်တက်လာသလိုပဲ ပဲဈေးကွက်လည်း တက်လာတယ်။ မတ်ပဲနဲ့ ပဲစင်းငုံတို့အပြင် ပဲတီစိမ်းဈေးနှုန်းကလည်း တက်လာတယ်။ တစ်ပိဿာ ကျပ် ၃၀၀၀ ကျော်ကျော်အထိကို ဈေးတက်လာပါတယ်။ ပဲစင်းငုံနီ RC တစ်တန်ဈေးကလည်း ၂၁ သိန်းအထက်ကိုရောက်လာပြီး မတ်ပဲလိုပဲ ဈေးတက်လာပါတယ်"ဟု ပဲစိုက်တောင်သူ ကိုထွန်းဝင်းက ပြောသည်။

အိန္ဒိယအစိုးရ စားသုံးသူရေးရာဝန်ကြီးဌာနက ဦးဆောင်ပြီး ပြည်ပနိုင်ငံတချို့မှ မတ်ပဲများကို ဝယ်ယူတင်သွင်းရန် တင်ဒါခေါ်ယူခဲ့သည့် သတင်းများထွက်ပေါ်နေခြင်းသည်လည်း ပဲဈေးတက်ရခြင်း၏ အကြောင်းရင်းတစ်ခုဖြစ်ကြောင်း သိရသည်။

"အခုရက်ပိုင်းအတွင်း မတ်ပဲ FAQ ဈေးက တစ်တန်ကို ကျပ် ၂၁ သိန်းအထိ ရောက်လာတယ်။ ဒါကြောင့် မနှစ်က ဈေးထက်ကို ပိုတက်သွားတဲ့ သဘောရှိတယ်။ မနှစ်က စက်တင်ဘာလတုန်းက မတ်ပဲ တစ်တန်ကျပ်သိန်း ၂၀ ပါ။ ဈေးကျဖို့တော့ မရှိလောက်သေးပါဘူး" ဟု ဘုရင့်နောင်ပွဲရုံမှ ပဲကုန်သည် ဦးသိန်းမောင်က ပြောသည်။

မြန်မာနိုင်ငံမှ ထွက်ရှိသော ပဲအမျိုးမျိုးကို ပြည်တွင်းစားသုံးမှုအပြင် အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့ရောင်းချနေပြီး ပဲအဝယ်တင်ဒါခေါ်မှုများ ရှိနေခြင်းကြောင့် ပဲဈေးကွက်ကျဆင်းခြင်းမရှိဘဲ ဆက်လက်ဈေးကွက်ကောင်းမွန်နေမည်ဖြစ်ကြောင်း ကျွမ်းကျင်သူများထံမှ သိရသည်။

**နန်းထက်ထက်ချစ်**

## ကြံဈေးနှုန်းမြင့်တက်သော်လည်း အလုပ်သမားခနှင့် ကုန်ကျစရိတ်ပိုလာ၍ တောင်သူရပိုင်ခွင့်နည်းပါး

**ကသာ စက်တင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်နယ်စပ်ရှိ ကြံစိုက်ပျိုးတောင်သူများ သကြားဈေးမြင့်တက်လာ၍ ကြံဈေးမြင့်တက်လာခဲ့သော်လည်း အလုပ်သမားခနှင့် ကုန်ကျစရိတ် ပိုလာသဖြင့် တောင်သူများ အကျိုးအမြတ်နည်းပါးနေကြောင်း ကြံတောင်သူများထံမှ သိရသည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်မှာ ကြံဈေး ကျပ် ၆၄၀၀၀ ဒီဇယ်တစ်ပီပါ ကျပ် ၂၅၀၀၀၀ ဖြစ်ခဲ့ရာ ကြံတောင်သူများ ကြံတိုးချဲ့စိုက်ပျိုးခြင်းထက် ကြံထွက်နှုန်းမကျဆင်းရေးကိုသာ ဦးစားပေးစိုက်ပျိုးခဲ့ကြရသည် ။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကြံဈေးနှုန်း တစ်တန်လျှင် ကျပ် ၇၉၀၀၀ နှင့် မိုင် ၂၀ ကျော်လျှင် ကျပ် ၅၀၀၊ မိုင် ၃၀ ကျော်လျှင် ကျပ် ၁၀၀၀၊ မိုင် ၄၀ ကျော်လျှင် ကျပ် ၁၅၀၀ နှုန်းဖြင့် သယ်ယူစရိတ် ပိုတိုးပေးခဲ့သော်လည်း တောင်သူများ အမြတ်နည်းပါးလျက်ရှိသည်။

ယခုနှစ်မှာ အစစအရာရာ ဈေးမြင့်တက်ခဲ့ရာ ယခင်က မြေဆီတစ်အိတ်လျှင် ကျပ် ၂၅၀၀၀၊ ယခုမြေဆီဈေးမှာ တစ်အိတ်လျှင် ကျပ် ၁၂၀၀၀၀၊ ယခုနှစ်သကြားဈေးမှာ တစ်ပိဿာကျပ်၂၂၀၀ ခန့်ဖြစ်သော်လည်း ထွန်ယက်ခ အလုပ်သမား ကုန်ကျစရိတ်မှာ ကျပ် ၁၆၀၀ မှ ၁၈၀၀ ခန့် ကုန်ကျရာ ပေးထားဈေးမှာ ကြံတစ်တန်လျှင် ကျပ် ၈၀၀၀၀ ခန့်သာရှိသည့်အတွက် ကျပ်တစ်သိန်းခန့် တိုးပေးပါက နှစ်ဦးနှစ်ဖက် အဆင်ပြေနိုင်ပြီး ကြံတောင်သူများ အလုပ်အကိုင်အခွင့်အလမ်း ကောင်းလာနိုင်ကြောင်း ကြံတောင်သူတစ်ဦးက ပြောသည်။

ကြံဈေးနှုန်းမှာ သမိုင်းတစ်လျှောက် အမြင့်ဆုံးဈေးနှုန်းသို့ တက်လာသော်လည်း ဒီဇယ်ဆီဈေး၊ သယ်ယူစရိတ်၊ မြေဆီဈေး၊ အလုပ်သမားခ မြင့်တက်လာမှုကြောင့် ယခုနှစ်တွင် စိုက်ခင်းများကို ပေါင်းရှင်းမြေဆီထည့်ပေးခြင်းသာ လုပ်ကိုင်နေရပြီး တစ်ဧကလျှင် ကြံ ၁၈ တန်ကျော်ခန့်သာ ထွက်ရှိနိုင်ကြောင်း၊ ကသာခရိုင်အတွင်းရှိ တစ်ကောင်း၊ မောင်းကုန်း၊ ယင်းခဲ၊ ငါးအိုး၊ သုံးပွင့်ဆုံနယ်နိမိတ်ရှိ ကြံတောင်သူများ အကျိုးအမြတ်နည်းပါးနေခြင်းကို ကုမ္ပဏီများက ထည့်သွင်းစဉ်းစားပေးသင့်ကြောင်း ဆက်လက်ပြောပြခဲ့သည်။



ကသာခရိုင်မှ ခုတ်ထွင်ရိတ်သိမ်းနေဆဲ ကြံစိုက်ခင်းတစ်ခင်း။

**ငွေအိုးကသာ**

## ကလေးဝမြို့နယ်၌ မိုးစပါးလျာထားချက်၏ ၉၅ ရာခိုင်နှုန်းစိုက်ပျိုးပြီးစီး

**ကလေးဝ စက်တင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်၌ မိုးစပါးစိုက်ပျိုးဧကလျာထားချက်ပြည့်မီရေးအတွက် ဆောင်ရွက်လျက်ရှိရာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မိုးစပါးစိုက်ပျိုးဧက ၉၅ ရာခိုင်နှုန်း စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးဝမြို့နယ်၌ မိုးစပါးများစိုက်ပျိုးကြရာတွင် ရွှေမင်း၊ ဆင်းသုခ၊ ဆင်းဧကရီ(၃)၊ ပုလဲသွယ်နှင့် ဒေသမျိုးစပါးများကိုသာ အဓိကစိုက်ပျိုးကြပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ယခုဘဏ္ဍာနှစ်တွင် မိုးစပါး ၁၆၆၈၈ ဧက စိုက်ပျိုးရန်လျာထားခဲ့ရာ စက်တင်ဘာ ၉ ရက်အထိ ၁၅၈၄၉ ဧက စိုက်ပျိုးနိုင်ခဲ့သဖြင့် ၉၅ ရာခိုင်နှုန်း စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။ ယခင်နှစ်ကာလတူတွင် ဧက ၁၄၅၁၀ စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ်တွင် ၁၃၃၉ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မိုးစပါးစိုက်ဧကလျာထားချက် ပြည့်မီရေးနှင့် သီးနှံများ အထွက်တိုးစေရေးအတွက် တောင်သူများအား စိုက်ပျိုးရေးအသိပညာပေးဟောပြောခြင်း၊ အနီးကပ်ကြီးကြပ်ခြင်း၊ လိုအပ်သည့်စိုက်ပျိုးနည်းစနစ်များ ကူညီထောက်ပံ့ပေးခြင်း၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



**ထွန်းမင်းအောင်(ကဘော်မြေ)**



## ဘက်စုံစိုက်ပျိုးမွေးမြူရေးသင်တန်းကျောင်း (၁၀)မိုင်၌ မှိုမျိုးစုံ မွေးမြူစိုက်ပျိုးထုတ်လုပ်နည်းသင်တန်းဖွင့်

**ပဲခူး စက်တင်ဘာ ၁၀**

ကိုဗစ်-၁၉ ကပ်ရောဂါအလွန် စီးပွားရေးထိခိုက်မှုကို ပြန်လည်ကုစားရန်၊ အလုပ်အကိုင် အခွင့်အလမ်းရရှိစေရန်၊ မှိုစိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် အချိန်တိုအတွင်း ဝင်ငွေရရှိစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးထုတ်လုပ်ခြင်းမှ စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးလာရန်အတွက် မှိုစိုက်ပျိုးထုတ်လုပ်နည်းသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ (၁၀)မိုင် ဘက်စုံစိုက်ပျိုးမွေးမြူရေးသင်တန်းကျောင်း၌ စက်တင်ဘာ ၇ ရက်က မှိုမျိုးစုံမွေးမြူစိုက်ပျိုးထုတ်လုပ်နည်း သင်တန်းအမှတ်စဉ် (၃/၂၀၂၂) သင်တန်းဖွင့်ပွဲကို ကျင်းပရာ သင်တန်းသို့ နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်၊ ပဲခူး၊ မန္တလေး၊ စစ်ကိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီး၊ ကရင်၊ ရှမ်းနှင့် ရခိုင်ပြည်နယ်တို့မှ မှိုစိုက်ပျိုးရေးလုပ်ငန်း စိတ်ပါဝင်စားသူတောင်သူ ၂၉ ဦး တက်ရောက်လေ့လာလျက်ရှိသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မှိုစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းစိတ်ဝင်စားသူများအား နည်းပညာများ ဖြန့်ဝေပေးနိုင်ရန် ရည်ရွယ်၍ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖွင့်လှစ်ပေးခြင်းဖြစ်ပြီး ခုနစ်ရက်ကြာ စာတွေ့လက်တွေ့ ပို့ချမည်ဖြစ်ကြောင်း၊ သင်တန်းဖွင့်ပွဲသို့ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးကျော်ကျော်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကော်ဖီ-ရာသီသီးနှံဌာနခွဲ မှိုပညာရှင်သင်တန်းနည်းပြများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကျောက်ဆည်မြို့၌ ပဲစင်းငုံ ၁၂၄၆ ဧက စိုက်ပျိုးပြီးဖြစ်

**ကျောက်ဆည် စက်တင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ပဲမျိုးစုံအထွက်နှုန်းကောင်းမွန်စေရေးအတွက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပဲစင်းငုံ ၁၆၉၁ ဧက လျာထားပြီး ၁၂၄၆ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပဲစင်းငုံသီးနှံသည် ကာလရှည်သီးနှံတစ်မျိုးဖြစ်ပြီး ပဲတီစိမ်း၊ ဝါ၊ နှမ်းသီးနှံများနှင့် တွဲဖက်ကာ သီးညှပ်အဖြစ် အတန်းလိုက်စိုက်ပျိုးကြကြောင်း၊ သီးညှပ်သီးနှံများရိတ်သိမ်းပြီးချိန်တွင် မြေဆွခြင်း၊ ပေါင်းရှင်းခြင်းနှင့် လိုအပ်သည့်ဆေးများဖျန်းပေးခြင်း စသည့်ပြုစုခြင်းများ ဆောင်ရွက်ခြင်းဖြင့် ပဲစင်းငုံအပင်များ ဖြစ်ထွန်းလာ၍ အပွင့်များဖြိုင်ဖြိုင်ပွင့်လာပြီး အသီးအကင်းများ စတင်သီးလာကြောင်းနှင့် သက်တမ်းခြောက်လနှင့် ခုနစ်လတွင် ရိတ်သိမ်းရကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ်၌ ဒေသနှင့်ကိုက်ညီသည့် ရွှေဒင်္ဂါးပဲစင်းငုံမျိုးများရွေးချယ်ပြီး အရှေ့ငယ်တိုး၊ ထန်းဇင်တော်၊ ငှက်တောင်၊ ရွှေဒါး၊ ရဲဘော်ကြီး ကျေးရွာအုပ်စုများတွင် ၁၂ ဧက၊ ဖျောက်ဆိပ်ပင်၊ ရွာသစ်၊ ရေသရောက်၊ ချောင်းဆုံ၊ သရက်ပင်၊ ရဲ၊ ကြောင်၊ ဇရစ်ခဲ၊ အုန်းချော၊ ကြက်သားဟင်း ကျေးရွာအုပ်စုများ၌ ၁၁၃၉ ဧကနှင့် ဆူလေကုန်း၊ ပေါက်ပင်ကွေ့၊ မြေစိုမိုး၊ ပဲခင်း၊ ပေါင်လောင်၊ တောင်တော်၊ ကင်းကျေးရွာအုပ်စုများ၌ ၉၅ ဧက စုစုပေါင်း ၁၂၄၆ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်းနှင့် ပဲတီစိမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း ရေးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက နည်းပညာများ စနစ်တကျကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သက်မောင်**
**(ကျောက်ဆည်)**

# ယူအက်စ်အိုးပင်းတစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲ အယ်ကာရက်ဇ် ဂါဖီယာနှင့် ကက်စ်ပါရုဒ်တို့ ကစားမည်

ယူအက်စ်အိုးပင်း အမျိုးသားတစ်ဦးချင်းပြိုင်ပွဲဆီမီးဖိုင်နယ်ကို စက်တင်ဘာ ၁၀ ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ အယ်ကာရက်ဇ် ဂါဖီယာနှင့် ကက်စ်ပါရုဒ်တို့ ပြိုင်ဘက်ကို နိုင်ပွဲရရှိပြီး ယူအက်စ်အိုးပင်း ဗိုလ်လုပွဲသို့ ထိုက်ထိုက်တန်တန်တက်လှမ်းနိုင်ခဲ့သည်။




### မျှော်လင့်ချက်နှင့် ဝေးကွာခဲ့

အယ်ကာရက်ဇ် ဂါဖီယာနှင့် တီယာဖိုးတို့ပွဲစဉ်တွင် ဂါဖီယာသည် ပြိုင်ဘက်ကို အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ရပြီး ၆-၇ (၆-၈)၊ ၆-၃၊ ၆-၁၊ ၆-၇ (၅-၇)၊ ၆-၃ ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့ခြင်း ဖြစ်သည်။ အသက် ၂၄ နှစ်အရွယ် အမေရိကန်တင်းနစ်ကစားသမား တီယာဖိုးသည် ၂၀၀၆ ခုနှစ် အန်ဒီရက်ဒစ်နောက်ပိုင်း ယူအက်စ်အိုးပင်းပြိုင်ပွဲ ဗိုလ်လုပွဲသို့ ပထမဆုံးအမေရိကန် တင်းနစ်ကစားသမားအဖြစ် တက်လှမ်းရန် ရည်ရွယ်ထားခဲ့သော်လည်း ရှုံးပွဲကြုံတွေ့ခဲ့သည့်အတွက် အဆိုပါ မျှော်လင့်ချက်နှင့် ဝေးကွာခဲ့ရပြီဖြစ်သည်။

### အကြိတ်အနယ်ယှဉ်ပြိုင်မည်

ခါရှာနော့ဗ်နှင့် ကက်စ်ပါရုဒ်တို့ပွဲစဉ်တွင် ကက်စ်ပါရုဒ်သည် ပြိုင်ဘက်ကို ၇-၆ (၇-၅)၊ ၆-၂၊ ၅-၇၊ ၆-၂ ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် ယူအက်စ်အိုးပင်း အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲသို့ လာမည့် တနင်္ဂနွေနေ့တွင် အယ်ကာရက်ဇ် ဂါဖီယာနှင့် ကက်စ်ပါရုဒ်တို့ အကြိတ်အနယ်ယှဉ်ပြိုင်သွားမည် ဖြစ်သည်။

အဆိုပါ ကစားသမားနှစ်ဦးထဲမှ အနိုင်ရရှိမည့်သူသည် အမျိုးသား ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမားသစ် ဖြစ်လာမည် ဖြစ်သည်။

ယူအက်စ်အိုးပင်း အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲတွင် အသက် ၂၁ နှစ်အရွယ် ကမ္ဘာ့နံပါတ်တစ် ပိုလန်တင်းနစ်မယ် ဆွီယာတက်ခ်နှင့် အသက် ၂၈ နှစ်အရွယ် ကမ္ဘာ့အဆင့် ၅ ရှိ ဂျေဘီယာတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

## ကွင်းလယ်ကစားသမား အဲလစ္စတာကို ခေါ်ယူရန် အာဆင်နယ်အသင်းအား ပီတစ်တိုက်တွန်း




အာဆင်နယ်ဂန္ထဝင်ကစားသမားဟောင်း အီမန်နျူရယ် ပီတစ်သည် ၎င်း၏ အသင်းဟောင်းအား ဇန်နဝါရီအပြောင်းအရွှေ့ရာသီဖွင့်လှစ်ပါက ဘရိုက်တန်အသင်းမှ အဲလစ္စတာကို ခေါ်ယူရန် တိုက်တွန်းလိုက်သည်။

ဘရိုက်တန်အသင်းမှ အာဂျင်တီးနားကွင်းလယ်ကစားသမား အဲလစ္စတာသည် ယခုနှစ်ရာသီတွင် အသင်းအတွက် ခြေစွမ်းပြသထားနိုင်သူဖြစ်ပြီး လေးပွဲတွင် ခြောက်ဂိုးအထိ သွင်းယူပေးထားနိုင်သူဖြစ်သည်။ ထို့အပြင် အဲလစ္စတာသည် ပရီမီယာလိဂ်ပွဲစဉ် (၆) ကစားပြီးချိန်တွင် ဘရိုက်တန်အသင်းကို အမှတ်ပေးဇယားတွင် ဦးဆောင်နေသူ အာဆင်နယ်အသင်းနှင့် နှစ်မှတ်အကွာသို့ရောက်ရှိအောင် ကူညီပေးထားနိုင်သူဖြစ်သည်။

အာဆင်နယ်အသင်းသည် ယခုနှစ်ရာသီတွင် ခြေစွမ်းပြသထားနိုင်သည့်အသင်းဖြစ်ပြီး ပရီမီယာလိဂ်တွင် အမှတ်ပေးဇယားကို ဦးဆောင်ထားနိုင်သလို ယူရိုပါလိဂ်ပြိုင်ပွဲ ပွဲစဉ် (၁) အပြီးတွင် ရမှတ်သုံးမှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ထားသည်။

## လီဗာပူးဂိုးသမားဟောင်း ကားရီးယပ်စ်ကို ကာလတိုစာချုပ်ဖြင့် နယူးကာဆယ် ခေါ်ယူမည်



နယူးကာဆယ်အသင်းသည် ဝုဖ်ဂိုးသမား ဘင်ဖော်စတာက ၎င်းတို့၏ ကမ်းလှမ်းမှုကို ငြင်းပယ်လိုက်ပြီးနောက် လီဗာပူးဂိုးသမားဟောင်း ကားရီးယပ်စ်ကို ခေါ်ယူရန် သဘောတူညီမှု ရရှိပြီဖြစ်ကြောင်း သိရသည်။ အသက် ၂၉ နှစ်အရွယ် ကားရီးယပ်စ်သည် နယူးကာဆယ်အသင်းနှင့် ဆေးစစ်မှုအောင်မြင်ခဲ့ပြီဖြစ်ပြီး ကာလတိုစာချုပ်ချုပ်ဆိုသွားမည် ဖြစ်သည်။ ကားရီးယစ်ပ်သည် လီဗာပူးအသင်းအတွက် ၄၉ ပွဲ ပါဝင်ကစားထားသူဖြစ်ပြီး ၄၇ ဂိုး ခွင့်ပြုပေးခဲ့ရသည်။

နယူးကာဆယ်အသင်းသည် ပရီမီယာလိဂ် ပွဲစဉ် (၆) အပြီးတွင် တစ်ပွဲသာ နိုင်၊ လေးပွဲအထိ သရေ၊ တစ်ပွဲရှုံးနိမ့်ထားသည့်အတွက် ရမှတ် ခုနစ်မှတ်ဖြင့် အဆင့် (၁၁) နေရာတွင် ရပ်တည်နေသည်။

## တိုက်စစ်ကစားသမား ရက်ဖို့ဒ်ကို စာချုပ်သစ်ချုပ်ဆိုဖွယ်ရှိနေသည့် မန်ယူ




မန်ယူအသင်းသည် ယခုနှစ်ရာသီတွင် ခြေစွမ်းပြကာ သွင်းဂိုးများ ရယူထားနိုင်သည့် တိုက်စစ်ကစားသမား ရက်ဖို့ဒ်ကို စာချုပ်သက်တမ်းတိုးရေးနှင့် ပတ်သက်ပြီး ဆွေးနွေးသွားဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ရက်ဖို့ဒ်သည် ယခုနှစ်ရာသီ ပရီမီယာလိဂ် ခြောက်ပွဲတွင် သုံးဂိုးသွင်းယူပေးထားနိုင်သည်။ ၎င်းသည် ယမန်နှစ်က ခြေစွမ်းပြသနိုင်ခြင်းမရှိဘဲ လိဂ် ၂၅ ပွဲတွင် လေးဂိုးသာ သွင်းယူထားနိုင်သည်။ အသက် ၂၄ နှစ်အရွယ်ရှိ တိုက်စစ်ကစားသမား ရက်ဖို့ဒ်သည် မန်ယူအသင်းနှင့် ချုပ်ဆိုထားသော စာချုပ်သက်တမ်းမှာ တစ်နှစ် ကျန်ရှိနေသေးသည်။ ၎င်းကို ပြင်သစ်ကလပ် ပီအက်စ်ဂျီအသင်းက ခေါ်ယူရန် စိတ်ဝင်စားနေသည်။

### နောက်ဆုံးရသတင်းတိုများ

- ဂါလာတာစာရေးအသင်းသည် ပီအက်စ်ဂျီအသင်းမှ အသက် ၂၉ နှစ်အရွယ် အီကာဒီကို ခေါ်ယူရန် နီးစပ်လာသည်။
- ပဲလေ့စ်အသင်းသည် ဝီလ်ဖရိုက်ဇာဟာ (၂၉နှစ်) ကို စာချုပ်သစ် ချုပ်ဆိုရန် ကမ်းလှမ်းလိုက်သည်။
- မန်ယူကွင်းလယ်ကစားသမားဟောင်း မာတာ ဂါလာတာစာရေးအသင်းသို့ ပြောင်းရွှေ့ကစားမည်။ ၎င်းသည် မန်ယူအတွက် ၂၈၅ ပွဲ ကစားပြီး ၅၁ ဂိုးသွင်းယူထားသည်။

## လာလီဂါပွဲစဉ် (၅) တွင် ဗယ်လာဒိုလစ်ကို ဂျီရိုနာအနိုင်ရ

စပိန်လာလီဂါ ပွဲစဉ် (၅) မှ ဂျီရိုနာအသင်းနှင့် ဗယ်လာဒိုလစ်အသင်းတို့ ပွဲစဉ်ကို စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းက ဂျီရိုနာ အိမ်ကွင်း၌ အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ရာ ဂျီရိုနာအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဂျီရိုနာအသင်းသည် ယခုအနိုင်ပွဲကြောင့် လာလီဂါပွဲစဉ် (၅) အပြီးတွင် ရမှတ် ခုနစ်မှတ်အထိ ရှိလာပြီဖြစ်ပြီး ပြိုင်ဘက် ဗယ်လာဒိုလစ်အသင်းက ငါးပွဲကစားပြီး လေးမှတ်သာ ရရှိထားသည်။ အဆိုပါပွဲစဉ်တွင် ဦးဆောင်ဂိုးကို ဂျီရိုနာအသင်းက ပွဲချိန် ၂၁ မိနစ်တွင် ရရှိခဲ့ပြီး ရေနီရာက သွင်းယူပေးခဲ့သည်။ ဗယ်လာဒိုလစ်အတွက် တစ်လုံးတည်းသော ချေပဂိုးကို ပွဲချိန် ၃၈ မိနစ်တွင် မွန်ချူက သွင်းယူပေးခဲ့သည်။ ဂျီရိုနာအသင်းအတွက် အနိုင်သေချာစေမည့် ဒုတိယဂိုးကို ပွဲချိန်ပြည့်ခါနီးတွင် ရိုမီယူက သွင်းယူပေးခဲ့သည်။

## ယူရိုပါလိဂ် ပွဲစဉ် (၁) တွင် အာဆင်နယ်နိုင်ပွဲရပြီး မန်ယူအရေးနိမ့်

ယူအီးအက်ဖ်အေ ယူရိုပါလိဂ်ပွဲစဉ် (၁) ကို စက်တင်ဘာ ၉ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အာဆင်နယ်အသင်း နိုင်ပွဲရရှိခဲ့ပြီး မန်ယူအသင်း အရေးနိမ့်ခဲ့သည်။

အာဆင်နယ်အသင်းသည် ပွဲစဉ် (၁) တွင် ဆွစ်ဇာလန်ကလပ် အက်ဖ်စီဇူးရစ်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အာဆင်နယ်အသင်းအတွက် သွင်းဂိုးများကို မာကွင်ဟို့နှင့် အင်ခီတာယာက သွင်းယူပေးပြီး ဇူးရစ်အသင်းအတွက်တစ်လုံးတည်းသော ချေပဂိုးကို ကိုင်ရီဇူက ပယ်နယ်တီမှတစ်ဆင့် သွင်းယူပေးခဲ့သည်။

မန်ယူအသင်းနှင့် လာလီဂါကလပ် ဆိုစီဒက် အသင်းတို့ ပွဲစဉ်တွင် ဆိုစီဒက်စ်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဆိုစီဒက်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို မန်းဒက်ဇ်က ပယ်နယ်တီမှတစ်ဆင့် သွင်းယူပေးနိုင်ခဲ့သည်။

အခြားသော နာမည်ကြီးပွဲစဉ်ရလဒ်များတွင် ရိုးမားက လူဒိုဂိုရက်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး လာဇီယိုက ဖီယင်နုကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။



■ မိုးဇက် - စုစည်းသည်

# ဘားအံမြို့၌ ရိုးရာလှေလှော်ပြိုင်ပွဲ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဆုများ တက်ရောက်ချီးမြှင့်



နေပြည်တော် စက်တင်ဘာ ၁၀

မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုဖြစ်သော ရိုးရာလှေလှော်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့ ကန်သာယာရေပြင်၌ ကျင်းပသည်။

အဆိုပါလှေလှော်ပြိုင်ပွဲကို အမျိုးသားအသင်း ၂၇ သင်း၊ အမျိုးသမီးအသင်း ၁၅ သင်းတို့မှအားကစားသမား ၂၉၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကာစက်တင်ဘာ ၈ ရက်မှ ၁၀ ရက်အထိ ကျင်းပခဲ့ခြင်းဖြစ်ပြီး ယနေ့ နံနက်ပိုင်းတွင် ဗိုလ်လုပွဲစဉ်များကို ကျင်းပခြင်းဖြစ်သည်။

ထို့နောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးက ရေပြင်အသက်ကယ်အဖွဲ့ကို ဂုဏ်ပြုဆုငွေများကို လည်းကောင်း၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ပြည်နယ်ဥပဒေချုပ်တို့က အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲတွင် ဆုရရှိသူများကို လည်းကောင်း၊ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးနှင့် ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးတို့က အမျိုးသားတစ်ဦးချင်း ပြိုင်ပွဲတွင် ဆုရရှိသူများကို လည်းကောင်း၊ ပြည်နယ်လူမှုရေးဝန်ကြီးနှင့် ပြည်နယ်သယံဇာတရေးရာ ဝန်ကြီးတို့က အမျိုးသမီးသုံးတက်လှော်ပြိုင်ပွဲတွင် ဆုရအသင်းများကို လည်းကောင်း၊ ပြည်နယ်စီးပွားရေးရာဝန်ကြီးနှင့် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က အမျိုးသားသုံးတက်လှော်ပြိုင်ပွဲ ဆုရအသင်းများကို လည်းကောင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က အမျိုးသမီး ငါးတက်လှော်ပြိုင်ပွဲဆုရအသင်းများကို လည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမျိုးသားငါးတက်လှော်ပြိုင်ပွဲ တတိယဆုရ မိကရင်အသင်း၊ ဒုတိယဆုရ ကော့ကရိတ်မြို့နယ်အသင်းနှင့် ပထမဆုရ မြဝတီမြို့နယ်အသင်းတို့ကို တစ်ဦးချင်း လည်ဆွဲဆု၊ ငွေသားဆုနှင့် ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

သတင်းစဉ်

# နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၂ ခုနှစ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၀

နေပြည်တော် တိုင်းစစ်ဌာနချုပ်၏ ၂၀၂၂ ခုနှစ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ ညနေပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိ တပ်နယ် အားကစားခန်းမ၌ ပြုလုပ်သည်။ အဆိုပါ ပိုက်ကျော်ခြင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် စက်တင်ဘာ ၁၇ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်ကြောင်း သိရသည်။

ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲသို့ တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်း တက်ရောက် အမှာစကား ပြောကြားပြီး အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့များ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ အားကစား ဝါသနာရှင်များနှင့်အတူ ပထမနေ့ပွဲစဉ် ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# ၂၀၂၂ ခုနှစ် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အခြေခံပညာကျောင်းပေါင်းစုံ အသက်(၁၆)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်

နေပြည်တော် စက်တင်ဘာ ၁၀

၂၀၂၂ ခုနှစ် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အခြေခံပညာ ကျောင်းပေါင်းစုံ အသက်(၁၆) နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ ညနေပိုင်းတွင် ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်း၌ ပြုလုပ်သည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို ဧရာဝတီတိုင်းဒေသကြီး ခရိုင်ရှစ်ခရိုင်မှ ပြိုင်ပွဲဝင်အသင်း ရှစ်သင်းဖြင့် စက်တင်ဘာ ၁၂ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။



အမျိုးသား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း တက်ရောက် အဖွင့်အမှာစကား ပြောကြားပြီး အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ ဖိတ်ကြားထားသူများနှင့်အတူ ၂၀၂၂ ခုနှစ် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား အခြေခံပညာ ကျောင်းပေါင်းစုံ အသက်(၁၆) နှစ်အောက် အမျိုးသားဘောလုံး ပြိုင်ပွဲ အဖွင့်ပွဲစဉ်ဖြစ်သည့်မအူပင် ခရိုင်အသင်းနှင့် ကျုံပျော်ခရိုင်အသင်းတို့၏ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

အဖွင့်ပွဲစဉ်တွင် ကျုံပျော်ခရိုင်အသင်းက မအူပင်ခရိုင်အသင်းကို သုံးဂိုး – တစ်ဂိုးဖြင့် အနိုင်ရရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ထိပ်ဆုံးမှ ရှမ်းယူနိုက်တက်နှင့် ဒုတိယနေရာမှ ရန်ကုန် အမှတ်ခွဲယူ

ရန်ကုန် စက်တင်ဘာ ၁၀

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၁) ပထမနေ့အဖြစ် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်အသင်းတို့ စက်တင်ဘာ ၁၀ ရက်က သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ ဂိုးမရှိသရေကျခဲ့သည်။

အမှတ်ပေးဇယားထိပ်ဆုံးမှ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်နှင့် ဒုတိယနေရာမှ ရန်ကုန်အသင်းတို့ ထိပ်တိုက်တွေ့ဆုံသည့်ပွဲမှာ အမှတ်ကွာဟမှုအပြောင်းအလဲမဖြစ်ဘဲ ဂိုးမရှိသရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။ ထို့ကြောင့် ရှမ်းယူနိုက်တက်အသင်းသည် ခြောက်မှတ်အသာဖြင့် ဇယားထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်လျက်ရှိပြီး ရန်ကုန်အသင်းမှာမူ ထိပ်တိုက်တွေ့ဆုံမှုတွင် အနိုင်မရခဲ့သဖြင့် ချန်ပီယံမျှော်လင့်ချက်အတွက် လာမည့်ပွဲများတွင် ပိုမိုရုန်းကန်ရတော့မည်ဖြစ်သည်။

ရန်ကုန်အသင်းသည် ကျော်မင်းဦး၊ မောင်မောင်ဝင်း၊ ဒေးဗစ်ထန်၊ ဝင်းနိုင်ထွန်း၊ ရန်နိုင်ဦး၊ သီဟထက်အောင်၊ ဂျူနီယာတို့ဖြင့် ပွဲထွက်ခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းမှာလည်း ကျော်ဇင်ဖြိုး (ဂိုး)၊ ရဲမင်းသူ၊ ဟိန်းသီဟဇော်၊ နန္ဒကျော်၊ မြတ်ကောင်းခန့်၊ မတ်ခ်ဆာကီ၊ ဆန်းဒေးမက်သယူးတို့ကို အသုံးပြုခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပထမပိုင်းတွင် ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ကစားနိုင်သော်လည်း ရန်ကုန်အသင်း၏ ခံစစ်ကစားပုံကို မကျော်နိုင်သဖြင့် ထိရောက်သည့် ဂိုးသွင်းခွင့်မရခဲ့ပေ။ ရန်ကုန်အသင်းမှာမူ မဖြစ်မနေအနိုင်ရရန် လိုအပ်နေသဖြင့် ပွဲစကတည်းက ဂိုးရရန်ကြိုးပမ်းခဲ့ပြီး အခွင့်အရေးအချို့ရသော်လည်း အသုံးမချနိုင်သဖြင့် ပထမပိုင်းတွင် ဂိုးမရှိသရေကျနေသည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး တိုက်စစ်မြှင့်လာပြီး ဂိုးရနိုင်သည့်အခွင့်အရေးများရခဲ့သော်လည်း အသုံးမချနိုင်သဖြင့် ဂိုးမရှိသရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

ပွဲစဉ် (၁၁) ဒုတိယနေ့ကို စက်တင်ဘာ ၁၁ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဟံသာဝတီအသင်းနှင့် ရခိုင်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ရဲရင့်လွင်၊ ဓာတ်ပုံ – MNL



ရှမ်းယူနိုက်တက်နှင့် ရန်ကုန်အသင်း ယှဉ်ပြိုင်စဉ်။

○ *ကျောဖုံးမှ*

ဟန့်တားရှင်းထုတ်နိုင်ခဲ့သည့်အတွက် သွင်းဂိုးရရှိရန် ရုန်းကန်ခဲ့ရခြင်းဖြစ်သည်။

**တစ်ပွဲသာ နိုင်ပွဲရရှိထား**

နာပိုလီအသင်းသည် ယခုအနိုင်ပွဲကြောင့် စီးရီးအေ ပွဲစဉ် (၆) အပြီးတွင် လေးပွဲနိုင်၊ နှစ်ပွဲသရေ ရမှတ် ၁၄ မှတ်အထိ ရှိလာပြီဖြစ်သည်။ ပြိုင်ဘက်စပီဇီယာအသင်းက ပွဲစဉ်(၆)အပြီးတွင် တစ်ပွဲသာ နိုင်ပွဲရရှိထားပြီး သရေနှစ်ပွဲနှင့် ရှုံးပွဲသုံးပွဲအထိ ရှိလာပြီဖြစ်သည်။

နာပိုလီအသင်းသည် လာမည့်ပွဲစဉ်အဖြစ် ချန်ပီယံလိဂ်ပြိုင်ပွဲ၌ ရိန်းဂျားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အောင်ဇော်

❑ *ကျောဖုံးမှ*

ယခုကဲ့သို့ မြို့နယ် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ကျန်းမာရေးဌာန၊ မီးသတ်ဦးစီးဌာနနှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များ ပူးပေါင်းကာ သွားလာနေသူများကို ပါးစပ်နှာခေါင်းစည်း ဝေငှပေးခဲ့ကြောင်း သိရသည်။

ကျော်စိုး(ကော့သောင်း)

# လူကုန်ကူးမှု သတိပြုပါ

မျိုးမြတ်မိုး (MANA)

**မြန်မာနိုင်ငံ၏စီးပွားရေးမြို့တော် ရန်ကုန်မြို့သို့ ရွှေ့ပြောင်းသွားလာမှု ပိုမိုတိုးပွားလျက်ရှိရာ စစ်တမ်းများအရ လက်ရှိနေထိုင်သူများ၏ ၄၂ ရာခိုင်နှုန်းကျော်မှာ အခြားပြည်နယ်နှင့် တိုင်းဒေသကြီးတို့မှ ပြောင်းရွှေ့လာသူများဖြစ်ပြီး ၂၅ ရာခိုင်နှုန်းမှာ အလုပ်အကိုင်အခွင့်အလမ်းရရှိရန် အဓိကရည်ရွယ်သည်။ ရွှေ့ပြောင်းသွားလာသူများအတွက် ကြီးမားသည့်စိန်ခေါ်မှုမှာ လူကုန်ကူးခံရမှု၊ လုပ်အားခေါင်းပုံဖြတ်ခံရမှုနှင့် နိုင်ငံသားအခွင့်အရေးဆိုင်ရာ ဆုံးရှုံးမှုများဖြစ်သည်။**

ပြည်တွင်းရှိ သက်ဆိုင်ရာ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများတွင် ဝင်ရောက်လုပ်ကိုင်နေကြသည့် အလုပ်သမားများသည် မိမိတို့ အစုအဖွဲ့အလိုက် အလုပ်သမားဆိုင်ရာ ရပိုင်ခွင့်အခွင့်အရေးများကို ရရှိလေ့ရှိသော်လည်း ပုဂ္ဂလိကကဏ္ဍရှိ ဆိုင်များ၊ အိမ်တွင်းလုပ်ငန်းများရှိ အလုပ်သမားများနှင့် အိမ်အကူများမှာ သတ်မှတ်အလုပ်ချိန်ထက် ပိုမိုလုပ်ကိုင်နေရခြင်း၊ လုပ်ခလစာ နည်းပါးခြင်း နားရက်မရခြင်း စသည့် အခွင့်အရေးဆုံးရှုံးမှုများနှင့် ကြုံတွေ့ရလေ့ရှိသည်။

တရုတ်နိုင်ငံတွင် လွန်ခဲ့သည့် နှစ် ၃၀ ကျော်ကလေးဘဝက ပြန်ပေးဆွဲခံခဲ့ရသည့် အမျိုးသားတစ်ဦးသည် ဆိုရှယ်မီဒီယာသို့ ၎င်းတင်ခဲ့သော မြေပုံကြမ်းကြောင့် မိသားစုနှင့် ပြန်လည်ပေါင်းစည်းခဲ့ရသည့် သတင်းသည် လွန်ခဲ့သော ရက်ပိုင်းအတွင်း လူသန်းပေါင်းများစွာ၏ စိတ်နှလုံးကို စွဲငြိစေခဲ့သည်။ ကလေးပြန်ပေးဆွဲမှုသည် တရုတ်နိုင်ငံတွင် ကာလရှည်ကြာ ပြဿနာတစ်ရပ်ဖြစ်သည်။ တရားမဝင်မွေးစားခြင်း၊ လူကုန်ကူးခြင်း၊ ပြန်ပေးဆွဲခြင်း၊ အတင်းအကျပ်ခိုင်းစေခြင်း သို့မဟုတ် လိင်ကုန်ကူးခြင်းတို့ကြောင့် ဖြစ်ပေါ်လာရသော ဖြစ်စဉ်များသည် နှစ်ပေါင်းများစွာ ကျင့်သုံးခဲ့သော တစ်အိမ်ထောင် ကလေးတစ်ယောက် မူဝါဒကြောင့် ဖြစ်ကြောင်း ဝေဖန်မှုအများအပြားရှိခဲ့ပြီးဖြစ်သည်။ ယင်းမူဝါဒ၏ ရိုက်ခတ်မှုသည် ၎င်း၏ ပြည်တွင်း၌သာမက အိမ်နီးချင်းနိုင်ငံများကိုပါ သက်ရောက်ခဲ့သည်။ ကျေးလက်ဒေသများရှိ တရုတ်မိသားစုအများအပြားသည် ယောကျ်ားလေးများသည် မိသားစုကို ပံ့ပိုးပေးနိုင်သည်ဟု အစဉ်အလာတစ်ရပ်အဖြစ် ရှုမြင်နေမှုကလည်း မိန်းကလေးမွေးဖွားမှုကို နည်းပါးစေခဲ့သည်။ ကျား၊ မ အချိုးအစားကွာဟမှု ကြီးကြီးမားမားရှိလာကာ မွေးကင်းစ ယောကျ်ားလေးများကို ပြန်ပေးဆွဲခြင်း၊ လူကုန်ကူးခြင်းတို့ကြောင့် မှောင်ခိုဈေးကွက် ပေါ်ပေါက်လာခဲ့သည်။

လွန်ခဲ့သော နှစ်အနည်းငယ်အတွင်း အိမ်နီးချင်း မြန်မာ၊ လာအို၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံတို့မှ ဆင်းရဲနွမ်းပါးသော အမျိုးသမီးများကို တရုတ်နိုင်ငံသို့ ပို့ဆောင်ကာ တရုတ်အမျိုးသားများနှင့် လက်ထပ်စေသည့်ကိစ္စမှာ စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်လာသည်။ တရုတ်အမျိုးသားများအတွက် သတို့သမီးလိုအပ်ချက်နှင့် ကျေးလက်ရှိ လူပျိုကြီးများနှင့် ကိုယ်အင်္ဂါဖြစ်စေ၊ စိတ်ပိုင်းဆိုင်ရာကြောင့်ဖြစ်စေ ချို့ယွင်းချက်တစ်ခုခုရှိနေသူများအတွက် အိမ်ထောင်ဖက်လိုအပ်ချက်တို့ကြောင့် အိမ်နီးချင်းနိုင်ငံများတွင် စည်းရုံးလက်ထပ်မှုများ ဖြစ်ပေါ်လာသည်။

**တစ်နှစ်ထက်တစ်နှစ်ပိုများလာ**

မြန်မာနိုင်ငံတွင် အလုပ်အကိုင်အခွင့်အလမ်းရှားပါးမှု၊ ဆင်းရဲနွမ်းပါးမှု၊ ပြည်တွင်းမတည်ငြိမ်မှုများကြောင့် အိမ်နီးချင်းနိုင်ငံများဆီသို့ တရားမဝင်သွားရောက်အလုပ်လုပ်ရာမှ မြန်မာအမျိုးသမီးအချို့ လူကုန်ကူးခံရမှုများ တစ်နှစ်ထက်တစ်နှစ်ပိုများလာသည်။ အထူးသဖြင့် ဖြစ်ပွားခဲ့သော




**"မြန်မာနိုင်ငံတွင် အလုပ်အကိုင်အခွင့်အလမ်းရှားပါးမှု၊ ဆင်းရဲနွမ်းပါးမှု၊ ပြည်တွင်းမတည်ငြိမ်မှုများကြောင့် အိမ်နီးချင်းနိုင်ငံများဆီသို့ တရားမဝင် သွားရောက်အလုပ်လုပ်ရာမှ မြန်မာအမျိုးသမီးအချို့ လူကုန်ကူးခံရမှုများ တစ်နှစ်ထက်တစ်နှစ် ပိုများလာသည်။ လူကုန်ကူးမှု ကျူးလွန်သူများကို သက်ဆိုင်ရာက ထိရောက်သည့် ပြစ်ဒဏ်များ ချမှတ်လျက်ရှိသော်လည်း အဆိုပါဖြစ်စဉ်များမှာ ယခုအချိန်ထိ လျော့နည်းသွားခြင်း မရှိသေးပေ"**

လူကုန်ကူးမှုများအနက် တရုတ်နိုင်ငံသို့ ဦးတည်ဖြစ်ပွားသည့် အမှုအခင်းများက ပိုများလာသည်။ လူကုန်ကူးမှု ကျူးလွန်သူများကို သက်ဆိုင်ရာက ထိရောက်သည့်ပြစ်ဒဏ်များ ချမှတ်လျက်ရှိသော်လည်း အဆိုပါဖြစ်စဉ်များမှာ ယခုအချိန်ထိ လျော့နည်းသွားခြင်း မရှိသေးပေ။

လူကုန်ကူးမှုဖြစ်စဉ်များသည် အဓိကအားဖြင့် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်း၊ အဓမ္မအလုပ်ခိုင်းစေခြင်း၊ အဓမ္မထိမ်းမြားလက်ထပ်စေခြင်း၊ အဓမ္မမွေးစားခြင်းနှင့် ကြွေးမြီဖြင့် နှောင်ဖွဲ့ခိုင်းစေခြင်းဟူသည့်ပုံစံများဖြင့် ဖြစ်ပွားလေ့ရှိသည်။ ကမ္ဘာတစ်ဝန်း လူကုန်ကူးမှုမြင့်တက်လာသည်နှင့် အမျှ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှု မှုခင်းများသည် ၇၉ ရာခိုင်နှုန်းအထိရှိနေပြီး အတင်းအဓမ္မ လုပ်အားပေးစေခိုင်းမှုသည် ၁၈ ရာခိုင်နှုန်းရှိနေသည်။ ၇၀ ရာခိုင်နှုန်းသော လူကုန်ကူးခံရသူများမှာ အမျိုးသမီးများနှင့် ကလေးငယ်များဖြစ်သည်။

**လူဦးရေ သန်း ၁၂၀ ခန့် လူကုန်ကူးခံနေရ**

Human Rights First အဖွဲ့၏ လေ့လာဆန်းစစ်ချက်များအရ နှစ်စဉ် လူဦးရေ သန်း ၁၂၀ ခန့် လူကုန်ကူးခံနေရပြီး အကျိုးအမြတ်အဖြစ် အမေရိကန်ဒေါ်လာ ၁၅၀ ဘီလီယံခန့်ရှိနေသည်။ အာရှတိုက်တစ်ခုတည်းမှာပင် လူဦးရေ ၂၅ သန်းကျော် လူကုန်ကူးခံရသည့်ဘဝသို့ ရောက်ရှိသည်။ ယနေ့ကာလတွင် နိုင်ငံအသီးသီး၌ လူကုန်ကူးခံရမှုများ မြင့်တက်လာခဲ့ပြီး ဖွံ့ဖြိုးမှုအားနည်းသော လူ့အုပ်စုများအကြား ပိုမိုအန္တရာယ်ကြီးများလာသည်။ ကိုဗစ်ကပ်ရောဂါကြောင့် နိုင်ငံများ၏ စီးပွားရေးကျဆင်းလာပြီး အလုပ်အကိုင်အခွင့်အလမ်းနည်းပါးလာခြင်း၊ ဆင်းရဲမွဲတေမှုနှုန်း မြင့်တက်လာခြင်း၊ စာသင်ကျောင်းများ ပိတ်ထားရခြင်းနှင့် အွန်လိုင်းမှတစ်ဆင့် ဆွဲဆောင်စည်းရုံးနိုင်မှုရှိနေခြင်းတို့က လူကုန်ကူးမှုကို ပိုမိုကြီးထွားလာစေသည်။

လူကုန်ကူးမှုသည် ခေတ်သစ်ကျေးကျွန်ပြုခြင်းပင်ဖြစ်ရာ ယနေ့ကာလတွင် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများအားလုံးအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။ လူကုန်ကူးမှုဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးဦးသည် အခြားသူတစ်ဦးတစ်ယောက်ကို သဘောတူညီချက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ခေါင်းပုံဖြတ်ခြင်း အလို့ငှာ လူများကို သိမ်းသွင်းစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ ခိုလှုံခွင့်ပေးခြင်း၊ သို့မဟုတ် လက်ခံခြင်းကိုဆိုလိုကြောင်း အဓိပ္ပာယ်ဖွင့်ဆိုကြသည်။

လူကုန်ကူးမှုကို ကျူးလွန်ရာ၌ အဓမ္မလက်ထပ်စေခိုင်းခြင်း၊ လုပ်အားခေါင်းပုံဖြတ်ခြင်း၊ လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်း၊ အဓမ္မတောင်းရမ်းခိုင်းခြင်းနှင့် အဓမ္မမွေးစားခြင်းများအားလုံး ပါဝင်သည်။ မှတ်တမ်းများအရ ၂၀၁၈ ခုနှစ်တွင် နိုင်ငံပေါင်း ၁၄၈ နိုင်ငံမှ လူကုန်ကူးခံရသူ ၅၀၀၀၀ ခန့်ကို တာဝန်ရှိသူများက ရှာဖွေဖော်ထုတ်နိုင်ခဲ့သည်။ ၎င်းတို့၏ ၅၀ ရာခိုင်နှုန်းသည် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းအတွက် လူကုန်ကူးခံရပြီး ၃၈ ရာခိုင်နှုန်းမှာ အဓမ္မလုပ်အားပေးခိုင်းစေခြင်းအတွက် အမြတ်ထုတ်ခြင်းခံခဲ့ရသည်။

**လူကုန်ကူးသူတို့၏ အဓိကပစ်မှတ်**

အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် လူကုန်ကူးသူတို့၏ အဓိကပစ်မှတ်အဖြစ် ဆက်လက်တည်ရှိနေသည်။ ၄၆ ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်ပြီး လူကုန်ကူးခံရသူအားလုံး၏ ၁၉ ရာခိုင်နှုန်းမှာ မိန်းကလေးများဖြစ်သည်။ တွေ့ရှိရသည့် လူကုန်ကူးခံရသူ သုံးဦးလျှင် တစ်ဦးမှာ ကလေးဖြစ်သည်။ လူကုန်ကူးခံရသူ ယောကျ်ားလေးများ၏ အချိုးမှာ လွန်ခဲ့သည့် ၁၅ နှစ်အတွင်း ငါးဆတိုးလာခဲ့ကြောင်း သိရသည်။

လူကုန်ကူးခြင်းသည် အကျိုးအမြတ်များသော လုပ်ငန်းဖြစ်၍ ဖွံ့ဖြိုးမှုနောက်ကျသည့် နေရာဒေသများမှ လူအများ ပိုမိုဖွံ့ဖြိုးတိုးတက်သော နေရာဒေသများသို့ ရွှေ့ပြောင်းသွားလာ၍ အလုပ်အကိုင်ရှာဖွေကြရာမှ လူကုန်ကူးသူများ၏ သားကောင်များအဖြစ်သို့ ရောက်ရှိသွားကြခြင်းဖြစ်သည်။ လူကုန်ကူးမှုအများစုကို အုပ်စုအသေးစားများဖြင့် ဖွဲ့စည်းထားသော ကွန်ရက်များဖြင့် လုပ်ဆောင်လေ့ရှိပြီး အုပ်စုတစ်ခုစီသည် လူစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း စသည်ဖြင့် ကဏ္ဍတစ်ခုစီတွင် အထူးပြု လုပ်ဆောင်ကာ အကျိုးအမြတ်များကို ခွဲဝေရယူကြသည်။

**ရွှေ့ပြောင်းနေထိုင်ကြခြင်း အကြောင်းရင်း**

ရွှေ့ပြောင်းနေထိုင်ခြင်းဆိုသည်မှာ လူသားများအနေဖြင့် ၎င်းတို့၏ မူလနေရာမှ နေရာသစ်တစ်ခုခုသို့ ရည်ရွယ်ချက်တစ်ခုခုဖြင့် ယာယီ သို့မဟုတ် အမြဲတမ်းနေထိုင်ရွှေ့ပြောင်းမှုဖြစ်သည်။ ရွှေ့ပြောင်းခြင်းနှင့်ပတ်သက်၍ လူမှုရေးပထဝီပညာရှင်များက နိုင်ငံအတွင်းရွှေ့ပြောင်းခြင်း (Internal migration) နှင့် မိမိနိုင်ငံကို စွန့်ခွာ၍ ပြည်ပနိုင်ငံသို့ ရွှေ့ပြောင်းနေထိုင်ခြင်း (External migration) ဟူ၍ နှစ်မျိုးခွဲခြားသည်။ ရွှေ့ပြောင်းနေထိုင်ကြခြင်း၏ အခြေခံအကြောင်းရင်းမှာ မိမိတို့ဇာတိတွင် ကျရောက်နေသော အလုပ်အကိုင်ရှားပါးမှု၊ ဆင်းရဲနွမ်းပါးမှု အကြောင်းအမျိုးမျိုးကြောင့် ဖြစ်ပေါ်လာသော သဘာဝဘေးအန္တရာယ်များနှင့် ပဋိပက္ခများ၏ တွန်းအားကြောင့်ဖြစ်သကဲ့သို့ တစ်ဖက်တွင်လည်း ပြောင်းရွှေ့မည့်ဒေသ၌ မိမိတို့၏ ဇာတိမြေထက် လူမှုရေး၊ စီးပွားရေးအခြေအနေများ ပိုမိုကောင်းမွန်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းပေါ်များကာ လုပ်ခလစာပိုမိုကောင်းမွန်ခြင်းဟူသော ဆွဲအားတို့ကြောင့်ဖြစ်သည်။

*စာမျက်နှာ ၂၅ သို့*

# မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂၇ ခု ခွင့်ပြုပေးနိုင်ခဲ့

နေပြည်တော်  စက်တင်ဘာ  ၁၀

**မွန်ပြည်နယ်အတွင်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၉ ခုမှ ရင်းနှီးမြှုပ်နှံမှု ပမာဏကျပ် ၆၅၀၁၁ ဒသမ ၇၅၁ သန်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းရှစ်ခုမှ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၁၆၉ သန်း ရှိကာ ပြည်တွင်းအလုပ်သမား ၃၂၆၃ ဦး၊ ပြည်ပအလုပ်သမား ၁၅၉ ဦး အလုပ်သမားဝန်ထမ်း အင်အား စုစုပေါင်း ၃၄၂၂ ဦးကို အလုပ်အကိုင်အခွင့် အလမ်းများ ဖန်တီးပေးနိုင်ခဲ့ကြောင်း မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီ (၃/၂၀၂၂) အစည်းအဝေးမှ သိရသည်။**



မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ (၃/၂၀၂၂) အစည်းအဝေးကို စက်တင်ဘာ ၇ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပခဲ့ပြီး မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း တက်ရောက်သည်။

အဆိုပါအစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်သည် စီးပွားရေးအရ အချက်အချာကျသည့် နေရာတစ်ခု ဖြစ်သကဲ့သို့ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးကို ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စီးပွားရေးနှင့်ပတ်သက်သည့် အခြေခံအဆောက်အဦများနှင့် ရေရှည်ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နိုင်ရေးကိုလည်း အလေးထားဆောင်ရွက်ပေးကြစေလိုကြောင်း၊ စက်မှုဇုန်အနေဖြင့် စက်ရုံများမှ စွန့်ပစ်ရေဆိုးများနှင့် အညစ်အကြေးများကို စနစ်တကျ ဆောင်ရွက်ပေးကြရန်နှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားလုံးဝိုင်းဝန်း ဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ထို့နောက် (၃/၂၀၂၂) အစည်းအဝေးတွင် တင်ပြလာသော ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းများနှင့် ပတ်သက်၍ ကော်မတီအတွင်းရေးမှူးနှင့် ကော်မတီဝင်များက ဆွေးနွေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် မွန်ပြည်နယ်အတွင်း ဒေသန္တရဖွံ့ဖြိုးတိုးတက်ရေး အကျိုးပြုသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထောက်ပံ့ငွေဆိုင်ရာ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများ လိုက်နာဆောင်ရွက်နိုင်ရေးအတွက် ရှင်းလင်းတင်ပြသည့် အစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က ရန်ပုံငွေ သုံးစွဲရာတွင် ပြည်သူလူထုကို တိုက်ရိုက်အကျိုးပြုသည့် လုပ်ငန်းများ၊ ဒေသန္တရဖွံ့ဖြိုးတိုးတက်ရေး အကျိုးပြုသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ကောင်းမွန်သော စီးပွားရေးအခြေအနေများ ဖန်တီးနိုင်ရန်နှင့် နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အားလုံးဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထောက်ပံ့ငွေဆိုင်ရာ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်နိုင်ငံ့စီးပွားမြှင့်တင်ရေး လုပ်ငန်းကော်မတီဝင်များက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြသည်။

မွန်ပြည်နယ်အတွင်း မြို့ပြနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်မှု တစ်ပြေးညီဖြစ်စေရန် ရည်ရွယ်၍ ခေတ်မီစံပြကျေးရွာများ တည်ထောင်ကာ သမဝါယမစနစ်ဖြင့် စိုက်ပျိုး၊ မွေးမြူရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဆောင်ရွက်ထားရှိပြီးဖြစ်ကာ ယခုအခါ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် စိုက်ပျိုးမွေးမြူရေးနှင့် အခြားကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၂၅ မှ*

မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ရွှေ့ပြောင်းလုပ်ကိုင်မှုတွင် အများစုမှာ ထိုင်းနိုင်ငံသို့ဖြစ်ပြီး ပြည်ပသွားရောက်သူများ၏ ၇၀ ရာခိုင်နှုန်းအထိ ရှိသည်။ မလေးရှားနိုင်ငံ၌ ၁၅ ရာခိုင်နှုန်းခန့် ရှိပြီး ကျန်ရှိသည့်ဦးရေမှာ စင်ကာပူနိုင်ငံသို့ ရွှေ့ပြောင်းသွားရောက် အလုပ်လုပ်ကိုင်နေသူများဖြစ်သည်။ ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်နိုင်ခြင်း မရှိသူများသည်လည်း ပြည်တွင်း၌ ရေကြည်ရာမြက်နုရာသို့ ရွှေ့ပြောင်းသွားလာနေကြသည်ကို အားလုံးက တွေ့မြင်နေကြရသည်။ စစ်တမ်းများအရ မြန်မာနိုင်ငံ၏ ပြည်တွင်းရွှေ့ပြောင်းသွားလာမှုတွင် ပြည်နယ်အကြား ရွှေ့ပြောင်းသွားလာမှုနည်းပါးပြီး မြို့ကြီးများသို့ ရွှေ့ပြောင်းသွားလာမှုက ပိုမိုများပြားလျက်ရှိသည်။

ရွှေ့ပြောင်းလုပ်သားများ၏ အခွင့်အရေးကို ကာကွယ်ခြင်းနှင့် တိုးတက်အောင်လုပ်ဆောင်ခြင်းတို့ကို အကောင်အထည်ဖော်လျက်ရှိသော်လည်း ရွှေ့ပြောင်းသွားလာနေထိုင်သူ အများစုမှာ လုံခြုံစိတ်ချရသည့် အနေအထားတစ်ရပ်ရပ်အောက်တွင် ရှိမနေသေးပေ။ ဥပဒေပါ ပြဋ္ဌာန်းချက်များကို မလိုက်နာသည့် အလုပ်ရှင်ကို အလုပ်သမားက တိုင်ကြားနိုင်သော်လည်း အလုပ်သမားများအနေဖြင့် မိမိတို့၏ အလုပ်ခွင်တည်မြဲမှု ထိခိုက်မည်ကို စိုးရိမ်မှုကြောင့် တိုင်တန်းမှုမပြုလိုကြပေ။ ဥပဒေအကာအကွယ်ကင်းမဲ့နေသည့် ပုဂ္ဂလိကကဏ္ဍရှိ ဆိုင်များ၊ အိမ်တွင်းလုပ်ငန်းများရှိ အလုပ်သမားများနှင့် အိမ်အကူများ၏ အရေးကိုလည်း အလေးဂရုပြုသင့်ပြီဖြစ်သည်။

**ကိုဗစ်-၁၉ အလွန် လူကုန်ကူးမှုများ**

ကိုဗစ်ကပ်ရောဂါကြောင့် သက်ဆိုင်ရာ နိုင်ငံအသီးသီး၏ ရောဂါထိန်းချုပ်ခြင်းဆိုင်ရာ ကန့်သတ်ချက်များရှိနေသဖြင့် လူကုန်ကူးမှုတုံ့ဆိုင်းခဲ့သည်။ သို့သော် ကိုဗစ်ကပ်ရောဂါကာလ ကြာမြင့်လာသည်နှင့်အမျှ အလုပ်အကိုင်အခွင့်အလမ်းရှားပါးမှု၊ ဘဝရပ်တည်ရန် ခက်ခဲမှု၊ အသွားအလာ ကန့်သတ်မှုများ ပြန်လည်ဖြေလျှော့မှုတို့ကြောင့် ရွှေ့ပြောင်းသွားလာအလုပ်လုပ်ကိုင်မှုများမှတစ်ဆင့် လူကုန်ကူးမှုများ ရှိလာသည်။ အွန်လိုင်းအရင်းအမြစ်များကို အသုံးချသော လိမ်လည်ခရီးစဉ်များ၊ ဖွံ့ဖြိုးမှုအားနည်းသော အုပ်စုများကို ပစ်မှတ်ထားသော အလုပ်အကိုင်အတုများသည် ရွှေ့ပြောင်းသွားလာသူများအတွက် ထောင်ချောက်ဖြစ်လာမည်။ ရွှေ့ပြောင်းအလုပ်သမားများသည် လူကုန်ကူးခံရနိုင်ခြေ ပိုများသည်။ နိုင်ငံတစ်နိုင်ငံသို့ အသစ်ရောက်ရှိလာသော ရွှေ့ပြောင်းနေထိုင်သူများသည်လည်း တရားမဝင် ရွှေ့ပြောင်းနေထိုင်မှုဖြစ်ပါက လူကုန်ကူးခံရနိုင်ခြေ ပိုများသည်။

လူကုန်ကူးမှု ဖြစ်ပွားရသည်မှာ တိုင်းပြည်ဖွံ့ဖြိုးမှုနောက်ကျခြင်း၊ ဆင်းရဲနွမ်းပါးခြင်း၊ ပဋိပက္ခဖြစ်ပွားခြင်းနှင့် အုပ်ချုပ်ရေးပိုင်းတွင် အကျင့်ပျက်ခြစားမှုများရှိနေခြင်းတို့က အခြေခံအချက်များဖြစ်သည်။ ထို့ကြောင့် နိုင်ငံများအနေဖြင့် လူကုန်ကူးမှုသို့မဟုတ် ခေတ်သစ်ကျွန်ပြုမှုကို ဖြစ်ပေါ်စေနိုင်သည့် အကြောင်းရင်းများကို အလေးထားဖြေရှင်းရန် လိုအပ်သည်။ ပြည်သူတို့အနေဖြင့် လူကုန်ကူးသူ လူပွဲစားများ၏ မက်လုံးပေးစည်းရုံးမှုမှတစ်ဆင့် လူကုန်ကူးခံရသည့်သားကောင် မဖြစ်စေရေးအတွက် အထူးသတိပြုဆင်ခြင်ကြရန် လိုအပ်သည်။

၂၀၂၂ ခုနှစ် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ ရည်ရွယ်ချက် (၄) ရပ်ဖြစ်သော လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံအားလုံးပူးပေါင်းဆောင်ရွက်ရန်၊ လူကုန်ကူးမှုဆိုင်ရာအသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်၊ လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်၊ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် လိုအပ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။




### ၂၀၂၂ ခုနှစ်၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ရည်ရွယ်ချက်(၄)ရပ်

- ❖ လူကုန်ကူးမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
- ❖ လူကုန်ကူးမှုဆိုင်ရာအသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
- ❖ လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
- ❖ လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်။

# နွားနို့အပြင် အခြားစားသောက်ကုန်များကို ဆက်စပ်လုပ်ကိုင်နိုင်လျှင် မွေးမြူရေးဝင်ငွေတိုးတက်လာမည်

လယ်ဝေး စက်တင်ဘာ ၁၀

**နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဦးမြင့်စိုးသည် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးထိန်လင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆောင်နှင့် အဖွဲ့ဝင်များ ဌာနဆိုင်ရာများနှင့်အတူ လယ်ဝေးမြို့ သရက်ခုံကျေးရွာရှိ နို့ပေါင်းစက်အခြေပြု နို့စားနွားမွေးမြူရေးခြံသို့ စက်တင်ဘာ ၆ ရက်က သွားရောက်ကြည့်ရှုသည်။**



နေပြည်တော်ကောင်စီ အဖွဲ့ဝင်က ကျေးလက်နေပြည်သူများနှင့် အနီးစပ်ဆုံးဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ယခင် သမားရိုးကျလုပ်ကိုင်နေရာမှ ယခုကဲ့သို့ခေတ်မီနည်းစနစ်များဖြင့် ထုတ်လုပ်ရောင်းချနိုင်သည့်အတွက် ဝမ်းသာပီတိဖြစ်ရကြောင်း၊ နွားမွေးမြူရေးလုပ်ငန်းဆောင်ရွက်ရာတွင် ယခင်ကလို နွားနို့ တစ်မျိုးတည်းသာမက နွားနို့နှင့် နို့ထွက်ပစ္စည်းများ ထုတ်လုပ်ရောင်းချနိုင်သည်အထိ ကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆောင်က လယ်ဝေးမြို့နယ်အတွင်းရှိ မွေးမြူရေး ထုတ်ကုန်လုပ်ငန်းများ ဆောင်ရွက်နေမှုများ၊ အဖွဲ့ဝင်(၂) ဦးဝင်းအောင်က နို့စားနွားမွေးမြူရေးလုပ်ငန်းရှင်များ အနေဖြင့် နွားနို့အပြင် ဒိန်ချဉ်၊ မလိုင်ခဲစသည့် စားသောက်ကုန်များကို ဆက်စပ်လုပ်ကိုင်နိုင်လျှင် ဝင်ငွေတိုးတက်လာပြီး အလုပ်အကိုင် အခွင့်အလမ်း များပြားလာမည်ဖြစ်ကြောင်း၊ ထို့အပြင် တိရစ္ဆာန်အစာကိုလည်း ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်၍ ကျွေးမွေးနိုင်သည်အထိ ဆောင်ရွက်ပါက အထွက်နှုန်း ကောင်းမွန်သည့် မွေးမြူရေးလုပ်ငန်းများ ဖြစ်လာနိုင်ကြောင်း ဆွေးနွေးသည်။

ထို့နောက် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာလှမျိုးသန့်က လယ်ဝေးမြို့နယ်အတွင်းရှိ နို့ပေါင်းစက်အခြေပြု နွားမွေးမြူရေးလုပ်ငန်းအကြောင်းကို လည်းကောင်း၊ နို့ပေါင်းစက်ရုံလုပ်ငန်းရှင် ဦးသိန်းစိုးနှင့် နို့ပေါင်းစက်အခြေပြု နွားမွေးမြူရေးလုပ်ငန်းရှင်များက လုပ်ငန်းဆောင်ရွက်နေမှုများနှင့် လိုအပ်ချက်များကို လည်းကောင်း တင်ပြဆွေးနွေးရာ နေပြည်တော်ကောင်စီအဖွဲ့ဝင်က သက်ဆိုင်ရာ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများက သရက်ခုံကျေးရွာရှိ ဦးသိန်းစိုး၏ နို့ပေါင်းစက်လည်ပတ်ရန် ပြင်ဆင်ထားရှိမှုများနှင့် နို့စားနွားများ မွေးမြူထားရှိမှုတို့ကို ကြည့်ရှုအားပေးခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

# ချင်းပြည်နယ်၌ ပြည်သူများ ကုန်စျေးနှုန်းသက်သာချောင်ချိစွာဝယ်ယူနိုင်ရေး ဆွေးနွေး

**ဟားခါး စက်တင်ဘာ ၁၀**

ချင်းပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများအနေဖြင့် အခြေခံစားကုန်များကို စျေးနှုန်းသက်သာစွာ ဝယ်ယူနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၂)ကို စက်တင်ဘာ ၈ ရက်က ဟားခါးမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။ **(အောက်ပုံ)**

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ဝုန်ဆွန်းထန်က လတ်တလောဖြစ်ပေါ်နေသည့် ကုန်စျေးနှုန်း မြင့်တက်မှုကြောင့် အခက်အခဲဖြစ်နေသော အခြေခံလူတန်းစားများအတွက် အခြေခံစားကုန်များကို လက်ရှိဒေသစျေးနှုန်းထက် သက်သာသောစျေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်ရေးအတွက် ယခုလို အစည်းအဝေးပြုလုပ်ခြင်းဖြစ်ကြောင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ပြည်နယ်အတွင်းရှိ အခြေခံလူတန်းစားများအား ဆန်၊ ဆီ၊ ဆား၊ ပဲ စသည့် အခြေခံစားသုံးကုန်များကို လက်ရှိဒေသစျေးနှုန်းထက် သက်သာသောစျေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေးအတွက် လိုအပ်မည့်ငွေပမာဏ၊ ရောင်းချပေးသင့်သည့် အခြေခံစားကုန်အမျိုးအမည်နှင့် အခြားဆောင်ရွက်ရမည့်အစီအမံများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးစေလိုကြောင်း အမှာစကားပြောကြားသည်။




ထို့နောက် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မျိုးထွဋ်လှိုင်က မြို့နယ်အလိုက် အခြေခံစားသုံးကုန်များ စျေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနိုင်ရေးအတွက် တပ်မတော်မှ ပံ့ပိုးဆောင်ရွက်ပေးနိုင်မည့်အခြေအနေများ၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဆလိုင်းလွှန်ဆဝုန်က မြို့နယ်အလိုက် ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်၊ အာလူး၊ ပဲ စသည့်အခြေခံစားကုန်များ သက်သာသောစျေးနှုန်းဖြင့် ရောင်းချနိုင်ရေးအတွက် စီမံဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ပြည်နယ်စီမံကိန်းဦးစီးဌာန၊ ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနနှင့် ပြည်နယ်စာရင်းစစ်ရုံးမှ ပြည်နယ်ဦးစီးမှူးများက အခြေခံစားကုန်များ စျေးနှုန်းသက်သာစွာ ရောင်းချရာတွင်အသုံးပြုမည့် ရန်ပုံငွေကိစ္စများ စသည်တို့ကို ဆွေးနွေးကြပြီး ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးတို့က လိုအပ်ချက်များ အကြံပြုဖြည့်စွက်ဆွေးနွေး၍ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ခရိုင် (ပြန်/ဆက်)

## ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်း ဆောင်ရွက်နိုင်ရန် ကွင်းဆင်းစစ်ဆေး

**စလင်း စက်တင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အင်ကြင်းပင်လှ(န)ကျေးရွာ၌ နေရောင်ခြည်စွမ်းအင်သုံးဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပေးနိုင်ရန်အတွက် တာဝန်ရှိသူများက စက်တင်ဘာ ၈ ရက်တွင် ကျေးရွာသို့ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးစိုးမောင်၊ မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးဝင်းမြတ်သိန်း၊ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးစိုးခိုင်နှင့် တာဝန်ရှိသူများက အင်ကြင်းပင်လှ(န)ကျေးရွာရှိ နေကြာစိုက်ပျိုးရေးဧက ၂၅ ဧကအတွက် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းဆောင်ရွက်နိုင်ရန် ဒေသခံတောင်သူများနှင့်တွေ့ဆုံ ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း ဖြစ်သည်။

အင်ကြင်းပင်လှ(န)ကျေးရွာ၌ နေရောင်ခြည်စွမ်းအင်သုံးဆိုလာစနစ်ဖြင့်စိုက်ပျိုးရေရရှိရေး လုပ်ငန်းဆောင်ရွက်ပြီးစီးပါက တောင်သူများ နေကြာစိုက်ပျိုးရာ၌ ရေမောင်းနှင်ရန် ဒီဇယ်ဆီဖိုးသက်သာခြင်း၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို ကာကွယ်နိုင်ခြင်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်၍ ရေရှည်အသုံးပြုနိုင်ခြင်း စသည့်အကျိုးကျေးဇူးများစွာရရှိမည်ဖြစ်ကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အထွေး


## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”
“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကို ဖြေကြားပေး”
“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”



## နယ်စပ်ရေးရာဝန်ကြီးဌာနက နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များလှူဒါန်း

**နေပြည်တော် စက်တင်ဘာလ ၁၀**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအေးကိုနှင့် တာဝန်ရှိသူများသည် ယမန်နေ့က နေပြည်တော်ကောင်စီနယ်မြေအတွင်း ဒက္ခိဏသီရိမြို့နယ် ရွှေမြိုင်ပရိယတ္တိစာသင်တိုက်ရှိ သံဃာတော်များ၊ စာသင်သားသာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ပဲ၊ ကြက်သွန်၊ အာလူးနှင့် ကြက်ဥများ ဆက်ကပ်လှူဒါန်းသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ဝါတွင်းကာလတွင် ဝါဆိုသံဃာတော်များ ဆွမ်း ကွမ်း အခက်အခဲမရှိစေရေး နေပြည်တော်ကောင်စီနယ်မြေအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ စာသင်တိုက်များသို့လည်းကောင်း၊ ပရဟိတကျောင်းများသို့လည်းကောင်း၊ စားနပ်ရိက္ခာများ ထောက်ပံ့ လှူဒါန်းလျက်ရှိကြောင်းသိရသည်။ **သတင်းစဉ်**

## ထီးချိုင့်မြို့နယ်၌ ဒေသခံတောင်သူများအား သဘာဝမြေဆွေးမြေဩဇာ လက်တွေ့ပြုလုပ်ပြသ

**နေပြည်တော် စက်တင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူများအား သဘာဝမြေဆွေးမြေဩဇာ လက်တွေ့ပြုလုပ်ပြသခြင်း၊ ပညာပေးခြင်း အစီအစဉ်ကို ယမန်နေ့က မြို့နယ် စိုက်ပျိုးရေးရုံးဝင်းအတွင်း၌ ပြုလုပ်သည်။

ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကိုကိုအောင်က စိုက်ပျိုးရေးသွင်းအားစု ဓာတ်မြေဩဇာများ၊ ဓာတုပိုးသတ်ဆေးများ တောင်သူများ အပြည့်အဝ မသုံးစွဲနိုင်ခြင်းကြောင့် အထွက်နှုန်းကျဆင်းခြင်း မရှိစေရန်၊ လယ်ယာကုန်ထုတ်လုပ်မှုစရိတ် လျှော့ချနိုင်စေရန်၊ ဘေးအန္တရာယ်ကင်းရှင်းပြီး သဘာဝပတ်ဝန်းကျင်ကိုထိခိုက်မှု မရှိဘဲ လယ်ယာထွက်ကုန်များ ထုတ်လုပ်နိုင်စေရန် ရည်ရွယ်၍ သဘာဝမြေဆွေးမြေဩဇာ လက်တွေ့ပြုလုပ်ခြင်းဖြင့် မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေရေးအတွက် လုပ်ဆောင်ရမည့် လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးပြီး ဒုတိယ ဦးစီးမှူး ဒေါ်မိုးမိုးဝင်းနှင့်ဝန်ထမ်းများက သဘာဝမြေဩဇာ ပြုလုပ်ပုံအဆင့်ဆင့်ကို လက်တွေ့ပြုလုပ်ပြသကြသည်။

**သတင်းစဉ်**



## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅)၊ နဝဒေးလမ်း၊ မြေကွက်အမှတ်(၅၇၃)၊ အကျယ်အဝန်း(၄၆ပေ× ၆၀ပေ)ရှိ ဦးလှမောင် (CE- ၀၀၇၀၀၄)အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ်(၅၇၂)နှင့် ကပ်လျက် အကျယ်အဝန်း(၂၀ပေ× ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နီနီဝင်း (၁၂/မရက (နိုင်) ၀၄၀၀၆၅)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေ ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးခင်မောင်ဦး**
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)
Hein Htet San Law Firm

**ဦးပြည့်ဖြိုးအောင်**
LL.B,
အထက်တန်းရှေ့နေ(စဉ်-၄၅၅၃၀)
၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉၄၂၀ ၁၂ ၄၀၀၃



(၅၈) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၉ ရက်က နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ ဆရာစံရပ်ကွက်ရှိ ဘုရားနီဆုတောင်းပြည့်စေတီ/ဘုန်းတော်ကြီးကျောင်း၌ တပ်ကုန်းမြို့မရဲစခန်းမှူး ဒုတိယရဲမှူး ရဲတေဇ ဦးစီး၍ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၇၀ တို့ စုပေါင်းသန့်ရှင်းရေးပြုလုပ်ကြစဉ်။

တင်လှဦး

## ကျုံပျော်ခရိုင်၌ စစ်ကြောင်းကြီး ငါးကြောင်းဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ကျုံပျော် စက်တင်ဘာ ၁၀**

ပြည်သူများအနေဖြင့် လက်ရှိဖြစ်ပေါ်နေသော အခြေအနေမှန်များ၊ ဖွံ့ဖြိုးရေးလုပ်ငန်း၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို သိရှိစေရန်အတွက် စစ်ကြောင်းကြီး ငါးကြောင်းဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခြင်းကို ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင်အုပ်ချုပ်ရေးမှူးဦးဆောင်၍ ကျုံပျော်မြို့နယ် ကုန်းမဲဇလီကျေးရွာအုပ်စု ခရစ်ယာန်ဘုရားရှိခိုးကျောင်းခန်းမ၌ စက်တင်ဘာ ၉ ရက်က ဆောင်ရွက်သည်။

ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်နိုင်ဦးက ရပ်ရွာအေးချမ်းသာယာရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် မိဘပြည်သူများထံသို့ ကွင်းဆင်းတွေ့ဆုံခြင်းဖြစ်ကြောင်း၊ သိရှိလိုသည်များရှိပါကလည်း မိသားစုရင်းခြာကဲ့သို့ ရင်းရင်းနှီးနှီးဆွေးနွေးမေးမြန်းနိုင်ကြောင်း ပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇေယျမင်းနှင့် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ စစ်ကြောင်းကြီး ငါးကြောင်းတွင် ပါဝင်သောဌာနများက မိမိတို့ဌာနအလိုက် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် ကျေးရွာပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှုကို သွားရောက် ကြည့်ရှုအားပေးပြီး ကျေးရွာရှိ အခြေခံပညာ မူလတန်းကျောင်းသို့ သွားရောက်ကာ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ပညာရေးဖွံ့ဖြိုးမှုလုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကာ ကျေးရွာရှိအိမ်ထောင်စု ၂၄၀ ထံသို့ တစ်အိမ်ထောင်လျှင် ဆန်တစ်ပြည်နှုန်းဖြင့် စုစုပေါင်းဆန် ၁၀ အိတ်နှင့် ဟင်းသီးဟင်းရွက်များကို အခမဲ့ ဖြန့်ဝေပေးပြီး ဆီ၊ ကြက်ဥနှင့် ဆားတို့ကိုလည်း ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးကြောင်းသိရသည်။

လပြည့်ဦး(ပြန်/ဆက်)

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 65W/56652 Honda Scoopyi 110 M/Cယာဉ်လက်ဝယ်ရှိသူ NCX Myanmar Co., Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (မုံရွာမြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၇ယ/၄၁၅၅၅, Honda Click 125 , M/C ယာဉ်လက်ဝယ်ရှိသူ ဦးထက်ရဲလင်း ၆/ကစန(နိုင်)၁၀၇၅၂၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(မြိတ်)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၀ယ/၂၆၃၉, Honda Wave 125 , M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းစိုးဝင်း ၆/တသရ(နိုင်)၀၁၈၃၄၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာ ရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(မြိတ်)**

### သားအဖြစ်မှစွန့်လွှတ်ခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ အမှတ်(၅၃)၊ ကျောက်မော်ရပ်ကွက်နေ ဦးသိန်းငွေ ၆/သရခ(နိုင်)၀၂၆၇၃၄ နှင့် ဒေါ်နီနီအေး ၆/ထဝန(နိုင်)၀၆၇၄၈၉ တို့၏သား မောင်မင်းအာကာသိန်းသည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံသည့်အပြင် မိဘများစိတ်ဆင်းရဲအောင် ပြုလုပ်၍ ၉-၉-၂၀၂၂ရက်တွင် မိမိသဘောဆန္ဒအလျောက်နေအိမ်မှ ဆင်းသွားပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်ငွေနှင့်ပတ်သက်သည့် မည်သည့် ကိစ္စကိုမျှ လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးသိန်းငွေ-ဒေါ်နီနီအေး**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

### မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီး ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ပြည်သူ့အငှားအိမ်ရာစီမံကိန်းတွင် လျှပ်စစ်ဓါတ်အားရရှိရေးလုပ်ငန်း ၊ ရေရရှိရေးလုပ်ငန်း နှင့် အခြေခံအဆောက်အအုံလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အောက်ပါအတိုင်း တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါလျှောက်လွှာ ရောင်းချမည့်နေ့ရက် -(၁၆.၉.၂၀၂၂)မှ (၂၉.၉.၂၀၂၂)ရက်နေ့အထိ
(ခ) တင်ဒါလျှောက်လွှာ တင်သွင်းရမည့်ရက် -(၃၀.၉.၂၀၂၂)ရက်နေ့၊ မွန်းလွဲ(၂)နာရီ
(ဂ) တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နေရာ -မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ အမှတ်(၂၂၈/၂၃၄)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာအတိုင်း လာရောက်စုံစမ်း မေးမြန်းဝယ်ယူနိုင်ပါသည်။

**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ရန်ကုန်တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး**
**ဖုန်း ၀၁-၃၈၇၂၆၂ ၊ ၀၉-၆၉၉၉၉၈၈၀၄**

### ကယားပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါအဆိုပြုလွှာခေါ်ယူခြင်း

ကယားပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ် ရန်ပုံငွေဖြင့် ဝယ်ယူမည့် ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန GYM အားကစားပစ္စည်း ဝယ်ယူခြင်းလုပ်ငန်းအား မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ ( မြန်မာကျပ်ငွေ)ဖြင့် ထပ်မံခေါ်ယူဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

၁။ တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ - ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနရုံး
၂။ လုပ်ငန်းအဆိုပြုလွှာရောင်းချမည့်ရက် - ၁၁-၉-၂၀၂၂ရက်
၃။ လုပ်ငန်းအဆိုပြုလွှာ ပိတ်မည့်ရက် - ၂၃-၉-၂၀၂၂ရက် ညနေ ၁၆:၃၀နာရီ

အသေးစိတ်သိလိုသော အချက်အလက်များကို ညွှန်ကြားရေးမှူး၊ ကယားပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန၊ ဖုန်း-၀၈၃-၂၂၂၂၈၆၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ကယားပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန**

### တစ်ဦးတည်းဖြစ်ပါကြောင်း

မတ္တရာမြို့နယ်၊ တောင်ပြုံးရွာနေ မောင်ဟိန်းအာကာဖြိုး ၉/မတရ(နိုင်) ၂၃၅၀၆၁ ၏ ဖခင် ဦးညွန့်အေး(ခ) ဦးမြင့်ဆွေ ၉/မတရ(နိုင်) ၀၂၂၄၁၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း

မိတ္ထီလာမြို့နယ်၊ ဖလံကျင်းရွာနေ ဦးမိုးကျော် ၉/မထလ(နိုင်)၀၇၇၉၂၅ ၏သား သိန်းဆင့်(ခ)ဟိန်းမင်းသူ ၉/မထလ(နိုင်)၃၄၉၈၅၄ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8L/7442, Shwe Myanmar L/T, Pick up(4X2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြမြလွင် ၁၂/ဒဂတ(နိုင်)၀၁၉၂၁၈ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၅၊ မြေကွက်အမှတ်-၁၇၄၆၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးအောင်ကျော်မြင့်အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့ကိုဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင်၍ရောင်းချခွင့်ရှိကြောင်းကမ်းလှမ်းလာသူ ဦးကျော်စိုး(၁၂/ဒဂဆ(နိုင်)၀၀၇၇၃၉)ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူကဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေအနက်မှ စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်အေးမြမွန် (LL.B, LL.M)**
**အထက်တန်းရှေ့နေ( စဉ်-၃၄၆၇၉)**
အမှတ်(၆)၊ ၄လွှာ(ယာ)၊ ၁၂၃-လမ်း၊သပြေကုန်းရပ်ကွက်၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၇၉၅၆ ၈၃၃၇၈

### ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ ကန်ဖျားရပ်ကွက်၊ အကွက်အမှတ်၇(ခ)၊ ကန်ဖျားကွင်း၊ ဦးပိုင်အမှတ်(၄၂)၊မြေ ဧရိယာ ၀ ဒသမ ၀၈၁ ဧကရှိမြေကွက်အား မြေငှားဂရန် အမှုတွဲအမှတ် (၄၄/၁၉၉၆-၁၉၉၇) အရ ဒေါ်တင်ဝင်း၊ ဒေါ်အေးအေးမူတို့ အမည်ဖြင့် ပိုင်ဆိုင်ခဲ့ပြီး ၎င်းအမည်ပေါက်သူတို့အနက် ဒေါ်တင်ဝင်းသည် အပျိုကြီးဘဝဖြင့် ၂၃-၁၂-၂၀၁၀ ရက်တွင် ကွယ်လွန်ခဲ့သဖြင့် ပိုင်ဆိုင်ကြောင်း မြွက်ဟကြော်ငြာစာချုပ်အမှတ် ၂၃၉/၂၀၂၀ ဖြင့် ဒေါ်အေးအေးမူမှ မှတ်ပုံတင်ထားပြီး ၂၀-၈-၂၀၀၆ ရက်တွင် မြေငှားဂရန် သက်တမ်းကုန်ဆုံးခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါမြေငှားဂရန်အား (အသစ်)လျှောက်ထားနိုင်ရေး ဒေါ်အေးအေးမူ၆/မအရ(နိုင်)၀၁၀၁၄၅မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လီတွေ်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## နွားထိုးကြီး သမအသင်းစု အမှုဆောင်အဖွဲ့သစ် ရွေးချယ်တင်မြှောက်

**နွားထိုးကြီး စက်တင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် သမဝါယမအသင်းစု၏ ၂၀၁၉/၂၀၂၀ ဘဏ္ဍာနှစ်နှင့် ၂၀၂၀/၂၀၂၁ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်ဒါရိုက်တာသစ် ရွေးချယ်တင်မြှောက်ပွဲအခမ်းအနားကို စက်တင်ဘာ ၈ ရက်က နွားထိုးကြီးသမဝါယမအသင်းစုရုံး၌ သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေနှင့်အညီ ကျင်းပသည်။

အစည်းဝေးသို့ မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဝင်း၊ တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်မှ ဦးဟန်၊ မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သွယ်သွယ်ထွန်း၊ မြို့နယ်သမဝါယမအသင်းစုမှ ဦးကျော်ရွှေတို့က သမဝါယမလုပ်ငန်းများကို အောင်မြင်ရေးဆွေးနွေးမှာကြားကြောင်း သိရသည်။

ဆက်လက်၍ အမှုဆောင်ဒါရိုက်တာသစ် ရွေးချယ်တင်မြှောက်ပွဲကို လျှို့ဝှက်ဆန္ဒမဲစနစ်ဖြင့်ရွေးချယ်ခဲ့ရာ ဥက္ကဋ္ဌ ဦးကျော်ရွှေ၊ အတွင်းရေးမှူး ဦးစိုးဝင်းမြင့်နှင့် ငါးဦးကို အောင်မြင်စွာ ရွေးချယ်နိုင်ကြောင်း သိရသည်။

(၀၁၈)

## မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ-၄၃၀(ဆ)အရ ကင်းလွတ်ခွင့်ပြုပါရန် လျှောက်ထားသည့်အပေါ် ထုတ်ဆင့်သည့်ကြော်ငြာစာ အောင်မြေသာစံခရိုင်တရားရုံးတော် ၂၀၂၂ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၁၄

ရွှေမိုးထူးကုမ္ပဏီလီမိတက်
SHWE MOE HTOO COMPANY LIMITED — လျှောက်ထားသူ
(၎င်းကုမ္ပဏီ၏ကိုယ်စား အထွေထွေ
မန်နေဂျာ-ဒေါ်မေနှင်းအိ)

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ၇၆လမ်းနှင့် ရထားသံလမ်းကြား၊ အမှတ်(၄၀)တွင် ဖွင့်လှစ်ထားသည့် ရွှေမိုးထူးကုမ္ပဏီလီမိတက်၊ SHWE MOE HTOO COMPANY LIMITED(၎င်းကုမ္ပဏီ၏ကိုယ်စား အထွေထွေမန်နေဂျာ-ဒေါ်မေနှင်းအိ)မှ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ Myanmar Companies Online(Myco)စနစ်ဖြင့် နှစ်စဉ်အစီရင်ခံစာ(Annual Return)တင်ပြရန် ပျက်ကွက်ခဲ့၍ ကုမ္ပဏီမှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခဲ့သဖြင့် ပြန်လည်မှတ်ပုံတင်ခွင့်ပြုပါရန် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ -၄၃၀(ဆ)အရ ကင်းလွတ်ခွင့်ပြုပါရန် လျှောက်ထားခြင်းအပေါ် ၂၀၂၂ခုနှစ် အောက်တိုဘာ ၄ရက်(၁၃၈၄ခုနှစ် သီတင်းကျွတ်လဆန်း ၁၀ရက်) နံနက် ၁၀နာရီတွင် ယင်းကုမ္ပဏီနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျလွှဲအပ်ထားသည့် အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ အဆိုပါကင်းလွတ်ခွင့် လျှောက်ထားချက်အား ရသင့်/မသင့်ကို ကြားနာ၍ ကင်းလွတ်ခွင့်ပြု သင့်/မသင့်ကို စီရင်ဆုံးဖြတ်မည်ဖြစ်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာထုတ်ဆင့်လိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ဤရုံးတော်က ဆိုခဲ့သော ရွှေမိုးထူးကုမ္ပဏီလီမိတက် SHWE MOE HTOO COMPANY LIMITED(၎င်းကုမ္ပဏီ၏ကိုယ်စား အထွေထွေမန်နေဂျာ-ဒေါ်မေနှင်းအိ)၏ လျှောက်လွှာအပေါ် စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်း၏အမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်မည်ဖြစ်ကြောင်း ကြေညာစာထုတ်ဆင့်လိုက်သည်။

၂၀၂၂ ခုနှစ် စက်တင်ဘာ ၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သီရိအောင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**အောင်မြေသာစံခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၅၇)ရပ်ကွက်၊ ဦးရွှေမောင်လမ်းကျောကပ်၊ မြေကွက်အမှတ်(၈၇၀)၊ ဒေါ်စန်းအမည်ပေါက် ပါမစ်မြေ အမျိုးအစား ပေ (၄၀' x ၆၀')ရှိ မြေကွက်နှင့်ယင်းမြေပေါ်တွင်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို စာချုပ်အဆက်အစပ်များဖြင့် ရောင်းချပိုင်ခွင့်ရှိသည်ဟု ဒေါ်ခင်မိုးကြူ ၁၂/သခန(နိုင်)၀၈၇၆၂၀ က ဝန်ခံကတိပြုပြောဆိုလာ၍ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် အရောင်းတန်ဖိုးငွေ၏ စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်ပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ကျော်မြင့် (LL.B)** — **ဒေါ်အိအိလင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၁၈၃)** — **အထက်တန်းရှေ့နေ (စဉ်-၅၁၆၄၉)**
**အမှတ်(၄၇၈)၊ ဓမ္မာရုံလမ်း၊ ၄၇ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၂၀၀၅၁၇၈၅၊ ၀၉-၇၆၃၃၉၁၈၃၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ပေါင်းလောင်း-၃၊ မြေကွက်အမှတ် (M-၀၃၉)၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ ဦးထင်ကြွယ် အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်မြင့်မြတ်ဖြိုး ၁၂/ဒဂမ(နိုင်)၀၁၂၀၀၀မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူ ကျမ်းကိုန်ဆိုချက်၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက်၊ ဝန်ခံကတိပြုချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 66W/85323 ယာဉ်လက်ဝယ်ရှိသူ ဦးသီတာထွေး ၅/ရဘန(နိုင်)၁၇၈၇၆၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ကျောက်ဆည်)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/15757 Zong Shen-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဌေးမောင် ၉/မတရ(နိုင်)၀၀၆၆၈၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4F/3745 Dong Feng DFAC, L/T(4x2)L ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မာလွင် ၉/အမရ(နိုင်)၁၄၄၈၉၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါသည်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၂၇လမ်း၊ ၇၂ x ၇၃ကြားနေ ဦးဌေးကျော်စန်း၏ The Union Office ကုမ္ပဏီနာမည်ပေါက် ဖုန်း-၀၂-၂၈၄၈၀၄၆ နှင့် ၀၂-၂၈၄၈၀၄၇၏ Demand Note ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက ခုနစ်ရက်အတွင်း အောက်ပါဖုန်းနံပါတ်သို့ ကန့်ကွက်နိုင်ပါသည်။ **ဦးဌေးကျော်စန်း ဖုန်း-၀၉-၇၉၁၁၂၂၀၁၉**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 25W/96891 Kenbo-125 ယာဉ်လက်ဝယ်ရှိသူ ဦးလှိုင်ရုံမှ (ခ) ကျော်မြင့် ၁/မကတ(ဧည့်)၀၀၀၅၁၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၈/ဒက္ခိဏသီရိအလယ်ရပ်)၊ မြေကွက်အမှတ် (ဒ-၃၀၄၄၉၊ ဒ-၃၀၄၅၁) ၊ မြေဧရိယာ ၀ ဒသမ ၂၉၃ဧကရှိ ဒေါက်တာဥာဏ်သိန်း (ဘ) ဦးလွန်းဟန် ၁၂/ကမတ(နိုင်)၀၁၇၃၁၆ အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါက်တာဥာဏ်သိန်းထံမှ ရန်ကုန်မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ်(၁၂၉၇၄/၂၀၂၂)၊ ၂၇-၇-၂၀၂၂ရရှိထားသူ ဒေါ်စန္ဒာကျော်(ဘ)ဦးကျော်စိန် ၁၂/ဥကမ(နိုင်)၁၀၇၇၂၉ မှ ဦးဒရ်မိန်ဒါရ်ဆင်း (ဘ)ဦးဘမ်ဆင်း(ခ)ခင်မောင် ၁၂/မဂတ(နိုင်)၀၁၄၇၁၃၊ ဒေါ်နွယ်နီလှိုင် (ဘ)ဦးမြင့်သိန်း ၁၂/လကန(နိုင်)၁၃၂၂၀၄ တို့နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AA/8952 Toyota Probox NCP51, Station Wagon(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်စန်းဝင်း ၁၂/မဂဒ(နိုင်)၀၄၅၅၂၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် GG/8055 Toyota Corolla Fielder NZE12, Station Wagon (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးဝင်းသန်း ၁၂/မဂဒ(နိုင်)၁၅၆၁၈၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၁ယ/၃၃၅၇၈ Yamaha-DT-125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမောင် ၉/ငဇန(နိုင်)၀၇၅၂၁၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 44W/37856 Honda Scoopy-110, M/C ယာဉ်လက်ဝယ်ရှိသူ စိန်ရွှေရောင်ပြည့်ကုမ္ပဏီက (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1G/5235 Isuzu NKA81G L/T(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝေဝေညိမ်းသူ ၉/မနမ(နိုင်)၁၀၀၅၆၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1E/3536 TOYOTA MARK II GX110, Saloon (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးစောင်ကွမ်း ၁၃/လရန(နိုင်)၀၅၃၃၇၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၃ယ/၃၉၇၃ ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးခိုင် ၁၀/မလမ(နိုင်)၀၈၂၀၉၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၆၈၃၁၉ ယာဉ်လက်ဝယ်ရှိသူ ဦးရဲလင်းထက် ၁၀/သဖရ(နိုင်)၁၈၅၁၄၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၇ယ/၆၇၃၈၇ ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းဆန်း ၁၀/မဒန(နိုင်)၁၆၃၂၂၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ ဒီပါအေးမြလမ်း၊ မြေကွက်အမှတ်(၁၄၁၄/ခ)၊ မူလအမည်ပေါက် ဦးမြတ်စံမှ လွှဲပြောင်းခံရသူ ဒေါ်စောမြတ်ထွေး အမည်ပေါက် ဂရန်မြေအမျိုးအစား ၊ တရားဝင်မခွဲစိတ်ရသေးသော ပေ(၄၀' x ၆၀')အနက်မှ အကျယ်အဝန်းပေ(၂၀' x ၆၀') ရှိမြေကွက်နှင့် ယင်းမြေပေါ်တွင်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို စာချုပ်အဆက်အစပ်များဖြင့် ရောင်းချပိုင်ခွင့်ရှိသည်ဟု ဦးမင်းလှိုင် ၅/ကဘလ(နိုင်)၁၃၉၂၂၈ ကိုယ်စား ငွေလက်ခံသူ ဒေါ်ဥမ္မာလွင် ၅/ခဥတ(နိုင်)၀၄၉၉၆၇ တို့မှ ဝန်ခံကတိပြုပြောဆိုလာ၍ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် အရောင်းတန်ဖိုးငွေ၏ စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်ပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ကျော်မြင့် (LL.B)** — **ဒေါ်အိအိလင်း (LL.B)** — **ဦးထက်ဖြိုးဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၁၈၃)** — **အထက်တန်းရှေ့နေ (စဉ်-၅၁၆၄၉)** — **အထက်တန်းရှေ့နေ (စဉ်-၅၄၆၅၈)**
**အမှတ်(၄၇၈)၊ ဓမ္မာရုံလမ်း၊ ၄၇ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၂၀၀၅၁၇၈၅**

## အမည်ပြောင်း

ဦးကျော်မင်းလတ် - ဒေါ်ချိုဇင်အိတို့၏သား ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်နေ မောင်အားမာန်ဖြိုးအား ယနေ့မှစ၍ မောင်အားမာန်ဖြိုး(ခ) မောင်သန့်သူရထွန်းဟု ပြောင်းလဲခေါ်ပါရန်။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4E/9178 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5H/4446 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၈ယ/၉၆၇၇၃ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မြင့် ၁၀/ပမန(နိုင်)၂၂၃၄၀၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၀ယ/၉၆၀၀၄ ယာဉ်လက်ဝယ်ရှိသူ ဦးသူရလွင် ၁၀/ပမန(နိုင်)၁၀၇၅၅၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၀ယ/၈၇၆၄၇ ယာဉ်လက်ဝယ်ရှိသူ ဦးကြည်ရအောင် ၁၀/မလမ (နိုင်)၁၆၆၈၅၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1P/3158 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ညောင်ဦးမြို့နယ်၊ ဒဟတ်စီးကျေးရွာနေ မဇင်နွယ်ဖြိုး၏ ဖခင်အမည်မှာ ဦးလွင်(ခ)ဦးမောင်လွင် ၉/ညဥန(နိုင်)၀၆၂၇၀၇ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးလွင်(ခ)ဦးမောင်လွင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မြစ်ကြီးနားမြို့၊ ရွက်လှမြိုင်ရပ်ကွက်၊ အမှတ်(၄၂၇)နေ (ဘ)ဦးကြည်လွင်၏ သမီး မမြတ်ပန်းနွယ် (ခ) မဖြိုးဟေမာဟန် ၁/မကန(နိုင်)၁၈၈၀၆၀ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မမြတ်ပန်းနွယ်(ခ)မဖြိုးဟေမာဟန်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မြစ်ကြီးနားမြို့၊ အမှတ်(၁၈၆)၊ မြို့သစ်ကြီးရပ်ကွက်နေ ဒေါ်အေးအေးမြင့်၏ ဖခင်အမည်မှာ ဦးမြင့်ဆန်း (ခ) ဦးမြင့်စန်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးမြင့်စန်း(ခ)ဦးမြင့်ဆန်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်ဆည်မြို့၊ ပင်တလည်ကျေးရွာနေ မယမုံဖူး၏မိခင်အမည်မှာ ဒေါ်ခင်သီတာတင် (ခ) ဒေါ်သီတာ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်ခင်သီတာတင်(ခ)ဒေါ်သီတာ**

## ဖခင်အမည်မှန်

တပ်ကုန်းမြို့၊ အထက(၁)၊ ဒသမတန်း (SE1) မှ မမိုးပပလှိုင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းဇော် ၇/သကန(နိုင်)၁၁၁၈၂၆ ဖြစ်ပါကြောင်း။

**ဦးဝင်းဇော်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရေနံချောင်းမြို့၊ ရွှေကြာငုံရပ်ကွက်၊ ဒေါ်ခင်ရတနာသိမ့်၏ ဖခင်အမည်မှာ ဦးဘိုးမောင်(ခ)ဦးဇော်ဝင်း ၈/ရနခ(နိုင်)၁၄၀၉၆၇ သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၊ မြေကွက်အမှတ်-၅၀၉၊ ဦးမောင်မြ+ဦးတင်အောင်အမည်ပေါက် အကျယ်အဝန်း (၂၅' x ၅၀') အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော (ခေါင်းရင်းဘက်ခြမ်း)၊ အကျယ်အဝန်း (၁၂ ၁/၂' x ၅၀')ဟုခေါ်တွင်သော နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အမှတ်-၃၇/က၊ သီရိရတနာလမ်း၊ ဝါဆိုရပ်ကွက်၊ ဒေါပုံမြို့နယ်ဟုခေါ်တွင်သော မြေနှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးမြင့်စိုး ၁၂/မဂတ(နိုင်)၀၇၈၄၃၁ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့မှစ၍ ၁၄ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်း မပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငြိမ်းချမ်းစုရည် (LL.B, D.B.L, D.I.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်-၅၈၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/53265 TVS(DA 22)110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုနိုင် ၉/အမဇ(နိုင်)၀၀၂၅၆၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1S/2603 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းမင်းလတ် ၁၀/ပမန(နိုင်)၁၆၃၉၈၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6K/7827 ယာဉ်လက်ဝယ်ရှိသူ ဦးအာကာထက်ဦးသွင် ၁၀/ဘလန(နိုင်)၁၃၃၂၀၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်းနှင့် ခင်ပွန်းအဖြစ်မှ မသက်ဆိုင်တော့ကြောင်း

မန္တလေးမြို့၊ ပုသိမ်ကြီးမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်နေ ဒေါ်ဌေး၏သား ဦးမြတ်သူ ၉/ပသက(နိုင်)၁၀၀၅၂၆ သည် မိခင်၏ ဆိုဆုံးမမှုကိုမနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်သောကြောင့် ဤကြော်ငြာသည့်ရက်မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် မဆွေဆွေအောင်၏ခင်ပွန်းအဖြစ်မှလည်း မသက်ဆိုင်တော့ပါကြောင်း။ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြော်ငြာအပ်ပါသည်။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**ဒေါ်ဌေး၊**
**မဆွေဆွေအောင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပခုက္ကူမြို့နယ်၊ ညောင်ပင်လှအုပ်စု၊ ပုတီးတွင်းရွာနေ မနှင်းအိလှိုင်၏ ဖခင်အမည်မှာ ဦးဗိုလ်အေး (ခ) ဦးဘိုအေးသည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးဗိုလ်အေး(ခ)ဦးဘိုအေး**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 35W/40069 Jialing 90-1 ယာဉ်လက်ဝယ်ရှိသူ ထက်နေခြည်ကုမ္ပဏီ ၂၉x၈၀x၈၁ကြား၊ ချမ်းအေးသာစံမြို့နယ်က ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## သွေးသည် အသက်

## ကန့်ကွက်နိုင်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့နယ်၊ မင်းကျောင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်နှင့်အမည် (၂၈၁၀)(သူဇာတိုးချဲ့ကွက်သစ်)၊ ဦးပိုင်အမှတ်(၆၀၇)၊ ဧရိယာ ၀ ဒသမ ၁၈၄ ဧကရှိမြေကို ဦးခင်မောင်မြင့် အမည်ဖြင့် ၁၃-၁၂-၂၀၀၁မှ ၁၂-၁၂-၂၀၃၁ ထိ(၃၀)နှစ်မြေငှားဂရန်ရရှိထားပြီး အဆိုပါမြေငှားဂရန်မှာ အသိမ်းလွန်ပျောက်ဆုံးနေသဖြင့် မြေငှားဂရန်မိတ္တူမှန် ပြန်လည်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ဤကြေညာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကျွန်တော်ဦးခင်မောင်မြင့်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာလိုက်ပါသည်။

**ဦးခင်မောင်မြင့် (ဘ) ဦးသန်းဝေ**
**၅/ရဘန(နိုင်)၀၁၂၃၃၈**
**အမှတ်(၆)ရပ်ကွက်၊ ရွှေဘိုမြို့**
**ဖုန်း-၀၉-၂၀၂၉၅၈၁**

၂၀၂၃ခုနှစ်ဇန်နဝါရီလ ၄ ရက်နေ့ဟာ ကျွန်တော်တို့နိုင်ငံရဲ့ စိန်ရတုလွတ်လပ်ရေးနေ့ ဖြစ်ပါတယ်။ ဒါ့ကြောင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းစေဖို့အတွက် ဆက်လက်အလေးထားဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ်သတ်မှတ်ထားရှိခဲ့တာနဲ့အညီ ငြိမ်းချမ်းရေးကို လက်တွေ့ကျကျအကောင်အထည်ဖော်နိုင်ဖို့ လိုအပ်တဲ့အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ ခေါင်းဆောင်တွေကို ကိုယ်တိုင်ကိုယ်ကျ တွေ့ဆုံဆွေးနွေးနိုင်ဖို့ ဖိတ်ခေါ်ကမ်းလှမ်းခဲ့ပြီး တွေ့ဆုံဆွေးနွေးမှုတွေ ဆောင်ရွက်လျက်ရှိပါတယ်။ တွေ့ဆုံဆွေးနွေးမှုတွေမှာ ဒေသနဲ့ တိုင်းပြည်အတွက် ကောင်းမွန်တဲ့ ရလဒ်ကောင်းတွေရရှိခဲ့တဲ့အတွက် ကျန်ရှိနေသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေအနေနဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ ပါဝင်လာပါက နိုင်ငံရဲ့အနာဂတ်နိုင်ငံရေးဟာ ပြည့်စုံကောင်းမွန်လာမှာ ဖြစ်ပါတယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်နှင့် ၆လ (၁၈ လ)ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

၁-၈-၂၀၂၂

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက် လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ကော့သောင်းမြို့၌ မဖြစ်မနေ နှာခေါင်းစည်းတပ်ဆင်ကြရေး ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်



ကော့သောင်း စက်တင်ဘာ ၁၀

ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်းအိုမီခရွန်ရောဂါ ယခုရက်ပိုင်းအတွင်း ပြည်တွင်းကူးစက်မှုအဖြစ် အစုလိုက် ကူးစက်မှုပြန်လည်ဖြစ်ပွားလာနေကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ကူးစက်မှုထိန်းချုပ်နိုင်ရေးခရိုင်နှင့်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ကြီးကြပ်မှုဖြင့် လမ်းထွက်သွားလာနေကြသူများအား ပါးစပ်နှာခေါင်းစည်းများ လိုက်လံဝေငှတပ်ဆင်ပေးသည့် နှာခေါင်းစည်းလှုပ်ရှားမှုတစ်ရပ်ကို ကော့သောင်းမြို့ အဏ္ဏဝါရပ်ကွက် မြို့မဈေးရှေ့၌ ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ကော့သောင်းမြို့အနေဖြင့် ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်းအိုမီခရွန်ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများအား ကဏ္ဍစုံမှ လှုပ်ရှားဆောင်ရွက်လျက်ရှိရာ မြို့နေပြည်သူများ လမ်းပေါ်ထွက်ပါကနှာခေါင်းစည်းများ တပ်ဆင်ကြရေး ကျယ်ကျယ်ပြန့်ပြန့် အသိပေးထားပြီးဖြစ်ပြီး ပြည်သူအများစု နှာခေါင်းစည်း တပ်ဆင်ကြသော်လည်း စည်းကမ်းမလိုက်နာသူ ပြည်သူတချို့ကြောင့် ရောဂါကူးစက်မှု ထိန်းချုပ်နိုင်ရေး

စာမျက်နှာ ၂၃ ကော်လံ ၅ ❑

**ယနေ့ သတင်းအညွှန်း**

**ကမ္ဘာကြီးရဲ့ ကူညီမှုကို မျှော်လင့်နေတဲ့ သဘာဝကပ်ဘေးအဆိုးမသတ်ခဲ့တဲ့ ပါကစ္စတန်**



နိုင်ငံတကာရေးရာ စာ - ၁၃

**ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၆၂ ဦး အနက် ၂၄၃ ဦးမှာ ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများဖြစ်**

ပြည်တွင်းသတင်း စာ - ၁၅

# စပီဇီယာကို ခက်ခက်ခဲခဲယှဉ်ပြိုင်ကစားခဲ့ပြီး အဖိုးတန် သုံးမှတ်ရယူနိုင်ခဲ့သည့် နာပိုလီ

အီတလီစီးရီးအေပွဲစဉ် (၆) မှ နာပိုလီအသင်းနှင့် စပီဇီယာအသင်းတို့ပွဲစဉ်ကို စက်တင်ဘာ ၁၀ ရက် ညပိုင်းက နာပိုလီအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ နာပိုလီအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ပြီးခဲ့သည့်ချန်ပီယံလိဂ်အဖွင့်ပွဲစဉ်တွင် အင်္ဂလန်နာမည်ကြီး လီဗာပူးအသင်းကို ဂိုးပြတ်အနိုင်ယူထားသည့် နာပိုလီအသင်းသည် ယခုပွဲစဉ်တွင် စပီဇီယာအသင်းကို ခက်ခက်ခဲခဲယှဉ်ပြိုင်ကစားခဲ့ရပြီး ပွဲချိန်ပြည့်ခါနီးတွင် ရရှိခဲ့သော ရက်စ်ပန်ဒို၏ သွင်းဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

နာပိုလီအသင်းသည် ယခုပွဲစဉ်တွင် တိုက်စစ်ခြေစွမ်းပြသကာ စပီဇီယာအသင်းဘက်သို့ ဂိုးကန်သွင်းခွင့် ၂၈ ကြိမ်အထိ ပြုလုပ်နိုင်ခဲ့သော်လည်း ပြိုင်ဘက်အသင်း ခံစစ်နှင့် ဂိုးသမားတို့ အကောင်းဆုံး

စာမျက်နှာ ၂၃ ကော်လံ ၅ ❍



နာပိုလီအသင်း ဂိုးသွင်းအပြီး အောင်ပွဲခံနေစဉ်။